စိတ်ကူးချိုချိုအနုပညာ

# ဒဂုန်တာရာ

အနုပညာနှင့်စာပေသဘောတရား၊ ဂီတဝေဖန်ရေး

# စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ်



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

အနုပညာနှင့်စာပေသဘောတရား၊ ဂီတဝေဖန်ရေး



ISBN 9789997113047
DGT12
9 789997 113047
4,000.00KS

mgyoe.com

စာလုံးဆေးစက်၊စောင်းကြိုးနှင့်ကဗ္ဗိပါကားလိပ်၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - လင်းဝဏ္ဏ
စာမျက်နှာ ၃၂၇+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၄ အကယ်ဒမီစာပေတိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၄ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ်

## ဒဂုန်တာရာ

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

– စာရေးဆရာ၏အမှာ (က)

(၁) အနုပညာနှင့် စာပေသဘောတရား

၁။ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၏ အဓိပ္ပာယ် ၁

၂။ စာပေသဘောတရား ရှိသလား ၃

၃။ ပင်စည်ပင်မ အခြေခံဟူသော စီးပွားရေး ၄

၄။ ကုန်ထုတ်လုပ်ရေးနှင့် အနုပညာ ၆

၅။ လူ၊ လုပ်အား၊ ဘာသာစကားနှင့် စာပေ ၈

၆။ ဦးနှောက်နှင့်လက် ဆက်သွယ်မှု၊ လုပ်အားနှင့် စာပေ ၁၁

၇။ လူ့အသိစိတ်၊ လူ့အဖွဲ့အစည်းနှင့် စာပေ ၁၅

၈။ စာပေနှင့် ဘောဂဗေဒ ၁၉

(၂) ဂီတဝေဖန်ရေး

၁။ ယနေ့ မြန်မာ့ဂီတ ၂၃

၂။ ခံစားမှုနှင့် ဂီတအနုပညာ ၂၆

၃။ ပိတောက်ရွှေဝါနှင့် ဒေစီ ၃၀

၄။ ဂီတဗေဒနှင့် အမျိုးသားလွတ်မြောက်ရေး ၃၃

၅။ ဘဝ၊ ခံစားမှုနှင့်ဂီတ ၃၇

mgyoe.com

mgyoe.com

၆။ ဂီတပုစ္ဆာတစ်ခု ၄၀
၇။ ဇမ္ဗူကျွန်းလုံးမှ မေ့ကွက်ကိုရှာသို့ ၄၃

(၃) ပန်းချီဝေဖန်ရေး
၁။ ယနေ့ အမျိုးသားယဉ်ကျေးမှု ပြဿနာ ၄၈
၂။ ၁၉၅၈ ပန်းချီပြပွဲ ၅၇
၃။ ၁၉၅၉.ပန်းချီပြပွဲ ၆၀
၄။ ယနေ့ မြန်မာပန်းချီဘယ်လဲ ၆၉
၅။ တိုးတက် အနုပညာသစ် ၈၂
၆။ အလှရှာတော်ပုံ ၈၇

(၄) ရုပ်ရှင်နှင့်ပြဇာတ် ဝေဖန်ရေး
၁။ ဝက်ပါနှင့် မဟာမြိုင်မှ ဖလင်ကော်ပြား ၉၂
၂။ သူပုန်စစ်ဗိုလ်၊ လူထုပညာရေးမှုနှင့် စာရေးဆရာ ၁၀၀
၃။ ကြားနေဝါဒနှင့် အမေရိကန်ရုပ်ရှင် ၁၀၆
၄။ အဘိဓမ္မာမဲ့ အလင်းရောင်ဖြင့် ခြယ်ရေးခြင်း ၁၁၄
၅။ သဲကန္တာရထဲမှ ပွင့်သစ်များ ၁၁၇
၆။ အင်ကြင်းနီနီ ၁၂၀
၇။ ပက်လက်ကုလားထိုင် ဝေဖန်ရေးမှ
မြက်ခြောက်နံ့သင်းသော ဖျာပရိသတ်သို့ ၁၃၁

(၅) ယဉ်ကျေးမှုရေးရာ ရှုခင်းများ
၁။ ကံ့ကော်သင်းပြန်တော့ ၁၃၆
၂။ ကျောက်ရိုင်းတုံးမှ ပတ္တမြား ၁၄၄
၃။ ဝတ်လစ်စားလစ် လမ်းမကြီး ၁၄၈
၄။ နိုင်ငံရေးသမားနှင့် စာရေးဆရာ ၁၅၂
၅။ စာပေနှင့် ပြည်သူ ၁၅၆
၆။ သဇင်သင်းပျံ့တော့ ၁၆၁

mgyoe.com

mgyoe.com


၇။ ပညာတတ် ပြဿနာ ၁၆၆

၈။ စာရေးဆရာ က၊ ခ ပြဿနာ ၁၇၁

၉။ ဂီတနှင့် စိတ်အင်အား ၁၇၈

(၆) စာပေရုပ်ပုံလွှာ ကားချပ်များ

၁။ သခင်ကိုယ်တော်မှိုင်းနှင့်အတူ နေခဲ့ရသောရက်များ ၁၈၂

၂။ ဂေါ်ကီ (၁၈၆၈–၁၉၃၆) ၁၉၃

၃။ အိလျာဘာရင်ဘတ် (၁၈၉၀–၆၇) ၂၀၁

၄။ အနုပညာအလှဘုရား ပီကာဆို ၂၁၁

(၇) စာပေသမိုင်း မှတ်တမ်း

၁။ တာရာမဂ္ဂဇင်း၏ နိဂုံး ၂၂၀

၂။ စာပေသစ်၏ ဆည်းဆာရောင် ၂၅၀

(၈) ကဗျာရေးရာပြဿနာများ

၁။ ယနေ့ကဗျာဘယ်လဲ ၂၇၂

၂။ နှလုံးသား၏ လျှို့ဝှက်အစီရင်ခံစာ ၂၇၇

၃။ မုဆိုးစိုင်သင် ကဗျာရှင် ၂၇၉

(၉) စာပေသိပ္ပံ

၁။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာပေအနုပညာ (ဝါ) မှိုင်းဗေဒ ၂၈၂

(၁၀) စာပေရေးရာ အမှာများ

၁။ ရာဇဝင်ဝတ္ထုအပေါ် ၂၈၆

၂။ ပန်းဈေးခင်း ၂၉၈

၃။ မိုးဦးရွက်သစ် ၃၀၁

၄။ ကိုပင်ဟောင်းမှ ကဗျာဆရာ ၃၀၅

၅။ သံတိုင်ကိုမှီရင်း ၃၁၁


mgyoe.com

mgyoe.com

၆။ ကြည်အေး၏ မြန္မာ့ဝတ္ထု ၃၁၃
၇။ အလံနီ၊ အလံပြာ ၃၁၆

(၁၁) အောက်မေ့တသခြင်း

၁။ နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည် ၃၂၂

❒

mgyoe.com

mgyoe.com



# စာရေးသူ၏အမှာ

## (က)

ယခု စာအုပ်မှာ ၁၉၅၁ မှ ၁၉၇၃ အထိ ၂၂ နှစ်ကျော် ဖြတ်သန်းထားသော ခေတ်ကာလအတွင်းက ရေးသားခဲ့သော အနုပညာနှင့် စာပေရေးရာ ဝေဖန်စာများ၊ သဘောတရားရေးရာ ဆောင်းပါးများကို စုပေါင်းထားသော ဆောင်းပါးပေါင်းချုပ် ဖြစ်ပေသည်။ ဆောင်းပါးအားလုံး ၅၄ ပုဒ် ပါသည့်အနက် ၁၀ ပုဒ်သာလျှင် ၁၉၆၀ မတိုင်မီက ရေးခဲ့သည်များဖြစ်၍ ကျန်ဆောင်းပါး ၄၄ ပုဒ်မှာ ၁၉၆၇ သည်ဘက်၊ ကျွန်တော် ထောင်ကလွတ်လာပြီးနောက်တွင်မှ ရေးသော ဆောင်းပါးများဖြစ်ကြသည်ကို တွေ့ရပေမည်။

၁၉၆၇ က စာမျက်နှာ ၇၄၄ ရှိသော "စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု" အမည်ရှိ စာပေရေးရာဆောင်းပါးများ စုထားသည့်စာအုပ် ထွက်ခဲ့သည်။ ၁၉၇၁ စာမျက်နှာ ၅၀၉ ရှိသော အယ်ဒီတာစားပွဲ၊ စာပေ၊ အနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်အိုအမည်ရှိ စာအုပ်ထွက်ခဲ့သည်။ ယင်းစာအုပ်တွင်ကား တာရာမဂ္ဂဇင်းတွင် ကျွန်တော် အယ်ဒီတာအဖြစ်ရေးခဲ့သော ခေါင်းကြီးမှအစ၊ အနုပညာနှင့်စာပေ ဝေဖန်ရေးစာများ ပါဝင်သည်။ ယခုစာအုပ်တွင် ကျန်နေသေးသော ကျွန်တော်၏အနုပညာနှင့် စာပေရေးရာ ဝေဖန်စာများ အကုန်ထည့်သွင်းမည်ဟူ၍ မှန်းထားခဲ့သည်။ သို့သော် တကယ်

mgyoe.com

mgyoe.com



စာအုပ်ရိုက်နှိပ်စီစဉ်လိုက်သောအခါ စက္ကူအခက်အခဲကြောင့် ဆောင်းပါး များစွာ ကျန်ရစ်ခဲ့တော့သည်။ စာမျက်နှာလည်း ယခင်စာအုပ်များလောက် မထူနိုင်ခဲ့တော့။ ပထမ အခန်းကြီး ၁၂ ခန်း ပါဝင်ရန် စီစဉ်ထားသော်လည်း "စာအုပ်စစ်တမ်း" ဟူသော အခန်း မပါနိုင်တော့ပေ။ ယင်းစာအုပ်စစ်တမ်းမှာ စာအုပ်ဝေဖန်ချက်များ ဖော်ပြရန်ဖြစ်သည်။ စာပေရေးရာအမှာများ အခန်းတွင်လည်း အမှာစာတော်တော်များများ ချန်ထားခဲ့ရသည်။ "စာပေရေစီးကြောင်း" ဟူသော အခန်းလည်း မပါနိုင်တော့။ ယဉ်ကျေးမှုရှုခင်းများအခန်းတွင် ဆောင်းပါး အချို့ ချန်ထားခဲ့ရသည်။ ရုပ်ရှင်နှင့် ပြဇာတ်ဝေဖန်ရေး အခန်းတွင်လည်း ရှုထောင့်ဂျာနယ်တွင် အပတ်စဉ်ရေးခဲ့သော "ယနေ့ မြန်မာရုပ်ရှင်ဘယ်လဲ" ဟူသော ဆောင်းပါးရှည်ကြီး ချန်ခဲ့ရသည်။ မြန်မာဂီတနိဒါန်းလည်း မပါနိုင်တော့။ စာပေခေတ်များကိုသရုပ်ဖော်ထားသော၊ ရှည်လျားသော "ယနေ့ မြန်မာစာပေ" ဆောင်းပါးလည်း မပါနိုင်တော့။

သို့ဖြစ်ရာ နောက်တစ်အုပ်၊ သို့မဟုတ် ဒုတိယတွဲတွင်သာလျှင် ကျန်ရစ်ခဲ့သော အနုပညာနှင့် စာပေဝေဖန်ရေး ဆောင်းပါးစုများ ထည့်သွင်းပါဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

## (ခ)

ယင်း ကျွန်တော်၏ အနုပညာနှင့် စာပေရေးရာ ဝေဖန်ချက်ဆောင်းပါးများဖတ်လျှင် ဆောင်းပါးဖော်ပြသော နှစ်ကာလရက်စွဲကို သတိပြုရန် လိုပေလိမ့်မည်။ ယင်းသည် အရေးကြီးပေသည်။ ၁၉၅၁ ပတ်ဝန်းကျင်ကရေးသော ဝေဖန်စာများတွင် အမျိုးသားရေး (ဝါ) နယ်ချဲ့ဆန့်ကျင်ရေး စူးရှနေသည်ကို လည်းကောင်း၊ စာပေတွင် နိုင်ငံရေးဝါဒမပါရ။ အနုပညာသည် အနုပညာအတွက် အယူအဆကို ဖောင်းပေးတိုက်ထားသည်ကိုလည်းကောင်း တွေ့ရပေလိမ့်မည်။

လွတ်လပ်ရေးရပြီး အစကာလက နိုင်ငံရေး အာဏာရယူထားသော ဓနရှင်လူတန်းစား ကိုယ်စားလှယ်၊ လက်ယာ ဆိုရှယ်လစ်များ

mgyoe.com

mgyoe.com



သည် နယ်ချဲ့သမားနှင့် ပလူးသည်။ ဓနရှင်ဝါဒသမား ပညာရှင်တစ်စု က အနုပညာသက်သက်ဟူသော အယူအဆ တင်လာသည်ကို စာပေသစ်သမားများက ခုခံကြရသည်။

ယင်းသို့လျှင် ဝေဖန်ရေးမည်သည် သူ့ခေတ်၏ နိုင်ငံရေး အခြေအနေအလိုက် အပျော့အမာ (ဝေဖန်ရေး ဇောင်းပေးပုံ၊ အသံ ဟန်ပန်) နည်းပရိယာယ်ခန်း ရှိကြရပေသည်။

အမျိုးသား ယဉ်ကျေးမှုဟူသော အယူအဆပင်လျှင် အမျိုးသား လွတ်မြောက်ရေး တော်လှန်ရေး၏အဆင့်အလိုက် ရွေ့လျားကွဲပြား ပေသည်။ အမျိုးသားယဉ်ကျေးမှုဟူ၍ သုံးနှုန်းခေါ်ဝေါ်သော်လည်း အမှန်အားဖြင့် ယဉ်ကျေးမှုမည်သည် အုပ်စိုးသောလူတန်းစားကသာ ပိုင်စိုးထားပေသည်။ မြေရှင်ပဒေသရာဇ်ခေတ်၌ မြေရှင် ပဒေသရာဇ် ယဉ်ကျေးမှု ဓနရှင်ခေတ်၌ ဓနရှင်ယဉ်ကျေးမှု။ ယင်းသို့ အုပ်စိုးသူ လူတန်းစားကသာ ပိုင်စိုးထားပေသည်။ မြေရှင်ပဒေသရာဇ်ခေတ်၌ မြေရှင်ပဒေသရာဇ် ယဉ်ကျေးမှု၊ ဓနရှင်ခေတ်၌ ဓနရှင်ယဉ်ကျေးမှု၊ ယင်းသို့ အုပ်စိုးသူလူတန်းစားက ပဒေသရာဇ်ယဉ်ကျေးမှု၊ ဓနရှင် ယဉ်ကျေးမှုများ (အမျိုးသားယဉ်ကျေးမှုဟု ခေါ်ထားစေကာမူ) ထူထောင်ထားစဉ်ကပင် အဖိနှိပ်ခံပြည်သူကလည်း ပြည်သူ့ယဉ်ကျေးမှု ထူထောင်လျက်ပင် ရှိနေပေသည်။ ယဉ်ကျေးမှု လှုပ်ရှားမှုအပြိုင် ရှိနေ ပေသည်။ တောကျေးလက် လူထု အနုပညာ၊ ယဉ်ကျေးမှု၊ စာပေသစ် ပြည်သူ့စာပေ။

လူတန်းစား ဖိနှိပ်မှုကင်းပြီး လုပ်သားလူတန်းစားက အာဏာ ရပြီး အမျိုးသားများ လုံးဝလွတ်မြောက်ပြီး အမျိုးသားပြည်သူတို့ ကိုယ်တိုင် ဖန်တီးသောခေတ်ရောက်မှသာလျှင် ပစ္စည်းမဲ့ယဉ်ကျေးမှုကြီး သည်လည်း တကယ်တမ်း ပေါ်ထွန်းဆန်းသစ်လာရပေလိမ့်မည်။ ယင်းအမျိုးသားယဉ်ကျေးမှု သဘောတရားဖြင့် ကျွန်တော်၏ ဝေဖန်စာ များကို သမိုင်းခေတ်အဆင့်ဆင့်အလိုက် အဓိပ္ပာယ်ကောက်စေလို ပေသည်။

mgyoe.com

mgyoe.com



(၈)

ဝေဖန်ရေးဆောင်းပါးများ စုထုတ်လိုက်သဖြင့် အခြေအနေများအရ မလွှဲမရှောင်သာသုံးခဲ့ရသော အခြား ကလောင်ဂုဏ်များလည်း ပေါ်လာရသည်။ ဟန်ပန် လေသံ ကွဲပြားသော်လည်း ကျွန်တော်၏ အခြေခံ အယူအဆကား မပြောင်းပေ။

ချစ်စွာသော စာပေမွေ့သူတို့သည် အနှစ် ၂၀ ကျော် ဖြတ်သန်းလာခဲ့သော စာပေဝေဖန်ရေးသမားတစ်ဦး၏ ဝေဖန်ရေးအသံအနိမ့်အမြင့် စီးဆင်းပုံကို ထိတွေ့ခံစားစေသတည်း။

ဒဂုန်တာရာ

mgyoe.com

mgyoe.com

# (၁) အနုပညာနှင့် စာပေသဘောတရား

**၁။ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၏ အဓိပ္ပာယ်**

"အခု ကျွန်တော်တို့သုံးနှုန်းနေတဲ့ စကားလုံးတွေရှိတယ်။ စာပေရယ်၊ အနုပညာရယ်၊ ယဉ်ကျေးမှုရယ်၊ ဟုတ်တယ် ဟုတ်လား။ အဲဒါစာပေဟာလည်း အနုပညာထဲ မပါဘူးလား။ တစ်ခါ ယဉ်ကျေးမှု ဆိုတာကကော။ စာပေတို့၊ ဘာတို့ကိုပဲ ပြောတာပဲ မဟုတ်လား။ ဒါ မေးရတာ အခြားကြောင့် မဟုတ်ဘူး။ ပဒေသရာဇ်စာပေတို့ အရင်းရှင်ယဉ်ကျေးမှုတို့၊ ဆိုရှယ်လစ် အနုပညာတို့ ဘာညာဆိုတာတွေကို စိတ်ဝင်စားတယ်လေ"ဟု ကျွန်တော်၏မိတ်ဆွေက မေးလိုက်သည်။

"ဒီလိုဆိုရင် စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဆိုတဲ့ စကားလုံး အဓိပ္ပာယ်၊ ဝေါဟာရ ဆိုပါတော့။ အဲဒီ ဝေါဟာရသဘော သိချင်နေတာလား။ ဒါမှမဟုတ် အဲဒီ ခင်ဗျားပြောတဲ့ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စသည်တို့ရဲ့ သဘောတရားကို သိချင်တာလား"

"ဟော...ထပ်ဆင့် မေးနေပြန်ပြီ။ ခင်ဗျား မေးလိုက်တော့မှ နည်းနည်းတောင် ကိုယ့်ကိုယ်ကိုယ် ရှင်းအောင် လုပ်ရမလိုဖြစ်နေပြီ။ မပြုံးနဲ့လေ။ သိချင်တာကတော့ အဓိပ္ပာယ်ပဲ။ ဒါပေမဲ့ ဝေါဟာရသက်သက်အကြောင်းတော့ မဟုတ်ဘူး။ နေပါဦး၊ ဒီစာပေတို့၊ အနုပညာတို့မှာသဘောတရားဆိုတာ ရှိသေးလို့လား"

"ဘယ့်နှယ် မရှိရမှာလဲ၊ ရှိတာပေါ့။ ခင်ဗျားက နိုင်ငံရေးမှာသာ သဘောတရား ရှိတယ် အောက်မေ့လို့လား၊ နိုင်ငံရေးသဘောတရားလို့ရှိသလို စာပေသဘောတရားလည်း ရှိတာပေါ့။ ဝေါဟာရဆိုတာလည်း အရေးတော့ကြီးတယ်။ ဝေါဟာရဗေဒရယ်လို့ ပညာရပ် တစ်ရပ်တောင် ရှိတဲ့ဟာပဲ။ ဒါပေမဲ့ ဝေါဟာရအကြောင်းတော့ နည်းနည်းပဲ ပြောမှာ၊ လွယ်လွယ်ပဲ အသုံးအနှုန်းဆိုပါတော့။ အသုံးအနှုန်းတိကျမှ ပီသမှ သဘောတရားကို

mgyoe.com

ဆက်ပြောလို့ရမှာ။ အဲဒီလောက်သာ ဝေါဟာရသဘောကို နားလည်ထားဖို့ လိုတာပါ"

"ဟုတ်ပါတယ်။ ကျွန်တော်က ဝေါဟာရ ဗေဒတွေ၊ ဘာတွေ စိတ်မဝင်စားပါဘူး"

"ဟုတ်ပြီ၊ ကျွန်တော်လည်း ဝေါဟာရဗေဒတွေ၊ ဘာတွေ နားလည်တဲ့ကောင်မဟုတ်ပါဘူး။ စာပေအကြောင်းလေး၊ ဘာလေးသာ ခင်ဗျားနဲ့ နားလည်မှုချင်း ညှိကြည့်ချင်တာပါ။ တကယ်က ခင်ဗျားမေးတာ ဟုတ်တယ်။ အနုပညာထဲမှာ စာပေလည်း တစ်ခုအဖြစ် ပါတယ်။ အနုပညာဆိုတာက ခြုံပြီး ခေါ်လိုက်တာကို။ အနုပညာဆိုတဲ့ ပညာရပ်ထဲမှာ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ အက စသည်တို့ ပါကြတယ်။ ဒါပေမဲ့ သုံးနှုန်းတဲ့နေရာမှာကတော့ စာပေနှင့် အနုပညာ စသည်ဖြင့် ခွဲသုံးလေ့ရှိကြတယ်။ ဒါက စာပေရဲ့ အခန်းကဏ္ဍကို ဖော်ချင်တဲ့သဘောနဲ့ တူတယ်။ ဒို့ပြင် နိုင်ငံတွေမှာလည်း ဒီလိုပဲ ခွဲသုံးတာ တွေ့ရတယ်။ အနုပညာလို့ သုံးရင် ပန်းချီလို့တောင် အဓိပ္ပာယ်ထွက်တာရှိတယ်"

"တစ်ခါ စာပေနဲ့ အနုပညာ တွဲဖက်ပြီး စာပေအနုပညာလို့ သုံးတာ ကျွန်တော်တွေ့ဖူးတာလားလို့"

"ဟုတ်တယ်၊ အဲဒီလို စာပေအနုပညာလို့သုံးတာ ရှိပါတယ်။ ဒါက စာပေရေးသားရာမှာ ဖွဲ့နွဲ့သီကုံးမှု အတတ်ပညာ သဘောအဓိပ္ပာယ်ကို စာပေအနုပညာ ရယ်လို့ သုံးနှုန်းလိုက်တာပါ။ အဓိပ္ပာယ်ကတော့ အတတ်ပညာသဘောကို ပြောလိုတာပါ။ စကားလုံး ရွေးချယ်ပုံတွေ၊ အသံစီးဆင်းပုံ၊ ကာရန်ယူပုံ၊ စာကြောင်းအထားအသို စသည်တို့ကို ဆိုလိုတာပါ။ ဂီတ အနုပညာ၊ ပန်းချီအနုပညာ၊ အကအနုပညာ စသည်ဖြင့် သုံးသလို စာပေအနုပညာလို့ သုံးခြင်းမျိုးပါပဲ။ ဒါတွေက အသုံးအနှုန်းကို ပြောတာနော်"

"ဟုတ်ပြီ၊ ယဉ်ကျေးမှုဆိုတာကကော"

"ဒါကတော့ ခြုံပြီး ယေဘုယျခေါ်တဲ့ ဝေါဟာရ၊ ကျယ်ကျယ်ပြန့်ပြန့်သုံးတဲ့ ဝေါဟာရ၊ ယဉ်ကျေးမှုထဲမှာက စာပေတို့၊ အနုပညာတို့အပြင် ဓလေ့၊ ထုံးစံ၊ ပြောဟန်ဆိုဟန်၊ အမူအရာ စသည်တွေလည်း ပါတယ်ဗျ။ စာပေ၊ အနုပညာအကြောင်း တိတိကျကျပြောရင် ယဉ်ကျေးမှုဆိုတဲ့စကားလုံး သိပ်မပါတတ်ဘူး။ ဥပမာ ယဉ်ကျေးမှု အခြေအနေလို့သုံးရင် စာဖတ်တတ်သူ ဘယ်လောက်ရှိတယ်။ အ,သုံးလုံး စာသင်ကျောင်းက ဘယ်လောက်ရှိတယ်။ ရုပ်ရှင်ရုံက ဘယ်လောက် စသည် စသည်တို့ ပါတောင်ပါတယ်။ အဲဒီလို ကျယ်ကျယ်ပြန့်ပြန့် သုံးနှုန်းတယ်"

"ယဉ်ကျေးမှုဆိုတဲ့ အဓိပ္ပာယ်က"

"စကားအဓိပ္ပာယ်ရင်းက ပြုစုပျိုးထောင်ခြင်းလို့ ရတယ်၊ ယဉ်ကျေးတယ်ဆိုတာ

mgyoe.com

ရိုင်းရာက အရိုင်းအကြမ်းက ယဉ်လာအောင် လုပ်တဲ့သဘော၊ ပြုစုပျိုးထောင်မှုနဲ့ အရိုင်းအကြမ်းကနေ ယဉ်လာအောင်၊ နုလာအောင်လုပ်တဲ့သဘော၊ စကားလုံးရဲ့ အဓိပ္ပာယ်ကို ခဏထားလိုက်ဦး။ သုံးနှုန်းပုံမှာ ခင်ဗျားနဲ့ ကျွန်တော်နဲ့ နားလည်ကြရင် အဓိပ္ပာယ်ဖွင့်တာတို့၊ သဘောတရားတို့ကို ဆက်ဆွေးနွေးနိုင်တာပေါ့"

(ရှုဒေါင့်ဂျာနယ် ၁-၂-၇၁)

၂။ စာပေသဘောတရား ရှိသလား

"စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စတဲ့ ဝေါဟာရသုံးနှုန်းမှုကိုတော့ ကွဲကွဲပြားပြား သိစပြုလာပြီ ဆိုပါတော့။ ဒါပေမဲ့ ခင်ဗျားပြောသလို စာပေသဘောတရားကိုတော့ သိချင်လာတယ်။ အထူးသဖြင့် စာပေဆိုပါတော့။ သည့်ပြင် အနုပညာတွေလည်း မသိချင်ဘူးတော့ မဟုတ်ဘူး။ သိချင်တယ်။ ဒါပေမဲ့ စာပေဆိုတာကတော့ အမြဲတမ်း ထိတွေ့နေရဖတ်နေရတော့ စိတ်အဝင်စားဆုံးလို့ ဆိုနိုင်ပါတယ်။ စကားလုံးနောက်မှာ အဘိဓမ္မာရှိသလား" ဟု ကျွန်တော့်မိတ်ဆွေက မေးလိုက်သည်။

"စကားလုံးနောက်မှာ အဘိဓမ္မာရှိသလားဆိုတာ တယ်ကောင်းတဲ့ မေးခွန်းလေးဗျ"

"ကျွန်တော် သူများပြောတာ ကြားဖူးတာနဲ့ ကောက်မေးလိုက်တာပါ။ ကြီးကျယ်တယ်လို့တော့ မအောက်မေ့ပါနဲ့နော်"

"မအောက်မေ့ပါဘူး၊ သဘောတရား အကြောင်းပြောရင် သူနဲ့ဆိုင်တဲ့ဝေါဟာရစကားလုံးတွေလည်း ပါလာတတ်တာပေါ့။ ဘာသာစကားဆိုတာကိုက လူအချင်းချင်းဆက်သွယ်တဲ့နေရာမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့ အမှတ်အသားကိုး။ သူ့ရင်ထဲမှာရှိတာကို ဖွင့်ဟပြောပြဖို့ရာ စကားပေါ်လာရတာ မဟုတ်လား။ ဒါ့ကြောင့်လူ့ဘဝအကြောင်း ပါလာမယ်။ အဲဒီတော့ စကားလုံးနောက်ကလည်း အဘိဓမ္မာ ပါလာရမှာပေါ့။ အဘိဓမ္မာဆိုတာ လူ့ဘဝက ပေါက်ဖွားလာရတာကိုးဗျ"

"ဒါဖြင့် ဘဝနဲ့ စာပေက ဆက်နေတာပေါ့ ဟုတ်လား"

"သိပ်ဆက်တာပေါ့။ ဘယ်ခွဲလို့ရပါ့မလဲ၊ စာပေဆိုတာ စကားလုံးနဲ့ ဖွဲ့စည်းထားတာ မဟုတ်ဘူးလား။ ခုနက ကျွန်တော်ပြောသလို စကားလုံးဆိုတာ လူအချင်းချင်းဆက်ဆံဖို့ရာအတွက် ဖြစ်ပေါ်လာရတာကိုးဗျ။ အဲဒီတော့ စကားလုံးဟာ လူမှုဆက်ဆံရေးတစ်ခုလုံးနဲ့ ဆိုင်နေတယ်။ တစ်နည်းပြောရရင် စကားလုံးဟာ ဘာသာစကားသိုးစွဲမှု၊

ရေးသားမှုတွေဟာ လူမှုဆက်ဆံရေးလုပ်ငန်းတစ်ခုလို့တောင် ဆိုနိုင်တယ်"

"ဒါကြောင့် စာပေသဘောတရားရယ်လို့ ရှိလာရတာလား"

"ပညာရပ် တစ်ခုရယ်လို့ ဖြစ်လာရင် သူ့ရဲ့ ဖွဲ့စည်းထားတဲ့စနစ်ဟာတော့ ရှိရမှာပေါ့။ စာပေ၊ အနုပညာဆိုတာ သေးငယ်တဲ့ပညာရပ်မှ မဟုတ်ဘဲ၊ လူ့ယဉ်ကျေးမှု စတင်ကတည်းက အတူပါလာတဲ့ ပညာရပ်တွေပဲဟာ။ သူ့သဘောတရားနဲ့သူ ရှိရမှာပေါ့"

"စာပေ သဘောတရားသက်သက်လို့ ဆိုနိုင်ပါ့မလား"

"ခုနက ပြောသလို စကားသုံးစွဲမှု၊ ရေးသားမှုကိုက လူမှုဆက်ဆံရေးလုပ်ငန်း တစ်ရပ်ဖြစ်နေတယ်ဆိုတော့ လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ သဘောတရားထဲမှာ အကျုံးဝင်နေတယ်လို့ ဆိုရလိမ့်မယ် ထင်တယ်။ ဥပမာဗျာ၊ ပင်စည်ပင်မကနေပြီး အကိုင်းအခက်တွေ ဖြာထွက်တယ်ဆိုရင် အကိုင်းအခက်က သတ်သတ်၊ ပင်စည်ပင်မက သတ်သတ် ခွဲခြားပြီး ထားလို့ မရသလိုပေါ့။ အဲဒီပင်မနဲ့ သူ့အကိုင်းအခက် သဘောတရားအရ စာပေ၊ အနုပညာ စသည်တို့ကို မြင်ဖို့ လိုလိမ့်မယ် ထင်တယ်"

"ဘယ်ဟာက ပင်မ၊ ဘယ်ဟာက အကိုင်းအခက်လဲ။ နည်းနည်းတော့ ရှုပ်လာပြီဗျ"

"ခုရှုပ်မှ နောင်ရှင်းတယ် မဟုတ်လား၊ ရှုပ်လာတာတွေကို ရှင်းရဖို့လည်း သဘောတရားတို့၊ အဘိဓမ္မာတို့ဆိုတာ ပေါ်လာရတာ။ ပင်မ အခြေခံကတော့ လူ့စားဝတ်နေရေး ဖြစ်တဲ့ စီးပွားရေးပဲဗျ။ အကိုင်းအခက်ကတော့ စာပေတို့၊ အနုပညာတို့ပေါ့။ အကိုင်းအခက်ထဲမှာ ဒီ့ပြင်ဟာတွေလည်း ပါတာပေါ့။ ဥပဒေရေး၊ အဘိဓမ္မာရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လူ့ကျင့်ဝတ်ရေး စသည်တွေလည်း ပါတာပေါ့။ ဒါတွေကတော့ ထားလိုက်။ ကျွန်တော်တို့ မဆွေးနွေးကြဘူး။ စာပေ၊ အနုပညာနဲ့ ပတ်သက်တဲ့ သဘောတရားပဲ ပြောကြမှာ၊ အထူးသဖြင့် စာပေသဘောတရားပေါ့ဗျာ၊ ဟုတ်ပြီလား"

"အဲဒီလိုဆိုတော့ ရှင်းတယ်လေ။ ပင်စည်၊ ပင်မ အခြေခံနဲ့ သူက ဖြာထွက်တဲ့ အကိုင်းအခက် သဘောတရားကို ရှင်းပြီ။ ရှုပ်လာရင်တော့ ထပ်မေးရဦးမှာပေါ့"

(ရှုဒေါင့်ဂျာနယ် ၁-၂-၇၁)

### ၃။ ပင်စည်ပင်မ အခြေခံဟူသော စီးပွားရေး

"ပင်စည်ပင်မ အခြေခံနဲ့ သူကဖြာထွက်တဲ့ အကိုင်းအခက် သဘောတရား အကြောင်းတော့ ကြားရပြီ။ သဘောပေါက်ပြီလို့တော့ မပြောချင်သေးဘူးဗျာ။ ဘာဖြစ်

mgyoe.com

mgyoe.com

လို့လဲဆိုတော့ ပင်စည်ပင်မ အခြေခံဆိုတာက စီးပွားရေး၊ သူက ဖြာထွက်တဲ့ အကိုင်းအခက်ဆိုတာက နိုင်ငံရေး၊ အဘိဓမ္မာရေး၊ ဘာညာပေါ့ဗျာ။ အဲဒီထဲမှာ စာပေ၊ အနုပညာဆိုတဲ့ယဉ်ကျေးမှု။ အဲဒီလို မှတ်သားထားမိရုံပဲ။ ဒီလို စကားလုံးအတိုင်း ပြန်ပြောတတ်ရုံနဲ့ သဘောပေါက်ပြီလို့ မဆိုနိုင်သေးဘူးဗျ။ ဟုတ်တယ် မဟုတ်လား။ အဲဒီတော့ ဘယ်လိုဘယ်ပုံ ပင်စည်ပင်မ အခြေခံက အကိုင်းအခက်တွေ ဖြာထွက်လာတယ်ဆိုတာတော့ သိချင်နေသေးတယ်ဗျာ။ ကတ်တယ်လို့ မထင်ပါနဲ့" ဟု ကျွန်တော်၏မိတ်ဆွေက မေးလိုက်သည်။

"ကတ်တယ်လို့ မယူဆပါဘူး။ ခင်ဗျား မေးပုံ၊ စူးစမ်းပုံ သဘာဝကျပါတယ်။ သဘောတရား စာအုပ်တွေထဲမှာပါတဲ့ စကားလုံးအတိုင်း ပြန်ရွတ်ပြတတ်တာက တကယ့်အသိမှမဟုတ်ဘဲ။ မှတ်သိ၊ ကျက်သိ၊ သညာသိပဲဟာ။ တကယ် ကိုယ်တိုင်လက်တွေ့ကို ကျင့်သုံးတွေ့ကြုံပြီး သိရတာကမှ အသိလို့ ခေါ်ရမှာကိုးဗျ။ အဲဒီတော့ ခင်ဗျား သဘောပေါက်ချင်နေတာ ကောင်းပါတယ်။ အဲဒီ ပင်စည်ပင်မ အခြေခံက နေပြီး သူ့အကိုင်း၊ အခက်တွေ ဖြာကျလာတယ်ဆိုတဲ့ သဘောတရားမှာက..."

"နေဦးဗျ၊ အဲဒီ အကိုင်း၊ အခက်တွေမှာ အဘိဓမ္မာရေး၊ နိုင်ငံရေးတွေပါတယ် မဟုတ်လား။ အဲဒီအထဲမှာ နိုင်ငံရေးဆိုတာကကော..."

"နေဦးဗျ၊ နိုင်ငံရေးအကြောင်း မမေးနဲ့။ ကျွန်တော် သိပ်မပြောချင်ဘူး"

"ဒါဖြင့် စာပေဆိုတာက သတ်သတ်လား၊ နိုင်ငံရေးမပါတဲ့ စာပေသဘောတရားလား"

"နေဦးလေဗျာ၊ လောမကြီးပါနဲ့ဦးလေ။ ကျွန်တော် နိုင်ငံရေးအကြောင်း မပြောချင်သေးဘူး။ စာပေဆိုတာ သတ်သတ်လား၊ နိုင်ငံရေးမပါတဲ့ စာပေသဘောတရားလားဆိုတာလည်း မမေးနဲ့ဦး။ သို့သော်လည်း နိုင်ငံရေးဆိုတဲ့ အဓိပ္ပာယ်ကိုတော့ ရှင်းပြထားရလိမ့်မယ်။ နိုင်ငံရေးအကြောင်း မဟုတ်ဘူးနော်။ နိုင်ငံရေးဆိုတဲ့ "ဝေါဟာရ" ရဲ့ အဓိပ္ပာယ်။ နိုင်ငံရေးဆိုတာက လူစုလူဝေးနဲ့ စီးပွားရေး တောင်းဆိုလှုပ်ရှားတဲ့ လူထုလှုပ်ရှားမှုလို့ အဓိပ္ပာယ်ရတယ်"

"ဒါဖြင့် လူထုလှုပ်ရှားမှုမရှိရင် နိုင်ငံရေး မရှိဘူးလို့ ဆိုရမှာလား"

"ကဲ...နိုင်ငံရေးအကြောင်း မပြောကြပါနဲ့ဆိုမှ၊ ဒါတွေ ထားလိုက်ပါလေ။ ကျွန်တော်တို့ ဆွေးနွေးကြမှာက ပင်စည်ပင်မ အခြေခံအကြောင်း မဟုတ်လား"

"ဟုတ်ပါတယ်။ ပင်စည်ပင်မအကြောင်း သိမှ သူက ဖြာထွက်တဲ့ အကိုင်းအခက်

mgyoe.com

အကြောင်း ရိုပ်မိမှာ မဟုတ်လား”

“ဟုတ်ပါတယ်။ ခင်ဗျား စဉ်းစားပုံ သဘာဝကျပါတယ်။ ပင်စည်ပင်မ အခြေခံ အကြောင်းဆိုတော့ စီးပွားရေးအကြောင်းပေါ့။ စီးပွားရေးဆိုလို့ ဝေါဟာရတစ်ခုတော့ ထည့်ပြောဦးမှဗျ။ စီးပွားရေးကို ပညာရပ်တစ်ရပ်အနေနဲ့ ဘောဂဗေဒလို့ ခေါ်ထားတာ ရှိတယ်။ အဲဒီမှာ လူမှုရေးသိပ္ပံပညာရပ် တစ်ရပ်အနေနဲ့က နိုင်ငံရေး ဘောဂဗေဒပညာ ဆိုတာ ရှိတယ်”

“ခင်ဗျားဟာ နိုင်ငံရေး ပါလာပြန်ပြီ။ ခုနက မပြောဘူးဆိုပြီး ဟား... ဟား”

“ဝေါဟာရအနေနဲ့သာ သုံးတာပါဗျာ၊ သဘောတရားအကြောင်း ပြောကြမယ် ဆိုတော့ ပါသွားတာပေါ့။ သည်းခံပါ။ အဲဒီတော့ စီးပွားရေးအကြောင်း ပြောကြရင် ခုန ကပြောတဲ့ နိုင်ငံရေး ဘောဂဗေဒ သဘောတရားတော့ နည်းနည်းပါးပါး ပါချင်ပါမယ်။ စီးပွားရေးဆိုတာကတော့ လူရဲ့ စားဝတ်နေရေးပဲဗျ”

“ဒါဖြင့် ရှင်းသားပဲ”

“ရှင်းပါတယ်။ လူဟာ စားဝတ်နေရေးကို လုပ်နေရတယ်။ ဒါကို စီးပွားရေး ဘဝလို့ ခေါ်ရင်လည်း ရပါတယ်။ တစ်နည်းအားဖြင့် စီးပွားရေးဆိုတာ လူ့အလို ဖြည့်ရေး လို့လည်း ဆိုနိုင်တယ်။ စားဖို့၊ ဝတ်ဖို့၊ နေဖို့ဆိုတာ လူ့အလိုတွေပဲ။ ရုပ် အလိုတွေပေါ့”

“ဟာ... ရုပ်အလို၊ ရုပ်၊ ဘာညာဆိုတာ၊ အဘိဓမ္မာစကားလုံးတွေ ပါလာပြန်ပြီ ဗျာ”

“သဘောတရားရေး ပြောရင်တော့ နည်းနည်းတော့ သည်းခံရလိမ့်မယ်။ အဲဒါကို နိုင်ငံရေး ဘောဂဗေဒ ဝေါဟာရနဲ့ကတော့ ရုပ်ပစ္စည်း ကုန်ထုတ်လုပ်ရေးလို့ ခေါ်ကြတယ် ဗျ”

“ဟာ... ကုန်ထုတ်လုပ်ရေးတို့ ဘာတို့ပါလာပြန်ပြီလား”

“ဒါက စစ်မဖြစ်ခင် နဂါးနီခေတ်ကတည်းက သုံးလာတဲ့ဝေါဟာရပဲ။ ခုမှ ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ စီးပွားရေးအကြောင်းပြောရင်တော့ ကုန်ထုတ်လုပ်ရေး အကြောင်းပြောမှဖြစ်မှာ”

(ရှုဒေါင့်ဂျာနယ် ၁–၃–၇၁)

## ၄။ ကုန်ထုတ်လုပ်ရေးနှင့် အနုပညာ

“နေစမ်းပါဦးဗျ။ ကျွန်တော် သိချင်နေတာက စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊

mgyoe.com

အခု ခင်ဗျားပြောနေတာက ကုန်ထုတ်လုပ်ရေးတို့၊ နိုင်ငံရေး ဘောဂဗေဒတို့ ဝေးမနေဘူးလား။ ကျွန်တော်က စာပေနဲ့ နိုင်ငံရေး မဆိုင်ဘူးလို့ ပြောချင်တာ မဟုတ်ပါဘူး။ စာပေသက်သက်၊ အနုပညာသက်သက်ကို ပြောချင်တာလည်း မဟုတ်သေးပါဘူး။ စာပေဟာ နိုင်ငံရေးရဲ့ ထင်ဟပ်ချက်ဆိုတာကို အကြွမ်းအားဖြင့်တော့ လက်ခံထားချင်ပါတယ်။ ဒါပေမဲ့ တကယ်ဆိုတော့ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဆိုတာကို ဂဃနဏ မသိသေးတော့ အခုနကပြောတဲ့ ကုန်ထုတ်လုပ်ရေးတို့၊ ဘာတို့ ပါလာတော့ ရုပ်ပစ္စည်း ထုတ်လုပ်ရေးလို့တောင် ပြောသေးတယ်။ နည်းနည်း အနုပညာနဲ့ဝေးသွားမှာ၊ ဘေးရောက်သွားမှာ စိုးရိမ်လို့ပါ" ဟု ကျွန်တော်၏မိတ်ဆွေက ပြောလိုက်သည်။

"ကျွန်တော် ပြောပါပကော၊ အကိုင်းအခက်ဟာ အခြေခံ ပင်စည်ပင်မက ဖြာထွက်လာတော့ ပင်စည်ပင်မ သဘောပေါက်ရင် အကိုင်းအခက် သဘောပေါက်ဖို့ မခက်တော့ဘူး မဟုတ်လား။ ဒါကြောင့် အခြေခံတွေအကြောင်း ဆွေးနွေးနေကြရတာ။ သိပ်လည်း အလျင်မလိုပါနဲ့ဦးလေ။ ကျွန်တော်တို့တစ်တွေဟာ အတွေးအခေါ်ရင့်သန်အောင် လေ့ကျင့်တဲ့အခါမှာ အခြေခံကို သိပ်မကိုင်ချင်ကြဘူးဗျ။ ကျွန်တော့်သဘောက အခြေခံက အရေးအကြီးဆုံးလို့ ထင်တယ်။ အခြေခံမှာ ခိုင်မှ၊ ပိုင်ပိုင်နိုင်နိုင် တကယ်သိမှ နားလည်မှာ၊ ဟုတ်တယ်မဟုတ်လား။ ခြေခြေမြစ်မြစ်လိုက်ကြရင် မကောင်းဘူးလား"

"ဒါဖြင့် ကုန်ထုတ်လုပ်ရေးနဲ့ စာပေနဲ့ ဘယ်လိုဆိုင်တာလဲ"

"စောစောက ကျွန်တော်တို့က ပင်စည်ပင်မ အခြေခံ စီးပွားရေးစနစ်လို့ ပြောခဲ့ကြတယ် မဟုတ်လား။ စားဝတ်နေရေးဟာ စီးပွားရေးလို့ ပြောခဲ့ကြတယ် မဟုတ်လား။ ကုန်ထုတ်လုပ်ရေးဆိုတာ အဲဒီ စားဝတ်နေရေးအတွက် ထုတ်လုပ်ရတာကို နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဝေါဟာရအနေနဲ့ ရုပ်ပစ္စည်းထုတ်လုပ်ရေးတစ်နည်း အတိုကတော့ ကုန်ထုတ်လုပ်ရေးလို့ ခေါ်ကြတာကိုး။ ရုပ်အလိုကျ ထုတ်လုပ်ကြတယ်ပေါ့ဗျာ။ စားဖို့၊ ဝတ်ဖို့၊ နေဖို့ဆိုတာတွေဟာ ရုပ်အလိုတွေပဲပေါ့။ ထမင်း၊ အဝတ်၊ အိမ်ပေါ့ဗျာ။ လောကမှာ အဲဒါတွေနဲ့ ကင်းတာရှိလို့လား"

"နေဦးဗျ၊ ခင်ဗျားက ရုပ်အလို၊ ရုပ်ပစ္စည်းအကြောင်း တယ်ပြောတာပဲ။ ရုပ်ပစ္စည်းထုတ်လုပ်ရေး ဘာညာနဲ့၊ နေပါဦး။ ရုပ်အလိုဆိုတာရှိရင် စိတ်အလိုဆိုတာကော ရှိသေးလို့လား"

"ခင်ဗျား မေးပုံတော့ သိပ်ကြိုက်သွားပြီဗျို့။ စိတ်အလိုအကြောင်း ပြောချင်လို့ ရုပ်အလိုအကြောင်း၊ ရုပ်ပစ္စည်းအကြောင်း အစချီနေရတာ။ ခင်ဗျားက မေးလိုက်တော့

အတော်ပဲ။ ရုပ်နဲ့စိတ်ဟာ ဒွန်တွဲနေတဲ့ဟာပဲ မဟုတ်လား။ ရုပ်ရှိရင် စိတ်ရှိရမှာပေါ့"

"နေပါဦးဗျ၊ ရုပ်နဲ့စိတ်ဟာ ဘယ်ဟာ အဓိကလဲ"

"အဲဒါတွေ မမေးနဲ့လေ၊ ဒါ ပြောနေရရင် စာပေ၊ အနုပညာ ဘယ် တော်တော်နဲ့ ရောက်တော့မှာလဲဗျ။ ရုပ်အလိုရှိသလို စိတ်အလိုလည်း ရှိတာပေါ့။ စာပေအနုပညာစတဲ့ ယဉ်ကျေးမှုခံစားခြင်းဟာ စိတ်အလိုအရ ဖြစ်တာတွေပေါ့ဗျာ။ အကြမ်းဖျင်းသဘောပါ။ နောက်မှ စိတ်အလိုအကြောင်း ပြောကြရအောင်ပါ။ အဲဒီစားဝတ်နေရေးအတွက် ရုပ်ပစ္စည်း ဖြစ်တဲ့ ထမင်း၊ လုံချည်၊ အင်္ကျီ၊ နေအိမ်တွေ ဖြစ်လာအောင် ထုတ်လုပ်တဲ့ ကုန်ထုတ်လုပ် ရေးမှာ အရေးအကြီးဆုံးကတော့ လုပ်အားပဲဗျ။ လုပ်အားကြောင့် လူရယ်လို့ ဖြစ်လာတာ"

"ဘယ့်နဲ့ လုပ်အားကြောင့်လဲ၊ ရှုပ်လာပြီဗျာ"

"တိရစ္ဆာန်နဲ့လူ၊ တစ်နည်းပြောရရင် တောရိုင်းသားကောင်နဲ့ ယဉ်ကျေးတဲ့ လူလို့ ခေါ်ရတဲ့လူ၊ ကွဲပြားခြားနားပြီး တိုးတက်လာရတာ။ တိရစ္ဆာန် (မျောက် ဆိုပါတော့) မှာ လုပ်အား မရှိဘူး။ လူက လုပ်အားရှိတယ်။ ထုတ်လုပ်တတ်တယ်။ ဒါကြောင့် လူရယ်လို့ ဖြစ်လာရတာ"

"ဟာ...ခင်ဗျားဟာက ကမ္ဘာဦးကျမ်း အစကိုင်တော့မှာပါလား"

"မဟုတ်ပါဘူး။ လုပ်အားအကြောင်း ပြောချင်တာပါ။ လုပ်အားကြောင့် ကုန်ထုတ်လုပ်အား ဖြစ်လာရတာ။ ရုပ်ပစ္စည်း ထုတ်လုပ်ရင်းနဲ့ စိတ်အလိုကြောင့် အနုပညာ ဖြစ်လာရတာကိုးဗျ။ ဒါကြောင့် လုပ်အားအကြောင်း စကားစရတာပါ။ လူပေါ်စက လုပ်အားကြောင့် မျောက်လူဝံထက် တိုးတက်တဲ့ လူရယ်လို့ ဖြစ်လာရတာလို့ ပြောချင်လို့ပါ။ ဒါမှ လူနဲ့ အနုပညာနဲ့ ဆက်လို့ရမှာပေါ့"

(ပြည်သူ့ကြယ် ၁–၃–၇၂)

## ၅။ လူ၊ လုပ်အား၊ ဘာသာစကားနှင့် စာပေ

"ကျွန်တော် သိချင်နေတာက စာပေ၊ ခင်ဗျားက လုပ်အားအကြောင်းချည်း ပြောနေဗျာ။ ဝတ္ထုတို့၊ ကဗျာတို့က နေ့တိုင်း ဖတ်နေရတာ။ ဒီတော့ လုပ်ပါဦး။ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအကြောင်း မြန်မြန်ရောက်အောင် လုပ်ကြရအောင်ပါ" ဟု ကျွန်တော်၏ စာပေမိတ်ဆွေက လောနေသည်။

"လူသားတို့ရဲ့ ယဉ်ကျေးမှုကြီး တစ်ရပ်လုံးဟာ လူ့လုပ်အားကြောင့် ဖြစ်ပေါ် လာရတာ။ အဲသလောက် အရေးကြီးတာ ဘယ်မှာရှိမလဲ၊ ဒါကြောင့် လုပ်အားအကြောင်းကို

mgyoe.com

mgyoe.com

မပြောလို့ကို မရဘူးဗျ။ ဒါကြောင့် ထပ်တလဲလဲလုပ်အားရဲ့ အရေးကြီး အရာရောက်ပုံကို ပြောမိတာပါဗျာ"

"သလောက်ကို အရေးကြီးနေတာကိုနော်၊ ကျွန်တော်က လုပ်အားဆိုတာ စားဝတ်နေရေး ရုပ်ပစ္စည်းတွေကို ထုတ်လုပ်ရတာဟာ လုပ်အားဆိုတာ နားလည်ပါတယ်လေ။ စီးပွားရေးလုပ်ငန်းဟာ အခြေခံဆိုတာကို မပယ်ပါဘူး။ ဒါပေမဲ့ စာပေ၊ အနုပညာမှာ ဘယ်လိုလုပ်အားက အရေးပါလာတယ်ဆိုတာသာ သိပ်သဘောမပေါက်သေးတာကိုး"

"ဒီလိုလေဗျာ၊ တိရစ္ဆာန်လောကနဲ့ လူသားလောက ခြားနားကွဲပြားချက်ဟာ လုပ်အားပဲလို့ ပြောရမယ်ဗျ။ စာပေဆိုတာ လူသား တစ်နည်းပြောရရင် ယဉ်ကျေးတဲ့ လူသားက ပိုင်တာ မဟုတ်လား။ အဲဒီတော့ ယဉ်ကျေးတဲ့ လူသားရယ်လို့ ဖြစ်ပေါ်လာပုံဟာ သိဖို့လိုလိမ့်မယ်ဗျ။ လူက ခြေနှစ်ဖက်နဲ့ထောက်ပြီး ရပ်နိုင်တယ်။ လေးဖက်ထောက်သွားတဲ့ သတ္တဝါ မဟုတ်ဘူးဗျ"

"အဲဒါ အရေးကြီးသလား၊ လူဝံလည်း လူလိုပဲ ခြေနှစ်ဖက် ထောက်နိုင် တာပဲဟာ"

"ဟုတ်ပြီလေ၊ လူဟာ လူဝံ (မျောက်) က အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာတယ် ဆိုတဲ့ သိပ္ပံသဘောတရား ရှိတယ်လေ။ ဒါ ထားပါဦးလေ၊ အဲဒီတော့ လူက လက်နှစ်ဖက်ကို အသုံးပြုလို့ရတာဟာ အရေးကြီးတယ်။ လက်နှစ်ဖက်နဲ့ လက်နက်ကိရိယာ တန်ဆာပလာကို ကိုင်တွယ်ပြီး အသုံးချတတ်လာတယ်။ နောက် တစ်ဆင့်တက်ပြီး လက်နက်ကိရိယာ တန်ဆာပလာ လုပ်တတ်လာတယ်ဗျာ"

"မျောက်တို့၊ လူဝံတို့လည်း ကျောက်တုံးတို့၊ သစ်ကိုင်း၊ တုတ်တို့၊ ဘာတို့ကို မကိုင်တွယ်တတ်ဘူးလားဗျာ"

"ကိုင်တွယ်တတ်ပါတယ်၊ ဟို ရှေးကျောက်ခေတ်လို့ခေါ်တဲ့ အစောဆုံးခေတ်က လူဟာ ကျောက်ကိုပဲ လက်နက်ကိရိယာ တန်ဆာပလာအဖြစ် အသုံးပြုကြတာပဲ မဟုတ်လား။ ကျောက်ကို လက်နှစ်ဖက်နဲ့ကိုင်ပြီး ချွန်အောင်သွေးတယ်ဗျာ။ အဲသလို လက်နက်ကိရိယာကို ကိုင်တွယ်တတ်တာ၊ လက်နက်ကိရိယာကို လုပ်တတ်လာတာဟာ လုပ်အား အစ ကုန်ထုတ်လုပ်ငန်း အစပဲဗျ။ လုပ်အားကိုသုံးရင်း၊ လုပ်ရင်းနဲ့ကို လက်နှစ်ဖက်နဲ့ ကိုင်တွယ်တတ်မှု၊ လက်နက်ကိရိယာ တန်ဆာပလာလုပ်တတ်မှုဟာ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းဟာ တိုးတက်လာရတာကိုဗျ"

"ဒါဖြင့် စားဝတ်နေရေးဆိုတဲ့ စီးပွားရေးလုပ်ငန်းဟာ လက်နှစ်ဖက်နဲ့ လက်နက် ကိရိယာတန်ဆာပလာ ကိုင်တွယ်သုံးစွဲတတ်ခြင်းကြောင့် တိုးတက်ဖွံ့ဖြိုးလာရတယ်ပေါ့"

mgyoe.com

 mgyoe.com 

"ဟုတ်တယ်လေ၊ အဲဒါ လုပ်အားထုတ်လုပ်မှု တိုးတက်လာခြင်းလို့လည်း ပြောလို့ရတယ်။ လယ်ယာကို ထွန်ယက်စိုက်ပျိုးတတ်လာတယ်ဗျာ။ ဒါတွေဟာ သဘာဝကို ယဉ်ပါးလာအောင်လုပ်ခြင်းပဲ။ အရိုင်းကနေ အယဉ်ဖြစ်လာအောင် လုပ်ခြင်းပေါ့ဗျာ။ လယ်ယာစိုက်ပျိုးခြင်းကို လက်တင်ဘာသာမှာ မြေကို ယဉ်ပါးအောင်လုပ်သော အတတ်ပညာလို့ အဓိပ္ပာယ်ရတဲ့ စကားလုံးနဲ့ ခေါ်တယ်။ ဝါးခုတ်ပြီး တဲထိုးတတ်လာတယ်ဗျာ။ ချည်စိုက် ဝါငင်ပြီး ရက်တတ်လာတယ်ဗျာ။ ဒါတွေဟာ လူ့ယဉ်ကျေးမှုအစပဲမဟုတ်လား။ အဲဒါတွေဟာ နှစ်ပေါင်း ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်းများစွာ အဆင့်ဆင့် တိုးတက်ဖွံ့ဖြိုးလာရင်းနဲ့ ယနေ့ လကိုသွားတဲ့အထိ လူယဉ်ကျေးမှုအဆင့်တက်လာရတာ ကိုးဗျ။ အဲဒါတွေရဲ့ မောင်းနှင်ရေးအားဟာ လုပ်အားပဲပေါ့"

"ဒါကြောင့် ခင်ဗျားက လုပ်အားက ချီနေတာကိုး"

"ဟုတ်တယ်လေ၊ အရင်တစ်နေ့ကပြောသလို စားဝတ်နေရေး ရုပ်အလိုကြောင့် ကုန်ထုတ်လုပ်အားဟာ တိုးတက်ကျယ်ပြန့်လာတယ်။ အဲဒီလုပ်အားကြောင့်ပဲ သဘာဝ အပေါ် လူက ယဉ်ပါးအောင် ပြုပြင်ကွပ်ကဲလာရင်းနဲ့ လူရဲ့အသိစိတ်ဟာလည်း ဖွံ့ဖြိုး တိုးတက်လာတယ်လေ"

"ဘာလဲဗျ၊ လူ့အသိစိတ်ဆိုတာ ခင်ဗျားဟာက တိုးတိုးလာပြန်ပြီ။ ရုပ်ကုန်တော့ မှာပဲ"

"မရုပ်ပါဘူး။ အရိုးဆုံးဟာတွေအကြောင်း ပြောနေကြတာပဲလို့။ အာရုံ သိဗျာ။ မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယကတစ်ဆင့် ခံစားရတဲ့အာရုံ အသိတွေလေ။ မိမိရဲ့ ပတ်ဝန်းကျင်က မြင်ရတာ၊ ကြားရတာ၊ အနံ့ရတာ၊ စားရတာ၊ ထိတွေ့ရတာတွေဟာ အာရုံသိ၊ ပတ်ဝန်းကျင် ထွေပြားလာသလောက် အာရုံအသိ တွေလည်း ထွေပြားလာတယ် မဟုတ်လား။ အဲဒီ အာရုံသိနဲ့လုပ်အားနဲ့ ပေါင်းလိုက်တော့ အသိတွေဟာ ပိုပြီး ကျယ်ပြန့် ထွေပြားလာနေရော မဟုတ်လားဗျာ။ လုပ်အားနဲ့ လက်နက်ကိရိယာ တန်ဆာပလာ ကိုင်တွယ်နည်းတွေ၊ ကုန်ထုတ်လုပ်နည်းတွေဟာလည်း ခေတ်အဆက်ဆက် အဆင့်ဆင့် တစ်လက်ကတစ်လက် ပြန့်ပွားကူးလူးပြီး တိုးတက်ဖွံ့ဖြိုးလာလေ၊ လူ့အသိဟာလည်း တိုးတက်ဖွံ့ဖြိုးလာလေ မဟုတ်ဘူးလားဗျာ။ လူမှာက အဲဒီအာရုံခံစားမှုတွေမှာ တုံ့ပြန်တတ် တဲ့၊ ပြန်ကြား မှတ်သားတတ်တဲ့ သတ္တိရှိတယ်ဗျ။ အာရုံခံစားကြောင်း အချက်ပြလိုက်တာ ဆိုပါတော့"

"ဟာ…ဘာတွေလဲဗျာ၊ တုံ့ပြန်တတ်တာ၊ ပြန်ကြား မှတ်သားတတ်တာ၊ အချက်ပြ

mgyoe.com

တာ၊ ရှုပ်လာပြန်ပြီ"

"မရှုပ်ပါဘူး။ အလင်းရောင်စူးစူးကြီးမြင်ရင် မျက်စိကျိန်းနေတယ်ဗျာ။ မျက်လုံးပိတ်တယ်ဗျာ။ အနံ့ဆိုးရင် နှာခေါင်းရှုံ့တယ်ဗျာ။ အဲဒါတွေက အပြင်ပ ရုပ်ဝတ္ထုတွေကို အာရုံခံစားရာမှ တုံ့ပြန်တာတွေလေဗျ။ အချက်ပြတာတွေပေါ့။ မဆန်းပါဘူး။ ဒါကို တုံ့ပြန်မှု၊ ပြန်ကြားမှတ်သားမှုလို့ ခေါ်တာကိုး။ အဲဒီ အာရုံသိ အတွေ့အကြုံ၊ လုပ်အားအတွေ့အကြုံတွေ၊ ကုန်ထုတ်လုပ်မှု အတွေ့အကြုံ (ဝါ) ဘဝအတွေ့အကြုံတွေဟာ လူရဲ့ဦးနှောက်ထဲမှာ (စိတ်ထဲမှာလို့လည်း ပြောရင်ရတယ်)။ ထင်ဟပ်နေတယ်၊ လူက ထင်ဟပ်ထားတတ်တယ်ဆိုပါတော့။ သိုလှောင်မှတ်သားထားတယ်ဆိုပါတော့။ အကျိုးအကြောင်းဆက်စပ်စဉ်းစားတတ်တယ်။ အဲဒါတွေကို အတွေးအခေါ်ပဲလို့ ခေါ်ကြပါစို့ဗျာ။ အဲဒီအတွေ့အကြုံတွေ၊ ထင်ဟပ်ချက်တွေကို တစ်ဖန် တိရစ္ဆာန်ထက် ထူးခြားတိုးတက်ပြီး လူက ဒုတိယ တုံ့ပြန်မှု လုပ်တတ်၊ အချက်ပြ လုပ်တတ်တယ်"

"ဘာလဲဗျ၊ ဒုတိယ တုံ့ပြန်မှု၊ ခင်ဗျားဟာက"

"နေပါဦးလေ၊ တစ်ဆင့်တက်ပြီး တုံ့ပြန်တယ်၊ ပြန်ကြားတယ်၊ မှတ်သားတယ်၊ အချက်ပြတယ်ပေါ့ဗျာ။ အဲဒါကတော့ တခြား မဟုတ်ဘူး။ မိမိရဲ့ အတွေ့အကြုံအရပ်ရင်ကို တစ်ပါးသူသိအောင်၊ ကိုယ်သိက သူသိ ဖြစ်လာအောင် မိမိရဲ့အသံကို ပီသလာအောင် တစ်သံနဲ့တစ်သံ ကွဲပြားခြားနားလာအောင်၊ အသံထွက်ကြည့်တယ်ဗျာ။ လျှာခင်ကိုလေ့ကျင့်ပြီး အားထုတ်တယ်ဗျာ။ စကားလုံးတွေ၊ တစ်သံစီ၊ တစ်လုံးစီ ထွက်လာကြတယ်ဗျာ။ အဲဒါနဲ့ ဘာသာစကားဆိုတာ ဖြစ်လာတာပေါ့ဗျာ"

"အမယ်လေးဗျာ၊ ခင်ဗျားဟာက ပါးစပ်က စကားသံထွက်အောင်လုပ်တာ၊ ချီလာလိုက်တာ ကမ္ဘာဦး အာဒိကပ္ပကို ရောက်တာပဲ။ ဟား...ဟား"

"မရယ်နဲ့လေဗျာ၊ အဲဒီ တုံ့ပြန်မှု၊ မှတ်သားမှု၊ အသံချင်းကွဲအောင်၊ ပီသအောင်အားထုတ်မှုဟာ လူရဲ့စွမ်းအင်ဗျ၊ လုပ်အားစွမ်းအင်ဗျ၊ ဒီဘာသာစကားကြောင့် လူ့ယဉ်ကျေးမှုကြီးဟာ အခုလောက် တိုးတက်လာရတာ မဟုတ်လား။ အဲဒီစကားသံကို အမှတ်အသားလုပ်ပြီးရေးရာက စာပေဆိုတာ ဖြစ်လာရတာ မဟုတ်လား"

(ပြည်သူ့ကြယ် ၁-၄-၇၂)

၆။ ဦးနှောက်နှင့်လက် ဆက်သွယ်မှု၊ လုပ်အားနှင့် စာပေ

"ကျွန်တော်က စာပေ အနုပညာအကြောင်း သိချင်နေတာ။ ခင်ဗျားပြောတာက

mgyoe.com

mgyoe.com

လုပ်အားကြောင့် လူဟာ ယဉ်ကျေးလာတာ၊ လက်အသုံးချတတ်လာတာ၊ လက်နက်ကိရိယာ ကိုင်တွယ်တတ်တာတွေ ရောက်နေတယ်။ ကောင်းတော့ ကောင်းပါရဲ့။ လူ့သမိုင်းအစ အကြောင်းပါလာတော့ စိတ်ဝင်စားစရာလည်း ကောင်းပါရဲ့။ ဒါပေမဲ့..." ဟု ကျွန်တော်၏ စာပေမိတ်ဆွေက စလိုက်သည်။

"စိတ်ဝင်စားစရာ ကောင်းတယ်ဆိုရင်တော့လည်း ဆက်ဆွေးနွေးကြတာပေါ့။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ဟုတ်တယ် မဟုတ်လား။ စာပေအကြောင်း ပြောမှာပဲဗျာ။ ဒါပေမဲ့ စာပေဟာ ဘာသာစကား ပြောစကားကနေ ဖြစ်ပေါ်လာရတာဆိုတော့ ဘာသာစကား ဖြစ်လာပုံကို ပြောရင်းနဲ့ လူ့သမိုင်းအစ၊ လူ့ယဉ်ကျေးမှုအစကိုပါ ချိရတာပေါ့။ အဲဒီတော့လည်း လုပ်အားအကြောင်း မပြောမဖြစ်ဘဲ ပါလာရတာကိုး။ အဲဒီတော့လည်း လုပ်အားအကြောင်း မပြောမဖြစ်ဘဲ ပါလာရတာကိုး။ အဲဒီတော့ လုပ်အားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေကို မပြောဘဲ နေလို့ မရတော့ဘူး။ လက်အကြောင်း ပြောရတာလည်း ဒါကြောင့်ပဲဗျ။ စာပေဆိုတာ လူအကြောင်း ရေးသားဖွဲ့နွဲ့ထားတာ။ စာပေကိုရေးတဲ့ စာရေးဆရာဟာလည်း လူတစ်ယောက်၊ လူ့အဖွဲ့အစည်းထဲက လူတစ်ယောက်၊ အဲဒီတော့ လူအစ၊ လက်အစ အကြောင်းတွေ ပါလာတာ သဘာဝ မကျဘူးလားဗျာ"

"သဘာဝ ကျတော့ကျပါတယ်လေ။ ဒါပေမဲ့ ကျွန်တော်က အခုပေါ်နေတဲ့ စာပေပြဿနာတွေကို ရှင်းရှင်းလင်းလင်း သိချင်နေတယ်။ ကာရန်မဲ့ဆိုတာတွေဗျာ၊ ဝတ္ထုဆိုတဲ့ သဘောတရားတွေဗျာ၊ စာပေဝေဖန်ရေးတွေ အကြောင်းဗျာ"

"အခြေခံတွေက စကြရအောင်လို့ ကျွန်တော် ပြောခဲ့သားပဲ မဟုတ်လား။ အခြေခံက စ,သိရရင် ခင်ဗျား သိချင်နေတဲ့ စာပေပြဿနာတွေ၊ အနုပညာ ပြဿနာတွေ အားလုံးဟာ အလိုလို ရှင်းသွားပါလိမ့်မယ်"

"ကဲ...ဒီလိုဆိုရင်တော့ ဆက်ကြမယ်။ လက်အကြောင်းကကော"

"လက်အသုံးချတတ်မှုကလည်း တော်တော်အရေးကြီးတယ်။ လူဝံကနေပြီး လူရယ်လို့ (တစ်နည်းပြောရရင် ယဉ်ကျေးလာတဲ့ လူပေါ့ဗျာ)။ ထူးခြားတဲ့ အရည်အချင်းအဖြစ် တိုးတက်ပြောင်းလဲလာတဲ့ အစဉ်မှာ လူ့လက်ရဲ့ လုပ်ငန်းအခန်းဟာ အဆုံးအဖြတ်ပေးတဲ့ လုပ်ငန်းအခန်းတစ်ခုဗျ။ လက်အသုံးချတတ်မှုကြောင့် လူ၊ ယဉ်ကျေးတဲ့လူ ဖြစ်ပေါ်လာတာ။ အဲဒီလက်ကလည်း လုပ်အားနဲ့ ဆက်နေပြန်တယ်။ လုပ်အားကြောင့် လက်ဟာ ကိုင်တွယ်မှု၊ အသုံးချတတ်မှုမှာ တိုးတက်မြင့်မားလာရတာ။ လုပ်အားကြောင့် လူ့လက်ဟာ စွမ်းရည်တွေနဲ့ ပြည့်စုံလာရတာ။ အဲဒီတော့ လူ့လက်ဟာ လုပ်အားစွမ်းရည်ကိုပြုဖို့ ကိရိယာ

mgyoe.com

ပစ္စည်းလို့လည်း ပြောလို့ရတယ်။ နောက်ပြီး လူ့လက်ဟာ လုပ်အားက မွေးထုတ်ဖန်တီးလိုက်တဲ့ အသီးအပွင့်လို့လည်း ပြောလို့ရတယ်။ ရှုပ်သွားပြီလား"

"မရှုပ်ပါဘူး၊ လုပ်အားနဲ့ လူ့လက်ပေါင်းစည်းပုံကို ထင်ရှားစေတဲ့ စကားရပ်တွေပဲဟာ"

"ဟုတ်ပါတယ်၊ ကမ္ဘာကျော် ပန်းချီကားချပ်တစ်ချပ်ဟာ လူ့လက်နဲ့ ခြယ်ရေးထားတာ မဟုတ်လားဗျာ။ ကမ္ဘာကျော် ရုပ်တုဘစ်ခုဟာ လူ့လက်နဲ့ ထုလုပ်ထားတာ မဟုတ်လားဗျာ။ ကမ္ဘာကျော် တေးတစ်ပုဒ်ဟာလည်း လူ့လက်နဲ့ စန္ဒရားခလုတ်ကို တီးခတ်တဲ့ ဂီတမဟုတ်လားဗျာ"

"အင်းပေါ့၊ လူ့လက်နဲ့ ဖန်တီးထားတာတွေပဲပေါ့။ သိပ္ပံတို့၊ စက်မှုအတတ်ပညာတို့၊ ဘာတို့လည်း အကျိုးဝင်တယ် မဟုတ်လား"

"အစကတည်းက ပြောခဲ့ကြတယ် မဟုတ်လား။ လက်နှစ်ဖက်နဲ့ လက်နက်ကိရိယာ ကိုင်တွယ်တတ်တယ်။ လက်နက်ကိရိယာတွေ တိုးတက်ပြီး လုပ်တတ်ကြတယ်။ ကုန်ထုတ်လုပ်မှုတွေ ပေါ်လာတယ်။ လယ်စိုက်တာ၊ ဝါစိုက်တာကစပြီး ဝါးခုတ်ပြီး အိမ်ဆောက်တာ၊ အဲဒါတွေအားလုံးဟာ လုပ်အားနဲ့ လူ့လက်နဲ့လုပ်ကြတာပဲလို့။ ကျွန်တော်တို့က သိပ္ပံပညာအကြောင်း သိပ်မပြောကြဘဲ အနုပညာတွေအကြောင်း ပြောရမှာကိုး၊ အဲဒီတော့ လူ့လက်နဲ့ဖန်တီးတဲ့ ပန်းချီ၊ ပန်းပု၊ ဂီတ..."

"အဲဒီလိုဆိုရင် စာပေလည်း လက်နဲ့ရေးတာပဲ မဟုတ်လား"

"ဟုတ်ပြီဗျ၊ အဲဒါ ပြောချင်လို့ပဲ သည်လောက် ချီလာရတာ။ ကဲ့ကူဆံတို့၊ ကညစ်တို့၊ ပေရွက်၊ စဥ့်ပြား၊ ကြေးပြား၊ ကျောက်ပြား အဲဒါတွေကိုလည်း လူ့လက်နဲ့ လုပ်ကြရတာပဲပေါ့။ သိပ္ပံပညာတို့၊ စက်မှုအတတ်ပညာတို့ တိုးတက်လာတော့ စက္ကူ၊ ပုံနှိပ်စက်တွေပါပေါ်လာပြီး လူ့ယဉ်ကျေးမှုဟာ ကျယ်ဝန်းလာတာပေါ့။ ဒါ ထားလိုက်ပါဦးလေ။ ဒါက ပရိသတ်အကြောင်းရောက်မှ ပြောကြမယ်။ အဲဒီလူ့လက်ဟာ လက်ချည်းသက်သက် လှုပ်ရှားတာ မဟုတ်ဘူးဗျ။ သည့်ပြင် လူ့ခန္ဓာကိုယ်ကြီးမှာရှိတဲ့ အခြားသောအစိတ်အပိုင်းတွေနဲ့ ဆက်သွယ်ပြီးမှ လှုပ်ရှားရတာ။ စက်ရုပ်လို သံပတ်ပေးပြီး လက်ဆိုတာကို လှုပ်ရှားခိုင်းတာမျိုး မဟုတ်ဘူး။ အဲဒါဆိုရင် ပရမ်းပတာလှုပ်ရှားတာ။ သံပတ် အလျှော့အတင်းအလိုက်မှာ အနှေးအမြန်ကန့်သတ်တဲ့ လှုပ်ရှားမှုသာဖြစ်နေမှာပေါ့။ ဟုတ်တယ်မဟုတ်လား"

"လက်က ဘာတွေနဲ့ ဆက်သွယ်ထားလို့လဲ။ နည်းနည်းတော့ စိတ်ဝင်စားစရာ

mgyee.com

mgyoe.com

ကောင်းလာသား"

"ဖွံ့ဖြိုးတိုးတက်လာမှု၏ ဆက်သွယ်ခြင်း ဥပဒေလို့ခေါ်တဲ့ သဘောတရားပဲ။ ကျောရိုးကနေ ခေါင်းအထိ အာရုံကြောတွေ ဆက်သွယ်ဖွဲ့စည်းထားတယ်ဗျ။ အာရုံကြော ဖွဲ့စည်းမှုစနစ်ဆိုတာ ရှိတယ်ဗျ။ ခန္ဓာကိုယ်၏ အညမည သဘောတရားဆိုပါတော့"

"ဟာ...ခင်ဗျားဟာက ခန္ဓာ ရူပဗေဒတွေတောင် ပါလာပါပကောလား။ ကျောရိုး၊ အာရုံကြော"

"ကျွန်တော်က လက်နဲ့ ဦးနှောက်ဆက်သွယ်ပုံ ပြောချင်လို့ပါ။ ပြောစကားကနေ ပြီး အမှတ်အသားဆိုတဲ့ အက္ခရာစာလုံး ဖန်တီးပြီး ရေးခြစ်တာဟာ ကြံဆပြီး လုပ်ရတာဗျ။ အဲဒီဘာသာစကားတို့၊ စာပေတို့က ဘယ်အတွက် လာသလဲဗျ"

"ခေါင်းထဲကပေါ့"

"ဟုတ်ပြီဗျာ၊ ခေါင်းမှာက ဦးနှောက်ရှိတယ်။ ကြားနိုင်၊ မြင်နိုင်၊ အနံ့ခံနိုင်၊ အရသာခံနိုင်တဲ့ နား၊ မျက်လုံး၊ နှာခေါင်း၊ လျှာ စသည့် အာရုံခံစားနိုင်တဲ့ အာရုံခံယူရာ ကိရိယာတွေအားလုံး စုပေါင်းရှိတယ်ဗျာ။ အထိအတွေ့ကို သိနိုင်တဲ့ဟာ ရှိတယ်ဗျာ။ အဲဒီ အာရုံငါးပါးကို ဦးနှောက်က မှတ်သားနိုင်တဲ့ အရည်အချင်းရှိတယ်။ အဲဒီ မှတ်သားနိုင် တဲ့ ဦးနှောက်ဆိုတဲ့ ရုပ်ပစ္စည်းကနေပြီး လူ့အသိဆိုတာ ဖြစ်ပေါ်လာရတာ"

"ဟာ ... ခင်ဗျားက ကျွန်တော့်ကို ရုပ်ဝါဒအကြောင်းပြောမလို့လား"

"မဟုတ်ပါဘူး၊ လူ့ဦးနှောက်ရဲ့ လုပ်ငန်းအကြောင်း ပြောချင်လို့ပါ။ ဦးနှောက် က အာရုံခံစားမှုကို သိလာတယ်ဗျာ။ အကျိုးအကြောင်းဆက်ပြီး စဉ်းစားတတ်တယ်ဗျာ။ တွေးခေါ်တတ်တယ်ဗျာ"

"တိရစ္ဆာန်မှာလည်း ဦးနှောက်ရှိတာပဲ မဟုတ်လားဗျ"

"တိရစ္ဆာန်ဦးနှောက်နဲ့ လူ့ဦးနှောက် ခြားနားပုံတွေ ပြောနေရင် တခြားရောက် သွားလိမ့်မယ်။ တိရစ္ဆာန်ဦးနှောက်က လူလို အကျိုးအကြောင်း မဆက်စပ်တတ်ဘူး။ အကြမ်းဖျင်းပြောရင်ပေါ့။ မီးဆိုရင် တိရစ္ဆာန်က သူ ထိတွေ့ဖူးတဲ့ မီးတစ်ခုပဲ သိတယ်။ သညာသိလို့ ခေါ်တာပေါ့။ လူကတော့ မီးဆိုရင် မီးဖိုက မီးရော၊ ဖယောင်းတိုင်ကမီးရော သိတယ်။ မီးဆိုတဲ့ သဘောတစ်ခုလုံးကို သိတယ်။ ဒါ ထားလိုက်ပါလေ။ အဲဒီတော့ လူ့ဦးနှောက်မှာက အာရုံခံစားသိ၊ အကျိုးအကြောင်းစဉ်းစားသိ၊ အဲဒီလူအသိကို လူက စာလုံးအဖြစ် လက်နဲ့ရေးချလိုက်တာဗျ။ အဲဒီလို ဦးနှောက်နဲ့လက် ဆက်သွယ်နေတာ"

"ပန်းချီ၊ ပန်းပု၊ ဂီတ။ အဲဒီ အနုပညာ အားလုံးလည်း ဒီအတိုင်းပဲပေါ့"

mgyoe.com

mgyoe.com


"ဟုတ်တယ်၊ ဦးနှောက်ကစေခိုင်းလို့ လက်က လိုက်လုပ်ကြရတာတွေ၊ လက်မရှိရင် ဦးနှောက်ရဲ့လုပ်ငန်းလည်း ရှိမှာမဟုတ်ဘူး"

"အဲဒီ ဦးနှောက်နဲ့ လက် ဆက်သွယ်မှု တိုးတက်လာတာဟာလည်း လုပ်အားကြောင့်ပဲ။ အဲဒီအာရုံခံစားမှုတို့၊ စဉ်းစားမှုတို့ကို အတွေးအခေါ်လို့ ခြုံခေါ်လိုက်ကြပါစို့။ အဲဒါကို လုပ်အားနဲ့ အတွေးအခေါ် ညီညွတ်ပေါင်းစည်းမှု သဘောတရားလို့ ခေါ်ကြတယ်။ အဲဒီအတွေးအခေါ်ကို ဘာသာစကားနဲ့ ရေးထားတာဟာ စာပေ။ တစ်နည်းပြောရရင်တော့ ဦးနှောက်နဲ့လက် ဆက်သွယ်မှု တိုးတက်လာခြင်းဟာ စာပေကို ဖြစ်ပေါ်စေလိုက်တာပဲပေါ့။

(ပြည်သူ့ကြယ် ၂၀–၅–၇၂)

၇။ လူ့အသိစိတ်၊ လူ့အဖွဲ့အစည်းနှင့် စာပေ

"ဘာသာစကား ဖြစ်ပေါ်လာပုံကိုတော့ တော်တော် စိတ်ဝင်စားမိတယ်။ လုပ်အားကြောင့် လူဟာ တိုးတက်လာတာ၊ ယဉ်ကျေးလာတာတွေဟာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကုန်ထုတ်လုပ်မှု၊ လုပ်အား၊ ဦးနှောက်နဲ့ လက်နဲ့ ဆက်သွယ်မှု၊ ဒါတွေဟာ ဘာသာစကားကို မွေးထုတ်လိုက်တာပဲ မဟုတ်လား။ အဲဒီတော့ ဘာသာစကားကနေ စာပေ ဘယ်တော့ ကူးကြမလဲ" ဟု ကျွန်တော်၏ စာပေမိတ်ဆွေက စလိုက်သည်။

"ဘာသာစကားနဲ့ စာပေကို ကွဲကွဲပြားပြား ပြောတာကို ကျွန်တော်ကတော့ သဘောကျနေပြီဗျာ။ ပြောစကားကို စာလုံးနဲ့ ရေးမှတ်ပြီးတဲ့ အဆင့်ကိုမှ စာပေလို့ ခေါ်ရမှာကိုးဗျ။ နောက်ကျတော့မှ တစ်ခါ စာပေတင် မဟုတ်ဘူး။ ရသစာပေလို့ ခေါ်ရတာကိုး၊ ဒါ ဆွေးနွေးကြရမှာကို"

"စာပေနဲ့ ရသစာပေ ခွဲထားသေးသလား"

"နေဦးဗျ၊ အဲဒီ မရောက်သေးဘူး။ အခြေခံတွေကို ကုန်စင်အောင် ရှင်းလင်းကြရအောင်။ အသံတစ်သံနဲ့တစ်သံ ကွဲပြားအောင်၊ ပီသအောင် လျှာခင်ကို အားထုတ်ပြီး လုပ်ရာက စကားသံဆိုတာ ထွက်ပေါ်လာရတာ။ လုပ်အားနဲ့ စကားသံ ဖြစ်ပေါ်လာရတာကတော့ ရှင်းနေပြီ။ စကားသံထွက်လာတော့ ဘာတွေပြောကြမလဲ။ ဘာအကြောင်းတွေပြောကြမလဲ"

"သူ တွေ့တာ ကြုံရတာတွေကို ပြောကြမယ် ထင်တယ်။ သူ့ရဲ့ ဘဝအတွေ့အကြုံတွေပေါ့ဗျာ"

mgyoe.com

mgyoe.com


"ဟုတ်တယ်၊ ခင်ဗျား တွေးတာ မှန်တယ်။ သူ့အတွေ့အကြုံကိုပဲ ပြောမှာပဲ။ လူရဲ့ အတွေ့အကြုံဆိုတာကလည်း အကျယ်ဝန်းသားကလားဗျာ။ လူ့အတွေ့အကြုံကို ကဏ္ဍ ခွဲလိုက်ရင်တော့ ကုန်ထုတ်လုပ်မှုဗျာ။ လူတန်းစားတိုက်ပွဲဗျာ။ သိပ္ပံစမ်းသပ် ရှာဖွေမှုတွေဗျာ။ အနုပညာ ဖန်တီးမှုတွေဗျာ။ အများကြီးပေါ့။ ဒါပေမဲ့ အစောဆုံးခေတ်၊ လူ့ယဉ်ကျေးမှုရယ်လို့ စစချင်း၊ တစ်နည်းအားဖြင့်တော့ အကြို လူခေတ်ဆိုရင်တော့ သိပ်များများမှာ မဟုတ်သေးဘူး"

"ဟုတ်တယ်၊ စားဝတ်နေရေးဆိုတဲ့ လက်ငင်းကိစ္စ။ ကုန်ထုတ်လုပ်မှုပေါ့ဗျာ။ လူသားအဖြစ် ရပ်တည်ဖို့ ကိစ္စတွေကတော့ လက်ငင်း အတွေ့အကြုံတွေပဲ။ အဲဒါ တွေကို အရင်ပြောမှာပဲဗျ"

"ဟုတ်ပါတယ်။ သူ့အဖို့ လောလောဆယ် လက်ငင်း တွေ့ကြုံနေရတဲ့ ပြဿနာ၊ ခင်ဗျားပြောတဲ့ စားဝတ်နေရေး ပြဿနာကို ဖြေရှင်းရမယ့် အကြောင်းပဲ ဖြစ်ရမှာပဲ။ သူ့ပတ်ဝန်းကျင်မှာရှိနေတဲ့ အရာတွေ၊ သဘာဝ ရေမြေတောတောင်၊ မြစ်ချောင်း၊ အင်းအိုင်၊ ထုံး၊ သီတာတွေအကြောင်းလည်း ပြောမှာပဲဗျ။ သူနဲ့ ဆက်စပ်နေသမျှ အရာအားလုံး အကြောင်း သူပြောမှာပဲ ဟုတ်တယ် မဟုတ်လား"

"သူ နေတဲ့ ပတ်ဝန်းကျင် တစ်ခုလုံးဟာ သူနဲ့ သက်ဆိုင်နေတာကိုး"

"ဟုတ်တယ်ဗျ၊ ဘာသာစကားဆိုတာက တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ဖို့ကိုဗျ။ လူတစ်ယောက်တည်း အတွက်ကတော့ ဘာသာစကားဆိုတာ လိုချင်မှလိုမှာ။ လူအများနဲ့ ဆက်စပ်နေထိုင်ကြလို့လည်း တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ဖို့၊ ဆက်စပ်ဖို့ရာ တစ်ဆင့် တစ်ဆင့်ပွားဖို့ရာ အားထုတ်ရင်းနဲ့ ဘာသာစကားဆိုတာ ဖြစ်ပေါ် လာရတာကိုး။ အဲဒီတော့ ရုံးလိုက်ရင် သူ သိတာကို ပြောမှာပဲ"

"သူသိတာ ဘာတွေလဲ"

"သူ သိတာကတော့ သူနေထိုင်တဲ့ လူ့အဖွဲ့အစည်းနဲ့ သူ့ရဲ့ပတ်ဝန်းကျင်က သဘာဝပဲ။ သိတဲ့နေရာမှာတော့ အဆင့်ဆင့် ကွဲပြားခြားနားမယ်။ အဆင့်ဆင့် တိုးတက် မြင့်မားလာတာ ရှိမယ်။ ပထမကတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လူ့ကိုယ်ကာယ စတဲ့ အာရုံရုပ်တွေကနေ တစ်ဆင့်ခံစားပြီးသိရတဲ့ အာရုံသိပဲ။ နောက် ဒုတိယအဆင့်ကမှ အကျိုးအကြောင်းစဉ်းစားတဲ့ အတွေးသိပဲ။ ပထမအဆင့် အသိကတော့ အနိမ့်ပိုင်းအသိ ဆိုပါတော့။ သာမန်အားဖြင့် သိကြရတာ။ ဒုတိယအဆင့် အသိကတော့ အမြင့်ပိုင်းအသိ ဆိုပါတော့။ ကျိုးကြောင်းဆင်ခြင်တာ၊ စဉ်းစားတာ၊ တွေးတာ ပါလာတာကို။ ထိုအသိ

mgyoe.com

mgyoe.com


နှစ်ဆင့်ကလည်း ဆက်စပ်နေတဲ့ အစဉ်ပဲ”

“ခုနကပြောတဲ့ ကုန်ထုတ်လုပ်မှု၊ လူတန်းစားတိုက်ပွဲ၊ သိပ္ပံစမ်းသပ်ရှာဖွေမှု၊ အနုပညာ ဖန်တီးမှုတွေကကောဗျာ”

“အဲဒီ အတွေ့အကြုံတွေအားလုံး အကျုံးဝင်တာပေါ့။ အဲဒါတွေဟာ လူ့အဖွဲ့အစည်းရဲ့ လုပ်ငန်းတွေပေါ့။ လက်တွေ့လုပ်ငန်းတွေပေါ့။ လူတွေအားလုံး ဆက်စပ်လုပ်ကိုင်ကြတာမို့ လူမှုလုပ်ငန်းလို့လည်း ခေါ်ကြတယ်။ အဲဒီအထဲမှာ ကုန်ထုတ်လုပ်မှုဟာ အခြေခံ အကျဆုံးနဲ့ အဆုံးအဖြတ်ပေးတဲ့ လူမှုလုပ်ငန်းပဲ။ ထို့အတူပဲ၊ လူတန်းစားတိုက်ပွဲဟာလည်း လူ့အသိ တိုးတက်ဖွံ့ဖြိုးလာရေးမှာ အလေးအနက်သြဇာပေးတဲ့ ကိစ္စရပ်တစ်ခုပဲဗျ။ သိပ်အရေးကြီးတယ်။ လူတန်းစားတိုက်ပွဲလို့သာ နိုင်ငံရေးဝေါဟာရစကားလုံးနဲ့ ပြောရတာကို။ သူကလည်း ကျယ်ဝန်းပါတယ်။ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဖြစ်ပေါ်နေတာကလား”

“ခုနကပြောတဲ့ ကုန်ထုတ်လုပ်ရေးလို့ခေါ်တဲ့ အရပ်စကားနဲ့ လွယ်လွယ်ပြောရရင်တော့ စားဝတ်နေမှု ထုတ်လုပ်ရေးဟာ ပထမဆုံးတွေ့ရမယ့် အသိဖြစ်မယ်ထင်တယ်။ အဲဒါတွေကို ခေါ်ဝေါ်တဲ့ စကားလုံးတွေကများ ဦးစွာဖြစ်ပေါ်လာတာ ဖြစ်လေမလား”

“အဲဒါကတော့ စကားလုံးတွေရဲ့ အဓိပ္ပာယ်တွေကို ဖော်ပြရှင်းလင်းတဲ့ ပညာရပ်နဲ့ ပိုဆိုင်တယ်။ အတ္ထဗေဒပေါ့။ ဘာသာဗေဒလို့ခေါ်တဲ့ စကားလုံးအကြောင်း ရှာဖွေဖော်ပြထားတဲ့ ပညာရပ်ထဲက အစိတ်အပိုင်း ပညာရပ်ကလေးတွေပေါ့ဗျာ။ စကားလုံးရဲ့ အရင်းအမြစ်ကို ရှာဖွေဖော်ပြတဲ့ ပညာရပ်လည်း ရှိတယ်။ ဗျုပ္ပတ္တိ ဗေဒပေါ့။ ဒါတွေကတော့ ကျွန်တော်တို့ ဆွေးနွေးနေကြတဲ့ အကြောင်းအရာတွေနဲ့ မသက်ဆိုင်တော့ ထားလိုက်ပါတော့လေ”

“ဟုတ်ပါတယ်၊ ဘာသာစကား ဖြစ်ပေါ်လာပုံအကြောင်းပဲ ဆက်ကြရအောင်ပါ။ ဘာသာစကား စ,ပေါ်တဲ့ကာလကို ခန့်မှန်းလို့ ရပါ့မလား”

“လူ့အသိစိတ် စပြီး တိုးတက်ဖွံ့ဖြိုးစ ပြုလာတာ၊ အဲဒီလူ့အသိကိုမှ တစ်ဆင့်ဆင့် တစ်ယောက်ယောက်ကို အချင်းချင်း ပြောပြချင်တာနဲ့ အားထုတ်ရင်း စကားဟာ ဖြစ်ပေါ်လာရမှာပဲ။ လူဟာ တစ်ယောက်တည်းနေတယ်ဆိုရင်တော့ ပြဿနာတစ်မျိုးပေါ့။ လူဟာ လူတွေနဲ့ စုပေါင်းပြီးနေထိုင်တယ်။ စုပေါင်း ကုန်ထုတ်လုပ်တယ်။ အဲဒီကုန်ထုတ်လုပ်မှု လုပ်ငန်းတွေမှာ တစ်ယောက်နဲ့တစ်ယောက် တွဲဖက်တယ်၊ ပေါင်းသင်းတယ်၊ ဆက်ဆံတယ်။ အဲဒါကြောင့်သာ သူ့အသိကို အခြားသူအား ပြောပြဖို့အားထုတ်ရင်းနဲ့ စကား

mgyoe.com

 mgyoe.com 

ဆိုတာ ပေါ်လာရတာဆိုတော့။ စကားဆိုတာ လုပ်အားကြောင့်တင် မဟုတ်ဘူး။ စုပေါင်းတဲ့ သဘော၊ လူ့အဖွဲ့အစည်းကြီးရယ်လို့ စုပေါင်းဖြစ်ပေါ်တဲ့ သဘောထဲက စကားထွက်လာရတာ။ အဲဒီတော့ လူ့အသိ ကျယ်ပြန့်လာတာကိုကလည်း လူ့အသိ တိုးတက်ဖွံ့ဖြိုးလာရတာကလည်း စုပေါင်းတဲ့သဘောပါနေတယ်။ လူ့အဖွဲ့အစည်းကြောင့်ပဲ ဖြစ်တယ်။ လူ့အဖွဲ့အစည်းနဲ့ကင်းပြီး စုပေါင်းတဲ့ သဘောနဲ့ကင်းပြီး ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ အဲဒီတော့ လူ့အဖွဲ့အစည်းနဲ့ကင်းပြီး ဘာမှ တိုးတက်ဖွံ့ဖြိုးလာကြတာ မဟုတ်ဘူးဆိုတာ ရှင်းနေပါတယ်"

"အဲသလိုဆိုရင် ဦးနှောက်၊ သို့မဟုတ် တွေးခေါ်မှု၊ ကုန်ထုတ်လုပ်မှု၊ ဘာသာစကား စသည်တို့ တိုးတက်ဖွံ့ဖြိုးလာရတာဟာ လူ့အဖွဲ့အစည်းနဲ့ကင်းပြီးမှ ဖြစ်ပေါ်လာရတာ မဟုတ်ဘူးပေါ့"

"ဟုတ်တယ်ဗျာ၊ သိပ်ဟုတ်တယ်၊ တစ်ခုပဲ ကျွန်တော် ထပ်ဖြည့်ချင်တယ်။ ဒါက အစပိုင်း စ ချီတဲ့အပိုင်းကို ဖြည့်ချင်တာပါ။ လုပ်အားက လူကို ဖြစ်ပေါ်စေတယ်ဆိုတာပါ။ လူဖြစ်ပေါ်စေတယ်ဆိုရင် တစ်ဆင့်တက်ပြီး လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေတယ်လို့လည်း အဓိပ္ပာယ်ရပါတယ်"

"ခင်ဗျား ခုနက လူ့အသိလို့ ပြောနေရာက လူ့အသိစိတ်လို့ သုံးလိုက်ပါတယ်။ အဲဒီလူ့အသိစိတ်ဆိုတာကကော"

"လူ့အသိစိတ်ဆိုတာက ခုနက လူ့အဖွဲ့အစည်းမှာ လူတစ်ယောက်အဖြစ်နဲ့ ပါဝင်ပြီး တွေ့ကြုံရတဲ့ ဘဝအတွေ့အကြုံတွေကို ခံစားသိရှိလို့ရတဲ့စိတ်ကို လူ့အသိစိတ်လို့ ခေါ်လိုက်တာပါ။ သိလာရရင်း သိလာရရင်းနဲ့ ခိုင်မာတည်ရှိလာတဲ့ဟာကို လူ့အသိစိတ်လို့ ခေါ်လိုက်တာပါပဲ"

"ဒါဖြင့် အဲဒီ လူ့အသိစိတ်ဟာ လူ့အဖွဲ့အစည်းထဲက စုပေါင်းနေထိုင်တဲ့ လူမှုရေး သဘောထဲက တိုးတက်ဖွံ့ဖြိုးလာရတာပေါ့"

"ဟုတ်ပါ့ဗျာ၊ လူ့အသိစိတ်ဆိုတာ လူ့အဖွဲ့အစည်းနဲ့ ကင်းပြီးမှ ဖြစ်ပေါ်လာရတာ။ တိုးတက်ဖွံ့ဖြိုးလာရတာမှ မဟုတ်ဘဲ။ အဲဒီလူ့အသိစိတ်ကပဲ ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲလိုက်တာ။ စာပေကို ဖန်တီးလိုက်တာပဲ။ သိပ်အရေးကြီးတယ်"

(ပြည်သူ့ကြယ် ဇွန်၊ ၁၉၇၂)

mgyoe.com

mgyoe.com


၈။ စာပေနှင့် ဘောဂဗေဒ

ကုန်ထုတ်လုပ်မှုနှင့် အနုပညာ ဖန်တီးခြင်း

လွန်ခဲ့သော ခုနစ်နှစ်လောက်က စာရေးဆရာအသင်း သမဝါယမ ဖွဲ့စည်းရေးနှင့် ပတ်သက်သော သင်းလုံးကျွတ် အစည်းအဝေးတစ်ခု၌ စာရေးဆရာများကို ယဉ်ကျေးမှု အလုပ်သမားဟု ကျွန်တော် ဖော်ပြဖူးသည်။

အလုပ်သမားဟူရာ၌ လက်အား၊ ခွန်အားကို အသုံးပြုသော အလုပ်သမားနှင့် စိတ်ကူးအား၊ ဉာဏ်အားကို အသုံးပြုသော အလုပ်သမားဟူ၍ ရှိကြပေသည်။ စက်ရုံ အလုပ်သမားသည် လူသုံးပစ္စည်းများကို ထုတ်လုပ်ပေးသကဲ့သို့၊ လယ်ယာအလုပ်သမား သည် အစားအသောက် အသီးအနှံကို ထုတ်လုပ်ပေးသကဲ့သို့၊ စာရေးဆရာတို့သည်လည်း အနုပညာစာပေတို့ကို ဖန်တီးပေးကြရပေသည်။

အစားအစာ၊ အဝတ်၊ အကာအရံသည် လူတို့အဖို့ လိုအပ်သောအရာများ ဖြစ်သကဲ့သို့ပင် စာပေ၊ အနုပညာတို့သည်လည်း စိတ်ကိုအာဟာရဖြစ်စေသော ယဉ်ကျေးမှု အစာအဖြစ် လိုအပ်ပေသည်။

စား၊ ဝတ်၊ နေ စသော စီးပွားရေး ပင်မ အဆောက်အအုံကြီး၌ ယဉ်ကျေးမှု အကိုင်းအခက် တစ်ခုသည်လည်း ဖြာကျလျက် ရှိပေသည်။ ယင်းသို့ပင် လူ့အဖွဲ့အစည်း သစ်ပင်ကြီးသည် တည်ထွန်းနေပေသည်။

လူသုံးပစ္စည်း ထုတ်လုပ်ခြင်းကို ကုန်ထုတ်လုပ်မှုဟု ခေါ်ကြ၍ စာပေရေးသား ခြင်းကို အနုပညာ ဖန်တီးဆန်းသစ်မှုဟု နားလည်ကြပေသည်။

## စီးပွားရေးဖြစ်စဉ်

စီးပွားရေးဖြစ်စဉ်၌...

၁။ ကုန်ထုတ်လုပ်ခြင်း။

၂။ စားသုံးခြင်း။

၃။ ဝင်ငွေဖြန့်ဖြူးခြင်း။

ဟူ၍ အကြမ်းအားဖြင့် ပိုင်းခြားကြရာ ကုန်ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်းကြား၌ ထွေပြားများမြောင်လှသောဖြစ်စဉ်များ ရှိနေပေသည်။

အလုပ်သမားက ထုတ်လုပ်လိုက်သော ကုန်ပစ္စည်းတစ်ခုသည် စားသုံးသူ လက်ထဲသို့မရောက်မီ တွေ့ကြုံဆုံစည်း ဆက်ဆံရသော ဖြစ်စဉ်များကို မတ် ဘောဂဗေဒ

mgyoe.com

 mgyoe.com


သမားများက ဖော်ထုတ်သည်။ ဝေဖန်ဆန်းစစ်သည်။ အရင်းရှင်စနစ်၏ လက္ခဏာအဖြစ် တင်ပြကြသည်။

ယင်းအတိုင်းပင် ယဉ်ကျေးမှု အလုပ်သမားဖြစ်သော စာရေးဆရာက ဖန်တီးလိုက်သော စာပေတစ်ပုဒ်သည် စားသုံးသူဖြစ်သော စာဖတ်သူလက်ထဲသို့ ရောက်ရှိတွေ့ကြုံဆုံစည်း ဆက်ဆံရသောဖြစ်စဉ်များကို လေ့လာအပ်ပေသည်။

## စာပေလုပ်ငန်း၏ ထူးခြားချက်များ

စာပေလုပ်ငန်း၌ ထူးခြားချက်များ ရှိသည်။

စာပေသည် တိုင်းပြည်တစ်ပြည်၏ ပညာရေးကဏ္ဍ၌ ပါဝင်သည်။ စာပေသည် တိုင်းပြည်အား ရှေ့ဆောင်နိုင်သော အစွမ်းလည်းရှိသည်။ လူသုံးပစ္စည်းကဲ့သို့ သာမန်လူ့ဆန္ဒပြည့်ရုံသက်သက်မဟုတ်ဘဲ စိတ်ကိုလှုံ့ဆော်နိုင်သော တက်ကြွသည့်သတ္တိရှိပေသည်။

ထို့ပြင် စာရေးဆရာ၏ သူ့စာပေဖြင့် လူတို့အား ဖော်ပြခြင်းလုပ်ငန်းလည်း ဖြစ်သည်။ ဆိုလိုသည်မှာ သူ ပြောပြချင်သည်ကို လူတို့အား ပြောပြလိုက်ခြင်းဟူသော ဖော်ပြမှုအလုပ်လည်းဖြစ်သည်။

ထို့ကြောင့် စာရေးသူနှင့် စာဖတ်သူသည် တိုက်ရိုက်တွေ့ဆုံရမည့် ဆက်ဆံရေးဖြင့် နှောင်ဖွဲ့စပ်ဟပ်နေသည်။

ရှေးခေတ်ကဆိုလျှင် စာဆိုနှင့် သူ၏ပရိသတ်သည် တိုက်ရိုက်တွေ့ဆုံကာ ဆက်ဆံခဲ့ကြရသည်။ ယခု စာပုံနှိပ်စက်များခေတ် ရောက်သောအခါ ပရိသတ်နယ်လည်း ကျယ်ဝန်းလာပြီး စာရေးသူနှင့် စာဖတ်သူ ဆက်ဆံရေးမှာ ထုတ်ဝေသူမှတစ်ဆင့် ပြုလုပ်နေရလေသည်။

## စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူ ဆက်ဆံရေး

စာပေ၏ စီးပွားရေး ဖြစ်စဉ်ကိုတော့ လေ့လာမည်ဆိုပါက စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူ ဆက်ဆံရေးများကို စတင်လေ့လာရပေမည်။ ထိုမှတစ်ဖန် ဝင်ငွေ ဖြန့်ဖြူးမှုကို ဝေဖန်ရပေမည်။

အလုပ်သမားသည် သူ၏ "အလုပ်"အား အရင်းရှင်ထံ ရောင်းရသည်။ စာရေးဆရာသည် သူ၏ စာပေတစ်ပုဒ်အား ထုတ်ဝေသူထံ ရောင်းရပေသည်။ ထုတ်ဝေသူသည် ရွေးချယ်၍ဝယ်သည်။ အလုပ်သမားတွင် သာမန်အလုပ်သမား၊ ကျွမ်းကျင်သော အလုပ်

mgyoe.com

mgyoe.com


သမားဟူ၍ လုပ်ခဲ့ခြားနားပေးရသကဲ့သို့ပင် စာရေးဆရာများတွင်လည်း နာမည်ထင်ရှားခြင်းအလိုက် ရေးခပေးသော စနစ်ရှိပေသည်။

ဤ၌ ထုတ်ဝေသူ၏ စာပေရွေးချယ်မှုသည် စာရေးဆရာ နာမည်ကျော်ကြားခြင်း၊ စာရေးဆရာ၏စာပေ လူကြိုက်များခြင်း (ဝါ) ဝယ်လိုအားရှိသော ကုန်ပစ္စည်းဖြစ်ခြင်း စသည့် အရည်အသွေးအလိုက် ပိုင်းဖြတ်မှုပင် ဖြစ်သည်။

စာအုပ်ဖြစ်ပြီးနောက် ကိုယ်စားလှယ်ထံ ပို့ရသည်။

ဤ၌လည်း ကိုယ်စားလှယ်၏ရွေးချယ်မှု ရှိသေးသည်။ ကိုယ်စားလှယ်က မမှာသော စာအုပ်သည် စာအုပ်ရောင်းစင်ပေါ်မှာ ရှိမည်မဟုတ်ပေ။ စာအုပ်စင်ပေါ်၌ စာအုပ်မရှိလျှင် ယင်းစာအုပ်ကို စာဖတ်သူက ဖတ်ခွင့်ရမည်မဟုတ်ပေ။

## စာရေးသူနှင့် စာဖတ်သူကြားဝယ်

ယင်းသို့လျှင် စာရေးသူနှင့် စာဖတ်သူကြားတွင် ထုတ်ဝေသူ၏ ရွေးချယ်မှုများ၊ ကိုယ်စားလှယ်၏ ရွေးချယ်မှုများကို ဖြတ်သန်းရပေရာ စာပေလုပ်ငန်းကို စောကြောဝေဖန်လျှင် ဤကြား ဖြစ်စဉ်များကို မေ့ချန်ထား၍ မဖြစ်ပေ။

စာရေးသူသည် စာဖတ်သူအတွက် ရေး၏။ စာရေးဆရာသည် ပရိသတ်အား ရည်ညွှန်း၏။

သို့သော် ထုတ်ဝေသူ၏ ရွေးချယ်မှု၊ ကိုယ်စားလှယ်၏ ရွေးချယ်မှုများကြောင့် စာဖတ်သူလက်ထဲ မရောက်သည့် စာပေများလည်း ရှိကြပေသည်။

ဤဖြစ်စဉ်များ၊ ဤဆက်ဆံရေးများ၊ ဤစနစ်များအောက်တွင် ယနေ့ မြန်မာစာပေသည် တည်ရှိနေပေသည်။

ကြေးမုံ ၅-၂-၅၈

## သုံးနှုန်းထားသော ဝေါဟာရများ

| | |
|---|---|
| လူ့အသိ | Knowledge |
| လူ့အသိစိတ် | Consciousness |
| အတ္ထဗေဒ | Semantics |
| ဗျုပ္ပတ္တိဗေဒ | Etymology |
| အာရုံသိ | Perception |

mgyoe.com

 mgyoe.com



| | |
|---|---|
| အာရုံရုပ် | Sense Organ |
| ဘာသာဗေဒ | Linguistics |
| ထင်ဟပ်မှု | Reflection |
| ဖွံ့ဖြိုးတိုးတက်မှု၏ ဆက်သွယ်ခြင်း ဥပဒေ | Law of Correlatlon of Growth |
| အချက်ပြ | Signal |
| အာရုံကြော ဆက်သွယ်မှုစနစ် | Nervous System |
| အကျိုးအကြောင်း စဉ်းစားသိ | Rational Knowledge |
| အတွေးအခေါ် | Thought |
| ဝေါဟာရဗေဒ | Terminology |
| ပြန်ကြားမှတ်သားခြင်း | Register |

❐

mgyoe.com

mgyoe.com

# (၂) ဂီတဝေဖန်ရေး

၁။ ယနေ့ မြန်မာဂီတ

(၁)

တစ်ခါက မိတ်ဆွေတစ်ဦးက "သီချင်းတစ်ပုဒ်လောက် တီးစမ်းပါ" ဟု ဆိုလိုက်သည်။ စန္ဒရားတီးသူက မေရှင်သီဆိုသော နန်းကေသီ သီချင်းကို တီးသည်။

ဆိုသူက...

"အဆောင်တော်ထဲ

သန်းခေါင်ကျော်ဆဲ

မယ့် တစ်ကိုယ်တည်း

ပျော်ပါပဲ"

ဟူသော အစပိုဒ် ရောက်လာသောအခါ

မိတ်ဆွေက "ကာလပေါ် သီချင်းတော့ နားမထောင်ချင်ဘူးဗျာ။ ကျွန်တော်က သီချင်းကြီးသမား" ဟု ဆိုကာ ထွက်သွားသည်။

ထိုမိတ်ဆွေက ကာလပေါ်သီချင်းကို မကြိုက်၊ ရှေးသီချင်းကြီးကိုသာ ကြိုက်သည်ဟု ဆိုသည်။

အကယ်၍ သီဆိုသူက...

"သပြေပင်ဝန်း

ဇမ္ဗူသာကျွန်း

အခေါင်စံရှုန်း

တန်ဆောင်လျှံထွန်း"

mgyoe.com

 mgyoe.com


ဟူသော ဂီတဝိသောဓနီကျမ်း၌ပါသော သပြေပြင်ဝန်းဟူသော နဝရတ် ခရုသင်း သံကြိုး စာသားကိုဆိုလျှင် နေရာမှ ထမည်လော။

အမှန်အားဖြင့် ယင်းအဆောင်တော်ထဲနှင့် သပြေပြင်ဝန်းမှာ တီးကွက်အလိုက် အတူတူပင် ဖြစ်သည်။ နန်းကေသီသည် သပြေပြင်ဝန်း ကြိုးအစမှ ယူထားခြင်းဖြစ်သည်။

ကာလပေါ်သီချင်း မကြိုက်သူသည် ဘာကို မကြိုက်ခြင်းနည်း၊ တကယ့် ဂီတ တေးသံကို မကြိုက်ခြင်းလော၊ မဟုတ်နိုင်ပေ။ နန်းကေသီနှင့် သပြေပြင်ဝန်း ဂီတအသံအတူတူ။

သို့ဖြစ်လျှင် ကာလပေါ်၊ ရှေးသီချင်းကြီးဟူ၍ ပညတ်ထားသော (ဝါ) ခေါ်ဝေါ် ထားသော စကားလုံးကို မကြိုက်ခြင်းဟု နားလည်ရပေတော့မည်။ တစ်နည်းဆိုရသော် ကာလပေါ်မို့ မကြိုက်၊ သီချင်းကြီးမို့လို့ ကြိုက်ဟု အဓိပ္ပာယ်ရလေတော့သည်။

## (၂)

ကာလပေါ် သီချင်းဟူသည် ယခုကာလ၌ ပေါ်ပေါက်သောသီချင်း။ ရှေးသီချင်း ကြီးဟူသည် ရှေးခေတ်ကပေါ်ပေါက်သော သီချင်း။ ယင်းသို့ အဓိပ္ပာယ်ရလေသည်။ ရှေးခေတ်ဟူရာ၌ မြန်မာဘုရင် ကာလခေတ်ကို ဆိုလိုကြသည်။

ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား စသော သီချင်းများသည် ရှေးခေတ်က စပ်ဆိုခဲ့သော သီချင်းများဖြစ်သောကြောင့် မဟာဂီတစာရင်းဝင်ကာ ရှေးသီချင်းကြီးဟု သတ်မှတ်ခဲ့ကြသည်။ ယခုခေတ်လူများက ရှေးသီချင်းကြီးဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ယင်းသီချင်းများ ပေါ်ပေါက်သော ရှေးခေတ် (၁၈ ရာစုနှစ်ဟု ဆိုကြပါစို့) သည် ယခုခေတ် က ပြန်၍ ရှေးခေတ်ဟု နာမ ပညတ် တပ်လိုက်မှုသာ ဖြစ်သည်။ သူ့ခေတ်က လူများက သူ့ခေတ်ပေါ်ပေါက်သော သီချင်းကို ကာလပေါ်ဟု သဘောထားမည်ဖြစ်သည်။ တစ်နည်း ဆိုရသော် မြဝတီမင်းကြီးဦးစရေး "ထူးမခြားနား" သီချင်းခံကြီးသည် သူရေးသောခေတ်က ကာလပေါ်သီချင်းဖြစ်သည်။ သို့သော် နှစ်ကာလကြာ၍ ယခုခေတ်ရောက်သော်လည်း လူများ နှစ်သက်စွဲလမ်းကာ တည်တံ့လာခဲ့သောကြောင့် ယခုခေတ်လူများက သီချင်းကြီး ဟူ၍ မြတ်နိုးလျက်ရှိနေကြခြင်း ဖြစ်သည်။

ယခုခေတ်၌ ပေါ်ပေါက်သော ကာလပေါ်သီချင်းများသည်လည်း လူအများက လက်ခံနှစ်သက်လျှင် နှစ်များစွာ တည်ရှိနိုင်ပေမည်။ ဥပမာ...မြို့မငြိမ်း ရေးစပ်ပြီး လွန်ခဲ့ သော အနှစ် ၃၀ က ပေါ်ခဲ့သော နတ်သျှင်နောင်သီချင်းသည် ယနေ့တိုင် ဆန်းသစ်နေ ပေသေးသည်။

mgyoe.com

mgyoe.com

(၃)

အနုပညာတို့မည်သည် သူ့ခေတ်နှင့်သူ ရှင်သန်ရမြဲ ဖြစ်ပေသည်။ ကဗျာသည် လူတို့၏ ခံစားမှုကို ဖော်ပြသကဲ့သို့ ဂီတသည်လည်း လူတို့၏ ခံစားမှုကို ဖော်ပြပေသည်။

ယနေ့ပေါ်နေသော တေးသီချင်းများသည် ယနေ့ခေတ်လူတို့၏ခံစားမှုကို ဖွဲ့နွဲ့ ဖော်ကျူးထားခြင်းပင် ဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ်တို့၏ စိတ်ဝေဒနာများသည် ယနေ့ခေတ်ဂီတ၌ ထင်ဟပ်လျက် ရှိပေမည်။

ခေတ်သစ်ကဗျာ ပေါ်ထွန်းလာသကဲ့သို့ ခေတ်သစ်ဂီတ ပေါ်ထွန်းလျက် ရှိသည်။

မြန်မာကာလပေါ် ဂီတ၌ မြန်မာသံဟု အများခေါ်ဝေါ်ကြသော တေးဂီတ၌ ရှေးသီချင်းကြီး အစဉ်အလာများ ပါသော်လည်း ယင်းအစဉ်အလာ ဂီတသံမှ လမ်းခွဲထွက်သော ဆန်းသစ်မှုများ ရှိနေသည်။ တေးသံ တေးကွက်တွင်မက စာလုံး (ကဗျာ) တွင်လည်း ဆန်းလာကြသည်။ ရှေးခေတ်က အသံရှည်များကို အသုံးများသည်။ ယခု အသံတို အသံပြတ်များဖြင့် သုံးနှုန်းလာကြသည်။ .

တေးသံဘက်တွင် အနောက်တိုင်း တေးသံများရော ညှပ်ပါလာကြသည်။ အနောက်တိုင်း ဂီတပေါ်တွင် မြန်မာစာလုံးဖြင့်ပင် သီဆိုကြသည်။ သီဆိုပုံ၌ ရင်ခုန်သံ၊ ရှိုက်သံများပင် ပေါ်အောင် ဆိုလာကြသည်။

အနောက်တိုင်း တီးလုံးတီးကွက်များကို တီးမှုတ်ကြသည်ဆိုရာ၌ကား အနောက်စံနှင့်မမီဖြစ်နေသည်ကို တွေ့ရသည်။ ကမ္ဘာသုံး သင်္ကေတ၊ ကမ္ဘာသုံး တီးဝိုင်းများဖြင့် တီးမှုတ်ကာ မြန်မာစာသားဖြင့် သီဆိုလျှင် အဆင့်အတန်းမီပေမည်။ ကျောင်းများကအစ ဂီတသင်္ကေတ သင်ကြားပေးကာ ခေတ်မီတီးဝိုင်းကြီးများဖြင့် တီးသင့်ပေသည်။ ခုနစ်နှစ်၊ ရှစ်နှစ်သင်တန်း ဂီတတက္ကသိုလ် ဖွင့်လှစ်ပေးမည်ဆိုပါက ဂီတ အဆင့်အတန်း မြင့်လာပေမည်။

အသံလွှင့်ရုံမှ တေးသီချင်းများ ကြေညာရာ၌ ဆိုသူနှင့် စပ်သူအမည်လောက်သာပါသည်။ တူရိယာဆရာများ၏ နာမည်မပါ။ တချို့သောအဆိုတော်များမှာ တေး၏ ရသပေါ်အောင် ဆိုနိုင်သော်လည်း အသံအင်အားကို ကုန်အောင်မသုံးကြသည်ကိုတွေ့ရသည်။ အသံစဉ် ဘောင်ကျဉ်းကျဉ်းကလေးတွင်ပင် လှည့်ပတ်ဆိုနေကြသည်။ အသံလေ့ကျင့်ခန်းယူ၍ အသံအင်အားကို အစွမ်းကုန်သုံးသင့်ပေသည်။ ဒီမျိုးသမီးအဆိုတော်များ၌ ညာသံများဆိုသူ နည်းလှသည်။

တူရိယာ တီးမှုတ်မှု၌ ဆန်းသစ်မှု နည်းနေသေးသည်။ ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်

mgyoe.com

mgyoe.com

စန္ဒရားဝိုင်းတွဲဖက်သော တူရိယာတီးဝိုင်းကြီးများပေါ်လာလျှင် များစွာ နားထောင်ကောင်းမည်ဟု စိတ်ကူးယဉ်မိသည်။

မြို့ရွာ အနှံ့အပြား၌ ဂီတကျောင်းများဖွင့်လှစ်ကာ ရိုးရာ မြန်မာဂီတ၊ ခေတ်ပေါ် ဂီတများကို သင်ကြားပေးနိုင်မည်ဆိုပါက ပြည်သူတို့သည် ဂီတအနုပညာကို ယခုထက် ကျယ်ပြန့်စွာ ဖန်တီးဆန်းသစ်နိုင်ခွင့်ရရှိမည်ဖြစ်ပေသည်။

တေးဆို၊ တူရိယာတီးသက်သက်များ ပြုလုပ်ရန် ဂီတခန်းမဆောင်များ မရှိသေး။ အသံလွှင့်ရုံမှလာသော တေးဂီတကို နားထောင်နိုင်ကြရုံသာ ရှိပေသေးသည်။ အဆိုအတီး သက်သက် (အကဖြင့် တွဲဖက်လျှင်လည်း ကောင်းသည်) ဖြစ်သော တေးဂီတပွဲများ ရှိသင့်ပြီ။

လွတ်လပ်သော နိုင်ငံတွင် ပြည်သူတို့သည် အနုပညာကို ဖန်တီးဆန်းသစ်ခွင့်၊ အနုပညာရသကို ခံစားခွင့် အစွမ်းကုန်ရှိသင့်ပေသည်။

(ဂီတပဒေသာ၊ ၁၉၆၇)

## ၂။ ခံစားမှုနှင့် ဂီတ အနုပညာ

(၁)

အနုပညာသည် အာရုံခံစားမှု ပုံသဏ္ဌာန်ဖြစ်သည်ဟု အနုပညာနှင့် စာပေ သဘောတရားရေး ဆရာတို့က ဆိုကြပေသည်။

ရုပ်အလိုဖြစ်သော စားဝတ်နေရေးကို လူတို့သည် ဖြည့်တင်းကြရသည်။ စားဝတ်နေရေးတည်းဟူသော ကုန်ထုတ်လုပ်မှု ရှိသကဲ့သို့ စိတ်အလိုကို ဖြည့်တင်းသော အနုပညာ ဖန်တီးမှုလည်း ရှိပေသည်။ ရုပ်ဝတ္ထုကုန်ပစ္စည်း ထုတ်လုပ်မှုသည် လူတို့၏ရုပ်အလိုအရ ဖြစ်ပေါ်ကြပြီး အနုပညာဖန်တီးမှုသည် လူတို့၏စိတ်အလိုအရ ဖြစ်ပေါ်ကြခြင်း ဖြစ်ပေသည်။

ရှေးရှေးခေတ် အနုပညာ စတင်ပေါ်ပေါက်လာစက အနုပညာရပ်များသည် စုပေါင်းသော သဘာဝဖြင့် အခြေခံခဲ့သည်။ ထိုခေတ် ထိုအခါကလည်း လူနေမှုစနစ်မှာ စုပေါင်းစနစ်၊ ဘုံစနစ် ဖြစ်ပေသည်။

ရှေးအကျဆုံးနှင့် စိတ်လှုပ်ရှားမှု အပါဆုံး၊ ခံစားမှု အပါဆုံး အနုပညာများဖြစ်သော အကနှင့် တေးသီချင်းများကို လေ့လာက သိရှိနိုင်ပေသည်။ အကနှင့် တေးသီချင်းသည် ဆက်စပ်နေသော အနုပညာရပ်များ ဖြစ်ကြသည်။

ရှေးသမိုင်းဦးဘုံခေတ်အခါက အကနှင့် တေးသီချင်းသည် တစ်ဦးချင်းအလုပ်

mgyoe.com

mgyoe.com


မဟုတ်ကြပေ။ စုပေါင်းဝိုင်းဖွဲ့၍ ကကြခုန်ကြ ဆိုကြတီးကြသော စုပေါင်းလုပ်ငန်းဖြစ်သည်ဟု အဆိုရှိသည်။ တစ်နေ့ပတ်လုံး စားဝတ်နေမှုအတွက် အလုပ်လုပ်ရာမှ ပင်ပန်းနွမ်းနယ်လာသဖြင့် စိတ်သာယာမှု၊ ဖြေဖျော်မှုရစေခြင်းငှာ ညအခါ မီးပုံဘေး ဝိုင်းဖွဲ့ကာ စုပေါင်း၍ ကကြသည်။ သီဆိုကြသည်။ စည်းချက်လိုက်ကြသည်။ သူတို့ဘဝအကြောင်းကိုပင် ဖွဲ့နွဲ့၍ကခုန်ကြသည်။ သီဆိုကြသည်။ တီးမှုတ်ကြသည်။ ဘေးကကြည့်နေသော ပရိသတ်ကလည်း စိတ်တက်ကြွလာကာ ဝိုင်းထဲဝင်၍ ကခုန်သီဆိုကြတော့သည်။ ယနေ့ စက်မှုထွန်းကားလာသော၊ ဈေးဆိုင်များပွတ်သိပ်လာသော မြို့ပြခေတ်၌ပင် တောကျေးလက်၌ ကျန်ရစ်နေသေးသော တောကျေးလက်လူထု အနုပညာများသည် စုပေါင်းသော သဘောများ ပါရှိနေသေးသည်ကိုတွေ့ရပေလိမ့်မည်။ လူမျိုးစုအကများ၌ကား ယနေ့တိုင် စုပေါင်းအကအဖြစ် အစဉ်အလာအတိုင်း ရိုးရာမပျက်ရှိနေသေးသည်။ ကချင်မနောအက၊ ကရင် ဒုံးယိမ်း။

သမိုင်းဦးဘုံခေတ် တိမ်ကော၍ ပုဂ္ဂလိကပိုင်ဆိုင်မှုခေတ် (ကျေးကျွန်ပိုင်ရှင်ခေတ်၊ မြေရှင်ခေတ်၊ ဓနရှင်ခေတ်များ) ရောက်လာသောအခါ စုပေါင်းသဘာဝသည်လည်း ယုတ်လျော့လာကာ တစ်ဦးချင်း သဘောများ ယှက်သန်းလာခဲ့သည်။

သို့သော် စုပေါင်းခေတ်၊ ဘုံခေတ်ဖြစ်စေ၊ ပုဂ္ဂလိကခေတ်ဖြစ်စေ အနုပညာသည် အာရုံခံစားမှု စိတ်ဝေဒနာကို ဖော်ပြခြင်းဟူသော အင်္ဂါရပ်၌ ယုတ်လျော့မသွားပေ။

ပထမ၌ တေးဂီတသည် လူ့ဘဝ၏ ဒုက္ခအပေါင်းမှ နှစ်သိမ့်ရာ၊ အပန်းဖြေရာ သာယာမှုကို ရှာကြံရင်း ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။ ဂီတသည် လူတို့ နားအာရုံကို သာယာညှင်းပျောင်း ဖြေဖျော်ခြင်းဖြစ်သည်။ ဂီတသည် အပန်းဖြေသဘော၊ သာယာမှု သက်သက်သဘောဖြင့် အဆုံးသတ်နေသည် မဟုတ်ပေ။ ဂီတအနုပညာသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကာ လူ့အဖွဲ့အစည်း၊ လူနေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် သူကလည်း ဖွံ့ဖြိုးတိုးတက်လာသည်။ ဂီတအနုပညာသည် သာယာမှု သက်သက်ကိုသာ ပေးနေသော အနုပညာအဖြစ် ရပ်တန့်နေသည် မဟုတ်ပေ။ ဂီတသည် လူတို့ လက်ရှိဘဝကို ဖွဲ့နွဲ့သည်။ တကယ့် လူ့လောကကြီး၏ အခြေအနေများကို ဖော်ပြသည်။ ယင်းသို့ဖြင့် လူတို့၏စိတ်ကို နိုးကြားလာအောင်၊ တက်ကြွလာအောင် လှုံ့ဆော်ပေးသည်။ ယင်းသို့ နိုးကြားလာအောင် လှုံ့ဆော်ပေးနိုင်ခြင်းမှာ ဂီတသည် လူတို့ခံစားမှုကို ဖော်ပြသောကြောင့် ဖြစ်ပေသည်။

ခံစားမှု မပါလျှင် ဂီတလည်း မမည်နိုင်တော့ပေ။

mgyoe.com

 mgyoe.com 

## (၂)

ခံစားမှုဆိုရာ၌ ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ် ကောက်ရန်လိုသည်။

အချစ်ကိစ္စ တစ်ခုတည်းကို ခံစားမှုယူ၍ မပြီးသေးပေ။ အချစ်ကိစ္စမှာ လူတော်တော်များများနှင့် ပတ်သက်နေသဖြင့် လူ့စိတ်ရှိ လှုပ်ရှားအဖမ်းစားနိုင်ဆုံးသော ဂီတကို အသုံးပြုခြင်းမျှသာ ဖြစ်ပေသည်။ မိမိဘက် ပါလာရေးအတွက် အထက်မြက်ဆုံးသော အနုပညာလက်နက်ကို သုံးခြင်းသဘောပင် ဖြစ်သည်။

ပုဂံခေတ်က ကူဗလေခန်၏ တာတာစစ်သည်များ မြန်မာနိုင်ငံကို ကျူးကျော်ခဲ့စဉ်က ကာချင်းဟူသော ဂီတဖြင့် ခုခံတိုက်ခိုက်လာအောင် အားမာန်ကို လှုံ့ဆော်နိုင်ခဲ့သည်။ အင်္ဂလိပ်ကျွန်ဘဝက "ကမ္ဘာမကျေ ဗမာတစ်တွေ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါငါတို့ပြည်၊ တို့ဗမာ တို့ဗမာပြည်ကို" အစရှိသော တို့ဗမာသီချင်းမှာ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်ကို နိုးကြားအောင် လှုံ့ဆော်နိုင်စွမ်းရှိခဲ့သည်။ ထိုအခါ ပြည်သူတို့မှာ ယင်းကမ္ဘာမကျေသီဆိုရင်း ကြက်သီးမွေးညှင်းထခဲ့ကြသည်။ ဘာကြောင့်နည်း။ ယင်းသီချင်းမှာ အမျိုးသား လွတ်မြောက်ရေးဟူသော ခံစားမှုပါသောကြောင့်ဖြစ်သည်။

"မေ့ကွက်ကိုရှာ" သီချင်းသံကို ကြားရသောအခါ လွမ်းစိတ်ဝေကြရသည်။ ဘာကြောင့်နည်း။ ခံစားမှုပါသောကြောင့် ဖြစ်သည်။

တစ်နည်းဆိုရသော် အခြေအနေနှင့်ဂီတ ကိုက်ညီသောကြောင့် ဂီတ၏ရသကို ခံစားကြရခြင်း ဖြစ်သည်။ နယ်ချဲ့သမားများလက်အောက် ရောက်သောအခါ "ဒါ တို့ပြည်၊ ဒါ တို့မြေ" ဟူသောအသံမှာ ရင်ခုန်စေတော့သည်။ အလွမ်းခံရှိနေသူတို့မှာ မေ့ကွက်ကိုရှာရင်း ရင်ခုန်ကြရလေတော့သည်။ မေ့ကွက်ကိုရှာသည် အလွမ်းဓာတ်ခံမရှိသူအား သည်လောက် ထိခိုက်စေနိုင်လိမ့်မည် မဟုတ်ပေ။

အဆုံးအဖြတ်ပေးသည်ကား ရုပ်အခြေအနေဖြစ်ပေသည်။ ဂျပန်ခေတ် စစ်အတွင်း၌ နတ်သျှင်နောင်သီချင်းသည် ခေတ်စားလာသည်။ စစ်သားများ၏ဘဝနှင့် သွား၍ ဟပ်နေသောကြောင့် ဖြစ်သည်။ ခံစားမှုပါနေသောကြောင့် ဖြစ်သည်။ ဖက်ဆစ် တော်လှန်ရေးဆင်နွှဲရင်း စစ်မြေပြင်နားချိန်၌ "ကိုယ်တိုင် လှရာရာရွေးလို့ ဆင်မပေးရ ဆံမြညာကော၊ စစ်မြေမှာ ကြာညောင်းရက်ရှည်"ကို ညည်းသလျက် ရှိခဲ့ကြသည်။ သို့သော် ရန်သူဘက်မှ သေနတ်သံ ကြားလိုက်လျှင် တေးညည်းသူသည် သေနတ်မောင်းကို ဆုပ်ကိုင်လိုက်မည်သာ ဖြစ်ပေသည်။ မေ့ကွက်ကိုရှာသော ရသခံစားမှု စိတ်အခြေအနေသည် ရုပ်အခြေအနေကို ပြောင်းလဲအောင်အထိကား မလွှမ်းမိုးနိုင်ပေ။

mgyoe.com

mgyoe.com


ခံစားမှုပါသော ဂီတသည် ရင်ထဲတွင် တလှပ်လှပ် ဖြစ်နေသူအား မျက်ရည်စီးကျအောင် လှုံ့ဆော်နိုင်သည်။ အံကြိတ်ထားသူအား ဓားဆွဲအောင် နှိုးဆွနိုင်သည်။ ဝတ်ပြတ်ခေါင်းပါးနေသော အခြေအနေတွင် "စပါးဆန်ရေ ပေါများပေ" လုပ်၍ လူအများကို ပြုံးရွှင်အောင် လုပ်သည်အထိကား မရနိုင်ပေ။ ခံစားမှုအတုဖြင့် ယူကျုံးဆွဲငင်၍ မရနိုင်ပေ။

(၃)

ဂီတအနုပညာ၌ ခံစားမှု အစစ်သည်သာလျှင် ရန်စုန်အောင် ပြုလုပ်နိုင်ပေသည်။ အဆိုတော်တစ်ယောက်သည် အသံလည်း စီဝေနေအောင်ကောင်း၊ ဌာန် ကရိုဏ်းလည်းကျ၊ စည်းဝါးလည်းမိ၊ မှင်မောင်းလည်းပါ၊ အပြစ်အနာအဆာမရှိ၊ သို့သော် ခံစားမှုမပါသဖြင့် သူ့သီချင်းများသည် အသက်မပါပေ။ ကဗျာ၌လည်း ကဗျာစည်းကမ်း ဥပဒေများနှင့် ညီညွတ်၍ အပြစ်ရှာမရအောင် အစပ်အဟပ်ကောင်း၊ ကာရန်မိ၊ သို့သော် ခံစားမှုမပါသဖြင့် အသက်မပါ။

ခံစားမှုပါသော အဆိုကား ရင်ကို လာရိုက်တော့သည်။

သီချင်းရေးဆရာသည်လည်း ခံစားမှုဖြင့် ဖွဲ့နွဲ့ရပေမည်။ ဆိုသူကလည်း ခံစားမှုဖြင့် ရှိုက်ငင်ရပေမည်။ အတီးဘက်ကလည်း ခံစားမှုဖြင့် တို့ထိရပေမည်။

ယနေ့ခေတ်သစ် ဂီတလောက၌ ကော်နီဖရန်စစ် နာမည်ကြီးနေခြင်းမှာ ရင်တွင်းမှ ဆိုသောကြောင့် ဖြစ်သည်။ သူမသည် နှုတ်ဖျားမှ စာလုံးရွှတ်နေခြင်း မဟုတ်ပါ။ မာမာအေး၏ အချို့သောသီချင်းများ ကျော်ကြားခြင်းမှာ ရင်မှဖြစ်သော တေးကိုဆိုခြင်းကြောင့် ဖြစ်ပေသည်။ စစ်မဖြစ်ခင်တစ်ညှ မိုးကြီးလေကြီးကျနေသော လျှပ်လက်ဝင်းပြက် တစ်ည၌ စန္ဒကိန္နရီသီချင်းကို ရှိုက်သံဖြင့် လှိုင်းထအောင်ဆိုသော ရေဒီယိုမှ စိန်ပါတီ၏အသံကို ယနေ့တိုင် မမေ့နိုင်သေးပေ။

တီးလုံးတစ်ခုတည်းကိုပင် ခံစားမှုဖြင့် ထိတို့နိုင်သော စန္ဒရားလက်သံမှာ အခြားစက်ယန္တရားဆန်သော စန္ဒရားလက်သံထက် အသက်ပါပေသည်။ ဗီသိုဗင်၏ ငွေလရောင်တီလုံးကို စန္ဒရားဆရာများစွာ တီးခဲ့ကြပြီ။ ခံစားမှုပါသော စန္ဒရားဆရာ၏လက်သံမှာ ကျော်ကြားပေသည်။

အနုပညာသည် အာရုံခံစားမှု ပုံသဏ္ဍာန်ဖြစ်ပေရာ ဂီတသည် ခံစားမှုဖြင့် သီဆိုတို့ထိမှသာလျှင် လူ၏ရင်တွင်းသို့ ပဲ့တင်ရိုက်ခတ်မည် ဖြစ်ပေသည်။

(ဂီတပဒေသာ၊ ၁၉၆၉)

mgyoe.com

## ၃။ ပိတောက်ရွှေဝါနှင့် ဒေစီ

### (၁)

အထိန်းသိမ်း ခံနေရစဉ်က တန်ခူးလ တစ်နေ့၌ ဘယ်သူ လာပေးသည် မမှတ်မိ၊ ပိတောက်တစ်ခက် ရလိုက်သည်။ ကျွန်တော့်ရင်ထဲ၌ ပီတိလှိုင်း ထလာတော့သည်။ ပိတောက်ပန်းရနံ့မှာ သင်းမြမြ၊ အကျဉ်းထောင်တွင် နေခဲ့ရသော ရက်များ၌ ပိတောက်ပန်း ရသည့်နေ့မှာ အကြည်နူးဆုံးသော နေ့တစ်နေ့ဖြစ်သည်။ မှောင်မိုက်သောညဥ္၌ လှပသော ကြယ်တစ်ပွင့်ကို မြင်လိုက်ရခြင်းပင် ဖြစ်သည်။ ကျွန်တော်သည် ပိတောက်ခက်ကလေးကို ရေထဲ၌စိုက်ကာ အိပ်ရာခေါင်းရင်းဘက်၌ တမြတ်တနိုးထားလိုက်သည်။

ပထမ ပိတောက်၊ ရွှေရောင်ဖြင့် ရင်ခုန်နေသော ပိတောက်၊ မြန်မာ့အလှ၏ အမှတ်အသား ပိတောက်၊ နှစ်သစ်၏ သင်္ကေတပိတောက်၊ ကျွန်တော်လွတ်သည်အထိ ပိတောက်ပန်းခြောက်ကလေးမှာ စာအုပ်ကြား၌ညပ်လျက်။ အရောင်မှိန်ဖျော့ သွားသော်လည်း ကျွန်တော်က စိတ်ကူးဖြင့် ကြည့်သောအခါ ပိတောက်ပန်းခြောက် ကလေးမှာလည်း လန်းဆန်းလာသည်။ ပိတောက်ပန်းသည် ကျွန်တော့်အား အားသစ်ကို မွေးစေသည်။ ပိတောက်ရနံ့ကြောင့် ကျွန်တော် ရင်ခုန်ရသည်။ မောလျှရသည်။

ကျွန်တော်သည် ၁၄၊ ၅ နှစ်အရွယ်ကစ၍ ပိတောက်ပန်းကဗျာများ ရေးစပ်လာခဲ့ ဖူးသည်။ ပိတောက်ဝေဝေ၊ တော်လှန်မှု၊ ပထမပိတောက်၊ ခံစားမှုတစ်မျိုးစီ ဖြစ်ကြသည်။ အချစ်လည်းပါသည်။ အဘိဓမ္မာလည်းပါသည်။ အလှအာရုံလည်းပါသည်။ တော်လှန်ရေး လည်းပါသည်။ အချိန်အခါအမျိုးမျိုး၌ စိတ်အခြေအနေအမျိုးမျိုးကြောင့် ခံစားရာကို စီဖွဲ့လိုက်ခြင်း ဖြစ်သည်။ တစ်ခါက ချီလီပြည်မှ ကဗျာဆရာကြီး ပါဗလိုနီရူဒါနှင့်တွေ့ရာ သူက "ကျွန်တော် မြန်မာပြည်က ပိတောက်ပန်းကို သတိရနေပါတယ်" ဟု ပြောလိုက် သည်။ သူသည် မြန်မာပြည်၌ ၁၉၃၀ ပြည့်လောက်ကနေဖူးသည်။ ကဗျာဆရာက ပိတောက်ပန်းကို မြန်မာပြည်၏အထိမ်းအမှတ်အဖြစ် သတိရနေဟန်ရှိသည်။

ပီကင်း၊ မော်စကိုသွား လေယာဉ်၌ အရှေ့ဥရောပပြည် တစ်ပြည်မှ ကချေသည် အမျိုးသမီး မာရီယာနှင့် ပန်းအကြောင်းစကားစပ်မိကြရာ သူမက "ရှင်ပြောတဲ့ ပိတောက် ပန်းဆိုတာ သိပ်လှသလား"ဟု မေးသည်။

"ရှင် ပိတောက်ပန်းအကြောင်း ရေးထားတဲ့ ရှင့်ကဗျာကို ရွတ်ပြပါလားရှင်"

ကျွန်တော်က ပထမ ပိတောက်ကဗျာကို ရွတ်ပြသည်။

"ကျွန်မတို့ဆီမှာလည်း ဒေစီပန်းဟာ သိပ်လှတယ်၊ ရှင်တို့ ရွှေပိတောက်လိုပဲ။

mgyoe.com

အဝါရောင်ပဲ။ ပိတောက်ပန်းနဲ့ ဒေစီပန်း ဘယ်ဟာက လှမလဲဟင်"

"ကျွန်တော် ဒေစီကို မြင်ဖူးပါတယ်။ တစ်မျိုးစီ လှကြတာပါပဲ။ နှိုင်းယှဉ်လို့ မရပါဘူး။ အထူးသဖြင့် အလှဗေဒပညာတွေမှာ အရှေ့နဲ့အနောက် မတူကြပါဘူး။ မတူတဲ့ အတွက်လည်း နှိုင်းယှဉ်လို့ မရဘူးလို့ သဘောရပါတယ်"

ပြောရင်း မွန်ဂိုလျမြို့တော် အူလန်တာတော လေဆိပ်သို့ လေယာဉ်ပျံဆင်းနေသဖြင့် စကားမဆက်နိုင်တော့။ သူမလည်း ကျွန်တော့်အား ရီရီဝေဝေ ငေးကြည့်နေသည်။ နားလည်လေသလား၊ မလည်လေသလား မသိ။

(၂)

တစ်ခါက အနောက်နိုင်ငံ တေးသီချင်းများကို နှစ်သက်သော လူရွယ်တစ်ဦးမှာ "ကျွန်တော်တို့ မြန်မာ့ဂီတက အင်္ဂလိပ်ဂီတကို မမီဘူးဗျ။ အင်္ဂလိပ်မှာက Chord (မိတ်ဖက်သံတွဲ) တို့၊ Bass (ဘယ်လိုက်သံ) တို့ပါတယ်။ မြန်မာမှာ မရှိဘူးဗျ" ဟု ပြောသည်ကို ကြားရဖူးသည်။ သူသည် အင်္ဂလိပ်တေးကို မတောက်တခေါက် တီးတတ်၍ မြန်မာသီချင်းကိုမူ မတတ်ချေ။

နောက်တစ်ယောက်မှာ မြန်မာ ရှေးသီချင်းကြီးများကို နှစ်သက်သော လူလတ်တစ်ယောက် ဖြစ်သည်။

သူက "ကျွန်တော်တို့ မြန်မာသီချင်းကြီးက သိပ်အထက်တန်းကျတာဗျ။ ဘယ်လိုလူမှ လိုက်မမီဘူး။ သူတို့ အင်္ဂလိပ်မှာက သီချင်းကြီးဆိုတာမှ မရှိဘဲ" ဟု ပြောလိုက်သည်။

ပထမ အယူအဆရှိသူမှာ မြန်မာသီချင်းလည်း မသိ၊ အနောက်နိုင်ငံသီချင်းလည်း သိပ်မသိသူ ဖြစ်သည်။ ဒုတိယ အယူအဆရှိသူမှာ အနောက်နိုင်ငံသီချင်းဂီတကို မသိသူ ဖြစ်သည်။ မြန်မာသီချင်း ဂီတကိုမူ သိသလား၊ မသိသလား မပြောတတ်။ သို့သော် သိသယောင်မှတ်ရသည်။ သူ၏အယူအဆမှာ ကျဉ်းမြောင်းသောလူမျိုးစွဲဝါဒမှ အခြေခံသည်။

ယင်းအယူအဆနှစ်ရပ်စလုံးသည် ဂီတကို အခြေခံကျကျ၊ သဘာဝကျကျ၊ ကျယ်ကျယ်ပြန့်ပြန့် ကြည့်မြင်ခြင်းမဟုတ်ဟု သဘောရပေသည်။

(၃)

အနုပညာ၌ အရှေ့နှင့် အနောက်သည် သဘာဝချင်း မတူကြပေ။ အနုပညာ သဘောတရားရေး ဆရာများသည် အရှေ့တိုင်း ပန်းချီပညာ၊ အနောက်တိုင်း ပန်းချီပညာ

mgyoe.com

ဟု မတူခြားနားချက်ကို ဖော်ပြကြသည်။ အရှေ့တိုင်း ပန်းချီသည် ကောက်ကြောင်းဟန်ဖြင့် အနီးအဝေးကို အရေးမထားဘဲ အပြားပုံသဏ္ဌာန်ဖော်သည်။ ပုံတူထက် သဘော၌ကဲသည်။ စိတ်ကူးကို အသားပေးသည်။ ဆေးရောင်နည်းနည်း သုံးသည်။ အနောက်တိုင်း ပန်းချီကား အနီးအဝေးကိုအခြေခံကာ အလုံးအဝန်းပေါ်အောင် ပုံတူဖော်သည်။ အလင်းအမှောင်ကို ဂရုထားသည်။ ဆေးရောင်များများ သုံးသည်။ အကဘက်၌လည်း အရှေ့နှင့်အနောက် ခြားနားကြသည်။ အရှေ့တိုင်းအကသည် ပျော့ပျောင်းခြင်းကိုလိုက်၍ အနောက်တိုင်းအက က အရှိန်အဟုန်ကို လိုက်သည်။ ယင်းသို့ မတူကြသဖြင့် ကိုယ့်အနုပညာမှ ကောင်းသည်၊ သူတို့အနုပညာက တို့လောက်မကောင်း စသည်ဖြင့် မတူခြားနားခြင်းကိုစွဲ၍ကောင်း၊ မကောင်း မိမိဘက်က ထင်မြင်ယူဆ၍ မဖြစ်ပေ။ ယင်းသို့မတူခြင်းကိုပင်လျှင် အသိအမှတ်ပြုရပေမည်။ အပြန်အလှန်လေးစားရပေမည်။

ဂီတ၌လည်း ထို့အတူ။ အရှေ့တိုင်းဂီတနှင့် အနောက်တိုင်းဂီတသည် သဘာဝချင်းမတူကြ။ အရှေ့တိုင်းက Melody ဟုခေါ်သော တစ်သံချင်း ဆင်းတက်လှုပ်ရှားမှု (ဝါ) အသံလှိုင်းတွန့်များကို အသားပေး၍ အနောက်တိုင်းဂီတမှာ Harmony ဟု ခေါ်သော အသံစုံတွဲများကို အသားပေးသည်။ ယင်းသို့ သဘာဝချင်း ခြားနားကြသည်။

မြန်မာဂီတနှင့် အနောက်တိုင်းဂီတ ခြားနားမှုမှာလည်း ယင်းသဘောတရားအရ ဖြစ်သည်။ အသံစဉ်များ ဘယ်ညာစီရရီထားသော တူရိယာများ၏ တီးနည်း နိသျှတို့ကို ကြည့်က ထင်ရှားသည်။ ပတ္တလားကို လက်နှစ်ဖက်ဖြင့် လက်ခတ်ကိုင်ကာ တီးသည်။ ယင်း၌ အများဆုံး သံစုံနှစ်သံကိုသာ တစ်ပြိုင်နက် တီးနိုင်သည်။ စန္ဒရား၌ကား လက်ဆယ်ချောင်းဖြင့်တီး၍ ရသဖြင့် အများဆုံး သံစုံဆယ်သံကို တစ်ပြိုင်နက်တည်း တီးနိုင်သည်။ အနောက်နိုင်ငံ တူရိယာဝိုင်းကြီးများ၌ လူပေါင်းရာကျော်ပါသော တီးဝိုင်းများဖြင့် တီးမှုတ်ကြသည်။ မြန်မာဂီတ၌ သည်လောက် လူမများပေ။ တီးမှုတ်ကြသောအခါ၌လည်း မြန်မာတူရိယာက တစ်ခုချင်းအစွမ်းပြမှုပေါ်၌ အသားပေးတတ်သည်။ အသံလှိုင်းတွန့်များသောကြောင့်လည်း ယင်းသို့ တူရိယာတစ်ခုချင်း အစွမ်းပြသော သဘာဝရှိခြင်း ဖြစ်ပေမည်။ အနောက်နိုင်ငံ တူရိယာဝိုင်းများကမူ စုပေါင်းစည်းလုံး၍ တီးမှုတ်ကြရသည်။ ယင်းသည်မှာလည်း အနောက်ဂီတသည် သံစုံတွဲများကို အသားပေးသော သဘာဝရှိသော ကြောင့်ဖြစ်မည်။ အနောက်တိုင်း ဂီတ၌ ဂီတသင်္ကေတဖြင့် တီးမှုတ်ကြသောကြောင့်လည်း စနစ်ကျခြင်းဖြစ်သည်။ မြန်မာဂီတ၌မူ အနောက်တိုင်း ဂီတသင်္ကေတကဲ့သို့သော သင်္ကေတ မျိုး မရှိပေ။ ယင်းသို့ မြန်မာဂီတ၌ သင်္ကေတ မရှိခြင်းသည်ပင်လျှင် သူ့သဘာဝကြောင့်

mgyoe.com

ဖြစ်ပေသည်။ မြန်မာ့ဂီတ၌ ဘယ်သံလိုက် လုံးဝမရှိမဟုတ်၊ ရှိသည်။ ခြောက်လုံးပတ်၊ ပတ်မ စသည်များဖြင့် ဘယ်သံသဘောမျိုး လိုက်ပေးကြသည်။

မြန်မာဂီတနှင့် အနောက်တိုင်းဂီတ သဘာဝ မတူကြသည် များစွာရှိသည်။ အနောက်ဂီတ၌ တူရိယာသက်သက် တီးမှုတ်ခြင်းများ ရှေးကတည်းက ရှိခဲ့ကြသည်။ စန္ဒရားတီးလုံးသက်သက်များကို အနောက်ဂီတ ဆရာများစွာ ရေးစပ်ခဲ့ကြသည်။ မြန်မာဂီတ၌ကား အဆိုကို အဓိကထားကြသည်။ အဆိုကိုမူတည်၍ အတီးက အဆိုကို တန်ဆာဆင်ပေးရစမြဲဖြစ်သည်။ အနောက်၌ Modulation ခေါ်သော သံစဉ်ပြောင်း၍ တီးခြင်းများရှိသည်။ မြန်မာဂီတ၌ကား အသံစဉ်ပြောင်းခြင်းမျိုး လုပ်လေ့မရှိကြ။ မြန်မာ၌ရှိသော ဂီတအလှ အနောက်၌မရှိ၊ အနောက်၌ရှိသော ဂီတအလှ မြန်မာ၌ရှိမည်မဟုတ်ပေ။ ကိုယ့်အလှနှင့်ကိုယ် လှနေကြခြင်းဖြစ်သည်။

ယနေ့ခေတ်၌ကား အရှေ့နှင့်အနောက် ကူးယှက်စပြုနေပြီ။ အနောက် ခေတ်သစ်ပန်းချီ၌ အရှေ့ပန်းချီဟန်များ ရောက်နေသည်။ အင်ဒိုနီးရှား၊ ဂျပန်ခေတ်သစ်ဂီတ၌ အနောက်ဟန်နှင့်စပ်သော အလှတစ်မျိုး ပွင့်နေကြပြီ။

ပိတောက်ရွှေဝါနှင့် ဒေစီတို့သည် သူ့အလှနှင့်သူ လှပကြပေသည်။

(ဂီတပဒေသာ၊ ၁၉၆၉)

## ၄။ ဂီတဗေဒနှင့် အမျိုးသား လွတ်မြောက်ရေး

(၁)

လွတ်လပ်ရေး ကြေညာပြီး သုံးနှစ်ခန့်အကြာ၌ ကျွန်တော်သည် အရှေ့တိုင်းနိုင်ငံတစ်နိုင်ငံသို့ ရောက်သွားသည်။ မြို့ကြီးတစ်မြို့၌ ဂီတဆရာများနှင့် ဂီတအကြောင်း ဆွေးနွေးမိကြသည်။ ကျွန်တော်က ဂီတဆရာများအား သူတို့နိုင်ငံ ဂီတအကြောင်း မေးမိသည်။ ကျွန်တော့်စိတ်ထဲ၌ မရှင်းမလင်းဖြစ်နေသော အချက်များကို သူတို့က ကျွန်တော် ကျေနပ်အောင် ဖြေကြသည်။ ဖြေလည်း ဖြေနိုင်ကြသည်။ သူတို့၏အခြေခံမှာ အသံငါးသံသာရှိသော သံစဉ်ငါးသံ အခြေခံ ဖြစ်သည်။

ကမ္ဘာပေါ်၌ အခြေခံသံစဉ် ငါးသံ တီးမှုတ်သော နိုင်ငံများမှာ တရုတ်၊ စကော့နှင့် အမေရိကန် နီဂရိုးများ ဖြစ်ကြသည်။ သံစဉ်ငါးသံ အခြေခံဆိုသည်မှာ အားလုံး အသံစဉ်ငါးသံနှင့်သာ တီးမှုတ်သောစနစ်ကို ဆိုလိုသည်။ စန္ဒရားခလုတ်များ၌ အနက်ခလုတ်ငါးခုနှင့် သီချင်းဖြစ်အောင်တီးသော အသံဖယား၊ အသံစနစ် သဘောတရား ဖြစ်သည်။

 mgyoe.com 

မြန်မာတူရိယာ သဘောတရားနှင့်ကြည့်လျှင် အရပ်ခေါ် နှစ်ပေါက်နှင့် ခြောက်ပေါက် ဖျောက်ထားသော အသံစဉ်ဇယားမျိုး ဖြစ်သည်။ ငါးပေါက်သံ သံမှန်ထားတီးလျှင် နှစ်ပေါက်နှင့် ခြောက်ပေါက်မပါဘဲတီးသော အသံဇယားမျိုး ဖြစ်သည်။ မြန်မာ့နားနှင့် ဆိုလျှင် မတင်မကျ အသံဟန်မျိုးဖြစ်သည်။

ယင်းသံစဉ် ငါးသံဇယားမှာ သူတို့၏ အမျိုးသားဂီတ ပုံသဏ္ဌာန် ဖြစ်ပေသည်။

နိုင်ငံများ၌ မိမိတို့ အမျိုးသားဂီတ ပုံသဏ္ဌာန်များဖြင့် အသီးအသီး အသက အသက ရှိကြသည်။ ဥရောပနိုင်ငံများကား ဂရိတ်ရောမ ယဉ်ကျေးမှုမှ ဆင်းသက်ကြသည် ဖြစ်၍ ဂရိတ် အစဉ်အလာအသံများမှ အခြေခံကြသည်ဖြစ်ရာ အသံစဉ် အသုံးပြုပုံမှာ တူညီကြသည်။ အသံစဉ်ဇယား၌ ကွဲလွဲမှု မရှိကြပေ။ ယခုအခါ စန္ဒရားဟူသော တူရိယာကို ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံး (အရှေ့အနောက်၊ အာရှ အာဖရိက) လက်ခံသုံးစွဲလျက် ရှိရာ အနောက်နိုင်ငံ အသံဇယားသည် နားယဉ်၍နေကြပေပြီ။ အရှေ့တိုင်းသံ ပီသမှုရှိသော ဂျပန်ဂီတပင်လျှင် ယခုအခါ အနောက်တိုင်း သံစုံတူရိယာဝိုင်းများဖြင့် တီးမှုတ်ဆန်းသစ် လျက် ရှိနေပေပြီ။ မကြာမီကပင် ယဉ်ကျေးမှုတော်လှန်ရေး အရေးတော်ပုံ၌ စန္ဒရား၌ "မီးအိမ်နီ" ဟူသော တရုတ် အမျိုးသားဂီတသစ်ကို တီးခတ်ဆန်းသစ်ခဲ့သေးသည်။ လွန်ခဲ့သော အနှစ်တစ်ရာခန့်က "အရှေ့နဲ့ အနောက် ဘယ်တော့မှမဆုံ" ဟူသော ကစ်ပလင်၏ကဗျာအနက်မှာ ပြယ်စပြုနေပြီ။

ယင်း အရှေ့တိုင်းနိုင်ငံ၌ အစဉ်အလာရိုးရာ အမျိုးသား တူရိယာများကို ရိုးရာ သံစဉ်ဇယားဖြင့် တီးမှုတ်ကြသည်။ ခေတ်ပေါ်စန္ဒရား၊ တယော စသော တူရိယာများကို လည်း ခေတ်ပေါ်စနစ်အတိုင်း တီးမှုတ်ကြသည်။ ဥရောပ၌ တီးမှုတ်ကြသော ဂီတပြိုင်ပွဲ များသို့လည်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အထူးသဖြင့် လူငယ်များသည် စန္ဒရား၊ တယော စသော တူရိယာများကို အနောက်စံ၊ အနောက်ဇယားများဖြင့် တီးကာ ဥရောပ၌ ကျင်းပသော တူရိယာ ဂီတပြိုင်ပွဲများ၌ဝင်ကြရာ ဆုများရရှိကြသည်။ ဂီတကျောင်း များလည်း ရှိကြသည်။ ယခုအခါ တစ်ကမ္ဘာလုံးသုံးစွဲလျက်ရှိသော မျဉ်းငါးကြောင်းပေါ် မှတ်သားသော ကမ္ဘာသုံးဂီတသင်္ကေတကိုပင် အသုံးပြုသည်။ ယင်းကမ္ဘာသုံးဂီတ သင်္ကေတမှာ အသံများကို မှတ်သားနိုင်ရုံ၊ စည်းဝါးများကို ဖော်ပြနိုင်ရုံမက မှင်၊ မောင်း ဟုခေါ်သော အတို့၊ အပင့်၊ အဆတ်၊ အတောက်၊ အတိုး၊ အရိုက်၊ အညှင်း၊ အသုတ် စသော ဂီတရသ ဟန်ကလေးများကိုလည်း အီတလီ ဘာသာစကားဖြင့် ညွှန်ထားပေရာ တော်တော်ကလေး ပြည့်စုံပေသည်။

mgyoe.com

(၂)

ယင်း အရှေ့တိုင်းနိုင်ငံမှာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဘက်၌ ပြန်လည်ထူထောင်နေသော နိုင်ငံဖြစ်၍ ကျွန်တော်တို့ အလည်အပတ်ရောက်ချိန်တွင် အဘက်ဘက်က တိုးတက်အောင် ကြိုးစားနေချိန် ဖြစ်သည်။ စက်မှုလက်မှုများ ထူထောင်နေသည်နှင့်အမျှ ယဉ်ကျေးမှုဘက်ကလည်း ပွင့်ဖူးအောင် အားထုတ်လျက်ရှိနေသည်။

ကျွန်တော် သိချင်သည်များ မေးပြီးသောအခါ သူတို့က မြန်မာ့ဂီတအကြောင်း မေးကြသည်။

ပထမ မြန်မာ့အသံစဉ် ဇယားကို မေးကြသည်။

ကျွန်တော် အတိအကျ သက်သေသာဓကဖြင့် မဖြေနိုင်တော့။ စောင်း၊ ဆိုင်းဝိုင်း ဘယ်သံတို့တွင် အသံငါးသံနှင့်ညှိကြောင်း ကျွန်တော် မှတ်မိသိရှိသလောက် ပြောပြရသည်။ အသံငါးသံဖြင့် ညှိသော်လည်း ဆိုင်းဝိုင်းတွင် အသံခိုးကာ ခုနစ်သံ သံစဉ်ဖြင့်ဝင်အောင်လုပ်ကြောင်း၊ စောင်းတွင်လည်း လက်ဖြင့်တွန်းကာ အသံများ ခု၍ ခုနစ်သံ သံစဉ်ဖြင့် တီးမှုတ်ကြောင်း ပြောပြရသည်။

ကျွန်တော့်မှာ ဂီတဝါသနာပါသူမျှသာဖြစ်ရာ အသံစဉ်ဇယားကိုပင် တိတိကျကျ မပြောနိုင်တော့။

စာအုပ်များ၌ ဖတ်ရသော အသံစဉ်ဇယားကို သူတို့ နားလည်အောင် ကြိုးစားရှင်းပြသေးသည်။ သို့သော် တင်စားချက်များဖြစ်၍ နားလည်ကြမည် မထင်။

စဇ္ဇ၊ ဥသဘ၊ ဂန္ဓာရ၊ မဇ္ဈိမ၊ ပဉ္စမ၊ ဓေဝတ၊ နိသာဒ ဟူ၍ အသံခုနစ်ပါးကို အိန္ဒိယအခေါ်များဖြင့် ရေးထားချက်များ ဖတ်ရသည်။ ပုလဲ၊ ဒူရကာဒွေး၊ ပြည်တော်ပြန်၊ အောက်ပြန်၊ မြင်စိုင်း၊ ခြောက်သွယ်ညွန့်၊ ညှင်းလုံး စသော စောင်းသံစဉ်များ စာထဲ၌ ဖတ်ရသည်။ သို့သော် နွားလားဥသဘအသံကို မည်သို့ အတိအကျနားလည်ရမည်နည်း။

အနောက်၌ကား အေဟုခေါ်သော အသံသည် တုန်ချိန်တစ်စက္ကန့်လျှင် လေးရာ့လေးဆယ်ရှိသည်ဟု ရူပဗေဒ တိုင်းထွာသော ကိရိယာဖြင့် သိပ္ပံနည်းကျကျတွက်၍ ဖော်ပြကြသည်။ ဂီတအသံလှိုင်းများ လှုပ်ရှားပုံကို မျဉ်းကြောင်းအတွန့် အနိမ့်အမြင့်များရေးဆွဲ၍ ဖော်ပြကြသည်။

ထပ်ဆင့်မေးခွန်းများ မေးလာသောအခါ ကျွန်တော်လည်း ကောင်းစွာ မဖြေနိုင်တော့။ သို့သော် မေးခွန်းမေးသောအချိန်အတွင်း စဉ်းစားကာ ကြိုးစားဖြေကြည့်သည်။ ခပ်ဝါးဝါးဖြေသည်က များတော့သည်။

mgyoe.com

ယခုအခါ စန္ဒရားဟူသော တူရိယာ၌ မြန်မာသီချင်းကြီးများကို တီးနေကြကြောင်း သာ ယေဘုယျ ဖြေရတော့သည်။

မြန်မာသံစဉ် ဇယားကို ဆိုင်းဝိုင်းတွင် စံယူရမည်လော မပြောတတ်တော့ပြီ။ စောင်းတွင်လော၊ ဝါးပတ္တလားတွင်လော၊ ကြေးဆိုင်းဝိုင်းတွင်လော။ တုန်ချိန်များကို တွက်ချက်သော ရူပဗေဒ ကိရိယာများနှင့် တိုင်းမည်ဆိုပါက တူရိယာတစ်ခု၊ သံစဉ်တစ်မျိုး ထွက်နေလျှင် မခက်ပါလော စသည်ဖြင့် စကားပြန်က ပြန်နေစဉ် ကမန်းကတန်းတွေးကာ မောနေမိတော့သည်။

ကျွန်တော်၏ အခက်အခဲကို သူတို့ နားလည်ကြဟန်တူသည်။ စင်စစ် ကျွန်တော့် မှာ တူရိယာသမားတစ်ယောက်။ ဂီတဆရာတစ်ယောက် မဟုတ်ကြောင်းလည်း ပြောရ သည်။

နောက်ဆုံး၌ကား "ခင်ဗျားတို့ မြန်မာဂီတနဲ့ ပတ်သက်ပြီး သီချင်တာတွေ၊ စာအုပ် စာတမ်းတွေ ပို့လိုက်ပါ့မယ်" ဟု ကျွန်တော်က ကတိပြုလိုက်ရတော့သည်။ ကတိမပြုလျှင် လည်း ကျွန်တော် ဒုက္ခဖြစ်တော့မည် မလွဲ။ "ပို့ပေးပါ၊ ကျေးဇူးအများကြီးတင်ပါမယ်။ မြန်မာဘာသာနဲ့ ရေးထားရင်လည်း ဒီမှာ ဘာသာပြန်ယူပါမယ်" ဟူ၍ တစ်ယောက်က ပြန်ပြောသည်။

ကျွန်တော် မြန်မာပြည် ပြန်ရောက်သည်မှာ အနှစ် ၂၀ နီးပါးရှိပြီ။ မြန်မာ ဂီတ ဗေဒ စာအုပ်တစ်အုပ်မျှ မပို့ပေးနိုင်။ ကတိမတည်တော့။ ရန်ကုန်ရောက်လျှင် ရောက်ချင်း ဂီတနှင့်ပတ်သက်သော သဆောတရား ကျမ်းစာအုပ်များရှာသည်။ မတွေ့။ ဆောင်းပါးများ သာ ဖတ်ရသည်။ စာအုပ်များမှာ ပေအဖြစ်ရှိသလော။ ပုရပိုက်အဖြစ် ရှိသလော မသိ။

## (၃)

မြန်မာဂီတ ပညာရှင်များသည် မြန်မာဂီတနှင့်ပတ်သက်သော ဂီတဗေဒကျမ်းများ ပြုစုကြပါဟု တောင်းပန်လိုပေသည်။

အနုပညာဘက်၊ သိပ္ပံဘက် နှစ်ဖက်စလုံးရေးကြရန် လိုပေသည်။ အထူးသဖြင့် လက်ရှိ ဂီတသမားများဖြစ်ကြသော တီးမှုတ်သီဆိုနေကြသူများကရေးလျှင် ဂီတဗေဒ ပညာရပ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာပေမည်။ ရှေးကျမ်းများကိုလည်း ပြန်လည် ပုံနှိပ်သင့် ပေသည်။

အမျိုးသား လွတ်မြောက်ရေး၏ အင်္ဂါတစ်ရပ်မှာ အမျိုးသား ယဉ်ကျေးမှုများ

mgyoe.com

စနစ်တကျ သစ်ထွန်းရန်ပင် ဖြစ်သည်မဟုတ်ပေလော။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေး ကြေညာခဲ့သည်မှာ အနှစ် ၂၀ ကျော်ပေပြီ။ လူသုံးပစ္စည်းထုတ်လုပ်သော စက်ရုံများသာမက ဂီတပြတိုက်၊ ဂီတပိဋကတ်တိုက်၊ ဂီတ၏ ရူပဗေဒ သုတေသနမှန်ခန်း၊ ဓာတ်ခွဲခန်းများ လည်း အတူဖော်ထုတ်သင့်ပေသည်။

သို့မှသာ အမျိုးသားအင်အား သန်စွမ်းကြီးမားကာ ပြည်သူတို့သည် ယင်း အင်အားပေါ်၌ရပ်လျက် အနုပညာဖန်တီးခွင့် အလုအပခံစားခွင့်ရှိကာ မြန်မာမှုသည် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပေသည်။

(ဂီတပဒေသာ၊ ၁၉၆၉၊ ၁–၄–၆၉)

## ၅။ ဘဝ၊ ခံစားမှုနှင့် ဂီတ

(၁)

"ဒီနှစ်ခွေ ပင်လီ လိုက်ခဲ့ပါလား၊ သိပ်သာယာလှပတယ်။ ခင်ဗျားကြိုက်တဲ့ ပင်လယ်ရေ အပြာရောင်ပဲ။ နေလုံးနီနီကြီး ပင်လယ်ပြာအောက်ငုပ်သွားတာ မြင်ရမယ်။ အဲဒီမှာ ကဗျာစပ်ပေါ့။ ကဗျာလှလှကလေးတွေ သိပ်ထွက်လာမှာပါ။ လိုက်ခဲ့ပါ"ဟု ကျွန်တော့်မိတ်ဆွေတစ်ယောက်က ငပလီကမ်းခြေတွင် ကဗျာစပ်ရန် ခေါ်နေသည်။

သူက သာယာလှပသော ပတ်ဝန်းကျင်တွင် ကဗျာစပ်၍ရသည်ဟု နားလည် နေသည်။ တော်တော်များများက သူကဲ့သို့ပင် ထင်ကြသည်။

အမှန်အားဖြင့် ငပလီတွင်မှ ကဗျာစပ်၍ ရသည်မဟုတ်၊ မည်သည့်နေရာတွင် မဆို ကဗျာစပ်၍ရသည်။ ငပလီသည် ထူးထူးခြားခြား သာယာလှပသဖြင့် ကြည်နူး စရာကောင်းမည်။ သို့သော် ကဗျာစပ်သူအဖို့ ကဗျာစပ်ချင်သော အနုပညာစိတ်၊ (ဝါ) ခံစားမှုရှိလာလျှင် စပ်၍ရမည် ဖြစ်ပေသည်။ အနှောင့်အယှက် မရှိသော၊ မင်တန်နှင့် စက္ကူရှိသော နေရာတစ်နေရာသည် ကဗျာစပ်၍ ကောင်းသောနေရာ ဖြစ်ပေသည်။ ကဗျာ ရေးရန် အကြောင်းအရာ၊ (ဝါ) ခံစားမှုမရှိလျှင် မည်သည့်သာယာလှပသော နေရာတွင် ဖြစ်စေ၊ ကဗျာထွက်လာမည်မဟုတ်ပေ။ ငပလီထက် သာယာလှပသောနေရာတွင် ရောက် နေသော်လည်း ခံစားမှုမရှိလျှင် ကဗျာစပ်၍ရလိမ့်မည်မဟုတ်ပေ။ သို့သော် သာယာလှပ သော ပင်လယ်ကမ်းခြေကို ဖွဲ့နွဲ့သော ကဗျာရေးလျှင်ကား ငပလီသည် ကဗျာရေးကွက် အတွက် အခြေခံဖြစ်ပေမည်။ ကဗျာဆရာသည် မိမိတွေ့ကြုံခံစားခဲ့ရသော အလှအာရုံ ကိုသာ ရေးဖွဲ့နိုင်မည်ဖြစ်လေသည်။ စိတ်ကူးဖြင့်ဖွဲ့နိုင်သည် ဆိုသော်လည်း ခံစားမှုမပါ၊

mgyoe.com

စိတ်ကူးသက်သက်ဖြင့် ဖွဲ့ပါက အသက်ပါသောကဗျာ ဖြစ်မလာနိုင်ပေ။ ကာရန်ချိတ်ရုံမျှဖြင့် ကဗျာဖြစ်သည်ဟု မဆိုနိုင်ပေ။

ငပလီတွင်နေစဉ် ကဗျာတစ်ပုဒ် ထွက်လာချင်မှ ထွက်လာမည်ဖြစ်သော်လည်း တစ်ချိန်တစ်ခါတွင် ငပလီနှင့်ပတ်သက်သော ကဗျာတစ်ပုဒ် ထွက်လာနိုင်သည်။ နောက်နှစ်ပေါင်း ၁၀ နှစ်ကြာမှ ငပလီကဗျာ စပ်ချင်စပ်ပေမည်။ ထိုအခါ မိမိ တွေ့ကြုံခံစားခဲ့သော ငပလီ ရှုခင်း အလှအပကို အခြေအနေပြု၍ ငပလီကဗျာကို စပ်ခြင်း ဖြစ်ပေသည်။

ကျွန်တော်သည် ၁၉၃၉ က ရှမ်းပြည်မြောက်ပိုင်းသို့ ကျောင်းပိတ်ရက်အတွင်း ရောက်ဖူးသည်။ ကျွန်တော် သွားလာလည်ပတ်စဉ် ရှမ်းပြည် သစ်ပင်တောတောင်နှင့် လူတို့သည် ကျွန်တော်၏ ရင်ထဲ၌ ဓာတ်ပုံရိုက်ကူးထားဘိသကဲ့သို့ ထင်နေခဲ့ကြသည်။ ထင်နေမှန်းလည်း ကျွန်တော့်ကိုယ် ကျွန်တော် သိသည်မဟုတ်ပေ။ ၁၉၄၇ လောက်က ရှမ်းပြည်ကို တသမိရင်း "တော၏သမီး" ဟူသော ကဗျာတစ်ပုဒ်ရေးမိသည်။ ယင်း တော၏သမီးထဲမှ ရှမ်းပြည်ရုပ်ပုံကားချပ်သည် လွန်ခဲ့သော ခုနစ်နှစ်ခန့်က တွေ့ကြုံခံစား ခဲ့ရသော ရှမ်းပြည်ခံစားမှုစိတ်ကူးဖြင့်မွမ်းမံထားသော စိတ်ကူးရုပ်ပုံကားချပ်များ၊ (ဝါ) အနုပညာ ကားချပ်များပင် ဖြစ်ပေသည်။ ရှမ်းပြည်ကို တသမိခြင်းသည် ကျွန်တော်၏ ခံစားမှုဖြစ်ပေသည်။ ၁၉၄၈ ၌ ရှမ်းပြည်ကို နောက်ခံ ဒေသထား၍ ရေးသားသော "မြိုင်" ဝတ္ထု၌လည်း ယင်း ၁၉၃၉ က လည်ပတ်ခဲ့သော ရှမ်းပြည်ပုံ ကားချပ်ထဲမှယူ၍ ရေးထားသော အနုပညာ စိတ်ကူးရုပ်ပုံကားချပ်များပင် ဖြစ်ပေသည်။

ကျွန်တော်သည် ရှမ်းပြည်၌ရှိနေစဉ် ရှမ်းပြည်ဒေသကို အခြေခံသော ဝတ္ထု၊ ကဗျာများ ရေးဖြစ်သည် မဟုတ်ပေ။ နှစ်ပေါင်းများစွာကြာမှ ရင်ထဲမှာ ထင်နေရစ်သော တွေ့ကြုံခံစားမှုကို အခြေပြုကာ ရေးလိုက်ခြင်းသာ ဖြစ်ပေသည်။

သို့သော် ခြွင်းချက်ကား ရှိသည်။ ၁၉၅၃ က မော်စကိုရောက်စဉ် တစ်ညနေ၌ ဖော်လ်ရှိုင်ဇာတ်ရုံကြီး၌ ချိုက်ကော့စကီ၏ ငန်းဖြူကန် အကဇာတ် (ဘဲလေး) ကို ကြည့်ပြီး အပြန် ဟိုတယ်ခန်းသို့ ရောက်သောအခါ ငန်းဖြူကန်ဇာတ်မှ ငန်းဖြူဖြူများ၏ လှပသော အကမှာ ရင်ထဲ၌ စွဲလမ်းကာ ရင်ခုန်နေမိ၍ မနေနိုင်သည့်အဆုံး ထိုည၌ပင် ငန်းဖြူကန် အမည်ရှိ ကဗျာကို ရေးခြစ်လိုက်သည်။

ဤကား ကျွန်တော်၏ စာပေအနုပညာ အတွေ့အကြုံ ဖြစ်သည်။ အခြားသူများ၏ ကဗျာစပ်မှု အတွေ့အကြုံကား မည်သို့ဖြစ်သည်ကို မပြောတတ်ပေ။

mgyoe.com

(၂)

ခံစားမှု မရှိလျှင် ကဗျာစပ်၍ မရပြီလော၊ ဂီတဖွဲ့၍ မရပြီလော။

ကဗျာများ ထွက်နေကြသည်။ ဂီတများ သီကျူးနေကြသည်။ ခံစားမှု အတုဖြင့်လည်း စပ်ကြသည်။ မလွမ်းဘဲနှင့်လည်း လွမ်းလိုက်သည်များ ရှိကြသည်။ မတက်ကြွဘဲလည်း တက်ကြွလိုက်ကြသည်။ အစစ်ရှိလျှင် အတုလည်း ရှိစမြဲဖြစ်သည်။ တစ်ခါတစ်ရံ အတုမှာ အစစ်ထက်ပင် ပြင်းထန်နေတတ်သည်။ ယင်းသည်မှာ အခြားကြောင့်မဟုတ်၊ အစစ်ဟု ပရိသတ်က ထင်စေချင်သောကြောင့် ပို၍ လွန်ကဲနေခြင်း ဖြစ်သည်။ "ချစ်" ဟူသော စကားလုံးများများ ထည့်ရုံဖြင့် အချစ်ဖွဲ့ ကဗျာဂီတဖြစ်သည် မဟုတ်ပေ။ ရင်ထဲမှ ဖြစ်လာသော အချစ်စကားမှာ ချစ်ဟူသော စကားလုံးပင် မပါသော်လည်း ခံစားမှု တကယ်ရှိသဖြင့် နားထောင်ရသော ပရိသတ်မှာ ရင်ခုန်ရလေသည်။

နိုင်ငံရေး ခေါင်းဆောင်တစ်ယောက်သည် လက်သီးလက်မောင်းတန်းကာ လူထုအား လှုံ့ဆော်သည်။ သူသည် လယ်ကွင်းထဲ မနေဖူးဘဲ ကတ္တရာလမ်းပေါ်၌ မော်တော်ကားစီးပြီး လယ်သမား ဥက္ကဋ္ဌ ဖြစ်နေပေရာ သူ၏ဟောပြောချက်မှာ ခံစားမှုမပါသဖြင့် (ဝါ) ခံစားမှုအတုဖြင့် ပြောဟောခြင်းဖြစ်သဖြင့် ပရိသတ်ကလည်း စက်ရုပ်သဘောဖြင့်ပင် တုံ့ပြန်ကာလက်ခုပ်တီးလိုက်ခြင်း ဖြစ်ပေသည်။ ကျွန်တော်တို့ ကျောင်းသားဘဝက ၁၃၀၀ ပြည့်အရေးတော်ပုံအတွင်းက ရေနံမြေရောက်သွားရာ တကယ့်အလုပ်သမား ကြီးများ၏ ပြောဟောချက်များကို နားထောင်ရင်း ကြက်သီးမွေးညှင်းထမိသည်။ နယ်ချဲ့သမားကို ရာဇသံပေးလိုက်သံမှာ သွေးများ တဖြန်းဖြန်း ထလာတော့သည်။ ဘာ့ကြောင့်နည်း။ ခံစားမှုအစစ်ဖြင့် ဟောပြောသောကြောင့် ဖြစ်သည်။

ခံစားမှုဆိုရာ၌ နံ့သာထုံသောညမှ ခေတ်ပြောင်းတော်လှန်ရေးအထိ ကျယ်ပြန့်လေသည်။

ခံစားမှုသည် ဘယ်က စီးဆင်းသနည်း။ ဘဝက စီးဆင်းပေသည်။ ဘဝသည်ကား လူတန်းစား ဝေဒနာတို့ဖြင့် ပြွမ်းပေသည်။ မိမိနေထိုင်သော ပတ်ဝန်းကျင်၊ (ဝါ) လူတန်းစားဘဝက ဖော်ပြသောခံစားမှုကို လူတန်းစားတို့ဖြင့် ပိုင်းခြားထားသော လူ့အဖွဲ့အစည်း၏ သားသမီးများဖြစ်ကြသည့် ဂီတကဗျာရှင်များက ဖွဲ့နွဲ့ကြခြင်းဖြစ်ပေသည်။

ဘဝနာသော ခံစားမှုဖြင့် သီဖွဲ့သော တေးကဗျာသည် လူတန်းစား ဝေဒနာကို ဖော်ကျူးသော အနုပညာဖြစ်ပေရာ ယင်းခံစားမှုအစစ်ဖြင့် ဖွဲ့ကျူးသောတေးသည်

mgyoe.com

ဆိုရှယ်လစ် သရုပ်ဖော် ဂီတ ဖြစ်ပေသည်။

ဆိုရှယ်လစ် သရုပ်ဖော်ဂီတသည်ကား လူထုလှုပ်ရှားမှုထဲမှ ထွက်ပေါ်လာရပေသည်။

(ဂီတပဒေသာ၊ ၁၉၆၉)

## ၆။ ဂီတ ပုစ္ဆာတစ်ခု

(၁)

ဇမ္ဗူ့ သပြေသီးရေသို့ ကြွေကျသံသည် မြန်မာဂီတ၏ အစဟု ရေးသား ဟောပြောကြသည်ကို ငယ်စဉ်က ဖတ်ခဲ့ရ၊ ကြားခဲ့ရသည်။ ယင်းစကားရပ်ကို မည်သူက ပြောသည်၊ မည်သည့်ခေတ်က ပြောသည်၊ မည်သည့်အဓိပ္ပာယ်နှင့် ပြောသည် စသည်အားဖြင့် ယင်းစကားရပ် မည်မျှအထိ မှန်ကန်သလဲဟု ကျွန်တော် မစူးစမ်းလို။

သို့သော် ယင်းစကားရပ်သည် ဂီတ၏ သဘောတရားကိုကား ဖော်ကျူးလိုက်ခြင်းဖြစ်သည်ဟု ယူဆမိပေသည်။

သပြေသီး ရေထဲသို့ကျသော အသံကိုယူ၍ ဗုံကို တီးလိုက်သည်။ အသံကိုတု၍ တူရိယာဖြင့် ဖွဲ့နွဲ့ခြင်းဟု အဓိပ္ပာယ် ထွက်သည်။

ထိုအခါ မြန်မာဂီတ၏ သဘာဝကို စောကြောကြည့်စရာ ဖြစ်လာရသည်။ မြန်မာဂီတသည် အသံပုံသဏ္ဌာန်ဖြင့် ဂီတကို ဖန်တီးခြင်းလော။ သို့မဟုတ် ကဗျာ (စာလုံး) ကို တီးလုံး (တေးသံ) ဖြင့် ဖွဲ့နွဲ့သီကုံးခြင်းပေလော။

ဤနေရာ၌ ဂီတဆိုင်ရာ ဝေါဟာရ စကားလုံးများဖြင့် ရင်ဆိုင်လာရပြန်သည်။

အသံ ပုံသဏ္ဌာန်ဟူရာ၌ ကျွန်တော်တို့နား၌ ကြားလာရသော ဂီတသံ (သာယာသောအသံကို ဆိုလိုသည်။ ဆူညံသောအသံ၊ ဂီတသံ မဟုတ်သော အသံကို ဆိုလိုခြင်း မဟုတ်) ၏ပုံသဏ္ဌာန် (စိတ်ကူးရုပ်ပုံ) ကို ဆိုလိုခြင်း ဖြစ်သည်။ အသံသည် နား၌ ကြားရခြင်းဖြစ်၍ မျက်စိဖြင့်မြင်ရသော ရုပ်ပုံ (စိတ်ကူးရုပ်ပုံ) အားဖြင့် မည်သို့ ဖော်ပြမည်နည်းဟု မေးစရာရှိလာနိုင်သည်။ ဓားနှစ်လက် ထိရိုက်၍ ချွင်ခနဲ မြည်လိုက်သော အသံကို နားမှ ကြားရသောအခါ ဓားနှစ်လက်ကို မမြင်ရသော်လည်း မြည်သံကို အစွဲပြု၍ စိတ်ကူးထဲမှ ဓားနှစ်လက်ပုံကို မြင်နိုင်သည်။ ဤကား သာမန်အားဖြင့် အမြင်နှင့်အကြား တင်စားကာ စပ်ဟပ်ပုံဖြစ်သည်။ ဂီတတွင်ကား သာယာသောအသံဖြင့် ဖွဲ့နွဲ့ဖန်တီးခြင်း

ဖြစ်၍ ပို၍ အစီအစဉ်ကျမည်။ နား၌ စွဲကျန်ရစ်နေမည် ဖြစ်ပေသည်။ သပြေသီးရေသို့ ကြွေကျသံကို ဗုံသံဖြင့် အတုလုပ် တီးခတ်လိုက်သောအခါ ယင်းအသံကို ကြားရသည်နှင့် သပြေသီးရေသို့ ကြွေကျသော ရုပ်ပုံကားချပ်ပါ စိတ်ကူး၌ မြင်နိုင်သည်။ ယင်းသို့ စိတ်ကူးဖြင့် တင်စား၍ ကြားရသော တေးသံကို "အသံပုံသဏ္ဌာန်" ဟု ဂီတဝေါဟာရဖြင့် ခေါ်ဝေါ်ကြည့်ခြင်း ဖြစ်သည်။ ယင်းအသံပုံသဏ္ဌာန်ကို အသေးစိတ် ခွဲလိုက်ပြန်သောအခါ ဂီတအနုပညာရှင်များက စိတ်ကူးဖြင့် ဖန်တီးကာ တူရိယာဖြင့် တီးမှုတ်လိုက်သောအခါ ဖြစ်လာသော တေးသံအဖွဲ့အနွဲ့ကို "တီးလုံး" ဟု ခေါ်ဝေါ်ကြည့်ချင်သည်။

ဥပမာ...

မြမြမောင်းမောင်း
ပြာအညိုရွှေ
တိမ်ခြေငွေနှင်းပေါင်း

ဟူသော ပတ်ပျိုး၌ စာလုံးများမှာ ကဗျာဖြစ်သည်။ ကာရန်ဖြင့် သီကုံး ထားသော အဖွဲ့ဖြစ်၍ ကဗျာဟုပင် ဆိုရပေမည်။ ယင်း ကဗျာစာလုံး (စာသား) ကို တူရိယာဖြင့် တီးမှုတ်ဖွဲ့နွဲ့သော် တူရိယာမှ ပြန်ထွက်သောအသံ၊ တေး၏အသံ၊ တေးသံကို တီးလုံးဟု ခေါ်ဝေါ်ရပေမည်။

မြန်မာဂီတသည် အသံပုံသဏ္ဌာန်ဖြင့် ဂီတကို ဖန်တီးခြင်းလောဟူရာ၌ ယင်း မြမြမောင်းမောင်း အစရှိသော ကဗျာစာလုံးများကို သီဆိုခြင်းမရှိဘဲ တူရိယာ သံဖြင့်၊ တေးသံဖြင့်၊ တီးလုံးသံဖြင့် မြမြမောင်းမောင်းဟူသော အဓိပ္ပာယ်ကို ဖော်ပြနိုင်ပါမည် လောဟူသော မေးခွန်းကို မေးကြည့်ခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် မြန်မာဂီတ၌ တူရိယာသံသက်သက်ဖြင့် ဖွဲ့နွဲ့သော တေးဂီတသံရှိသလော။

မြမြမောင်းမောင်းဟူသော စာလုံးကို ဖွဲ့နွဲ့သော တူရိယာတေးသံ (အသံပုံသဏ္ဌာန်) ရှိသလော၊ သူနှင့် အလိုက်တူသော ပပဝင်းဝင်းဟူသော စာလုံးကိုလည်း ယင်းမြမြမောင်း မောင်းကဲ့သို့ တစ်သံတည်း၊ တစ်ပေါက်တည်းနှင့် ဖွဲ့နွဲ့သည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော်...

ပပဝင်းဝင်း
မှန်ရဝေဆောင်
ကိုယ်ရောင်တိုက်ခန်းလင်း

mgyoe.com

 mgyoe.com 

ဟူသော ကဗျာစာလုံးကိုလည်း မြမြမောင်းမောင်းကိုဖွဲ့သော အသံ (အလိုက်) ဖြင့်ပင် တီးမှုတ်ကြသောကြောင့် ဖြစ်လေသည်။ သို့ဖြစ်လေရာ မြန်မာဂီတ၌ အသံ ပုံသဏ္ဍာန်ရှိသလောဟု စဉ်းစားကြည့်မိခြင်း ဖြစ်သည်။

ယင်းသို့ ဆန်းစစ်ကြည့်မိခြင်းမှာ အကြောင်းရှိပေသည်။

(၂)

လွန်ခဲ့သော ၁၇ နှစ်ခန့်က ဆိုဗီယက်ယူနီယံသို့ အလည်ရောက်စဉ် မော်စကို အသံလွှင့်ရုံမှ ကျွန်တော့်အား စန္ဒရားတီးရန်ပြော၍ အသံလွှင့်ရုံသို့ လေ့ကျင့်ရန် ကြိုတင် သွားရသည်။ တည်းခိုသော ဟိုတယ်၌လည်း စန္ဒရားရှိသော အခန်းကို ပေးထားသော်လည်း မိမိ အသံလွှင့်မည့် စန္ဒရားခလုတ်များနှင့် ရင်းနှီးအောင် ၂ နာရီခန့် ကြိုသွားကာ လေ့ကျင့် တီးစမ်းကြည့်ရန် ဖြစ်သည်။ အသံလွှင့်ရုံရှိ စတိန်းဝေး အမည်ရှိ ဂျာမနီ စန္ဒရားကြီးမှ အသံတစ်သံ နည်းနည်းလေး သီနေသည်ကိုပင် ညှိပေးသည်။ ထို့နောက် အစမ်းအသံသွင်း သည်။ သီချင်းအမည်၊ မည်သည့်အကြောင်းအရာကို ဖွဲ့ထားကြောင်း မေးသည်။ ဂန္ဓမာ တောင်ဘွဲ့နှင့် ထောင်ရောင်နေကြိုးဖြစ်၍ မည်သည့်အကြောင်းကိုဖွဲ့ကြောင်း ပြောပြရ သည်။ ထို့နောက် တီးနေစဉ် ကိရိယာတစ်ခုဖြင့် ဆက်ထားသည်ကို သတိပြုလိုက်မိသည်။ နောက်မှ (Cathode Ray Oscillograph) အသံမျဉ်းကွေးမှတ်သော ကိရိယာဖြစ်မည် ဟု မှန်းကြည့်ရသည်)။ သူတို့သည် မြန်မာဂီတ၏သဘာဝကို ရူပဗေဒနည်းဖြင့် မှတ်သား ယူဟန်ရှိသည်။ အသံလွှင့်ရုံမှ ဂီတဗေဒအရာရှိက နှစ်ခါပြန်ကျော့သောအပိုဒ်ကို တစ်ခါ တည်း တီးရန် ပြောသည်။ အချိန်ကိုက်ရန် ဖြစ်သည်။ သူတို့သည် အလိုက်တူကို နှစ်ခါ ကျော့မှန်း သိကြသည်။ ရူပဗေဒ ကိရိယာဖြင့်လော၊ နားဖြင့် မှတ်၍လော မသိ။ ကိရိယာ ကြောင့်ဟု ထင်ရသည်။

စန္ဒရားသံ သွင်းပြီးသောအခါ ဂီတဗေဒသမားများက မြန်မာဂီတ၏သဘာဝကို စူးစမ်းကြသည်။ မေးကြသည်။ ကျွန်တော်က ဂီတသမား မဟုတ်ကြောင်း၊ ဝါသနာပါသူ တစ်ဦးမျှသာဖြစ်ကြောင်း ပြောပြသည်။ သည်တော့မှ ကျွန်တော်လည်း မိမိ၏ မြန်မာဂီတ ၏သဘာဝကို ပြန်ဆန်းစစ်ကြည့်မိလေတော့သည်။ သူတို့ သိလိုသောအချက်များကိုလည်း နားလည်လာတော့သည်။

ကျွန်တော်က ဂန္ဓမာတောင်ကို တီးရာ၌ ဆိုပေးမည့်သူ မရှိသဖြင့် စန္ဒရား အတီးသက်သက်ဖြင့် ဖွဲ့နွဲ့ခြင်းမျှသာ ဖြစ်သည်။ အနောက်ဂီတကဲ့သို့ (ဥပမာ... ဗီသိုဗင်

mgyoe.com

mgyoe.com

၏ လရောင်တေးသံကဲ့သို့သော) စန္ဒရားတီးကွက်ဖြင့် လရောင်ကို ဖွဲ့နွဲ့ဖော်ကျူးခြင်း မဟုတ်ပေ။

အတီးဖြင့်ဖွဲ့သော အသံအဖွဲ့မျိုး မြန်မာဂီတ၌ ရှိသလောဟူသော အမေးပေါ်လာသည်။ စိန်ဗေဒါ၏ ပတ်လုံးများသည် တီးကွက်သက်သက်လော၊ သို့မဟုတ် အကြောင်းအရာ တစ်ခုခုကိုဖွဲ့နွဲ့သော အသံပုံသဏ္ဍာန်မျိုးလော။

အနောက်ဂီတဗေဒဆရာများက သူတို့ အနောက်ကဲ့သို့ပင် အသံအဖွဲ့မျိုးရှိသည်ဟု ထင်မှတ်၍ ကျွန်တော်၏ ဂန္ဓမာတောင်ဘွဲ့၊ အဆို မပါသော အတီးကို စူးစမ်းဟန်ရှိသည်။

ကျွန်တော်လည်း မြန်မာဂီတ၌ အသံပုံသဏ္ဍာန် (စိတ်ကူးရုပ်ပုံ)ဖြင့် ဖော်ပြသော အသံအဖွဲ့မျိုး ရှိသလော၊ သို့မဟုတ် မြန်မာဂီတသည် ကဗျာစာလုံးကို တီးလုံးဖြင့် ဖွဲ့နွဲ့သော ဂီတပေလော။ သို့မဟုတ် နှစ်ခုပေါင်းစပ်ထားသလောဟု သိချင်နေမိသည်။

ယင်းပုစ္ဆာကို ဂီတဆရာများ စူးစမ်းကြည့်ပေးပါဟု တောင်းပန်လိုပေသည်။

(ဂီတပဒေသာ၊ ၁၉၆၉)

## ၇။ ဇမ္ဗူကျွန်းလုံးမှ မေ့ကွက်ကိုရှာသို့

(၁)

ဂီတကြိုက်သူနှစ်ယောက် တစ်ယောက်က သီချင်းကြီးကိုမှ ကြိုက်သည်။ တစ်ယောက်က ကာလပေါ် သီချင်းကိုမှ ကြိုက်သည်။

ရေဒီယိုမှ တေးသံလာလျှင် ပထမ ပရိသတ်က သီချင်းကြီးကိုသာ နားထောင်ပြီး ကာလပေါ်လာလျှင် ပိတ်လိုက်တော့သည်။ သို့သော် ခေတ်ဟောင်း ကာလပေါ်သီချင်းများဖြစ်သော အောင်ခြင်းရှစ်ပါး၊ နတ်သျှင်နောင်၊ သက်ဝေ စသည်များကိုတော့ နားထောင်သည်။

ဒုတိယ ပရိသတ်က သီချင်းကြီးကို လုံးဝနားမထောင်၊ သီချင်းကြီးအခန်းရောက်လျှင် ရေဒီယိုဘုလုည့်ကာ ပိတ်လိုက်တော့သည်။ သို့သော် နတ်သျှင်နောင်၊ သက်ဝေစသော သီချင်းများကိုမူ မဒေးနေ့ ဂီတပဒေသာကပွဲမှ ပြန်လည်ဆန်းသစ်သော ခေတ်ဟောင်းတေးသံများ ကြားရပြီးနောက် နားထောင်တတ်လာသည်။

ပထမ ပရိသတ်မှာ အသက် ၅၀ ပတ်ဝန်းကျင်။

ဒုတိယ ပရိသတ်မှာ အသက် ၂၀ ပတ်ဝန်းကျင်။

mgyoe.com

ယင်းသို့ ပရိသတ်နှစ်မျိုး အပြိုင်တည်ရှိခြင်းမှာ သဘာဝကျပေသည်။ ခေတ်ဟောင်းနှင့် ခေတ်သစ်သည် ယှက်သန်းဆက်စပ်နေပြီးမှ ခေတ်သစ်သည် ပေါ်ထွန်းလာခြင်း ဖြစ်သည်။ ခေတ်ဟောင်း သားအိမ်ထဲမှ မွေးထွက်လာရသော ခေတ်သစ်သည် ခေတ်ဟောင်း အစအနများဖြင့် ပေကျံနေတတ်သေးသည်။

သီချင်း ကဏ္ဍထဲတွင်ပင် ရိုးရာအတိုင်း တစ်သဝေမတိမ်းလိုက်သော၊ ကျဉ်းမြောင်းသော ရှေးအယူဟောင်းအစုနှင့် အနည်းငယ် မွမ်းမံပေးခြင်းကို လက်ခံသော ဒီမိုကရေစီဆန်သော ကျယ်ပြန့်သော အစုရှိသေးသည်။ ကျဉ်းမြောင်းသောအစုက ကိုယ့်မှုမှကိုယ့်မှု၊ ကိုယ့်အကွက်မှ အကွက်ဟု သဘောထားကာ ရှေးမှုကို တရားသေ ဖက်ပွေ့ထားတတ်သည်။ မြန်မာသီချင်းကြီးမှာ ဂီတသင်္ကေတဖြင့် မှတ်သားထားခြင်း မဟုတ်ရာ ရှေးမှုဆိုသည်မှာပင်လျှင် တစ်ယောက်တစ်မျိုး မှတ်သားမှု ကွဲပြားနေတတ်ပေသေးသည်။ ယင်းအစုသည် မြန်မာသီချင်းကြီးကိုမှ ဂီတဟုမှတ်ကာ အခြား အနောက်တေးဂီတများကို နားပိတ်ထားပြီး မျက်ကွယ်ပြုလေ့ရှိတတ်သည်။ ကျယ်ပြန့်သော ရှေးဟောင်းအစုမှာမူ ဆန်းသစ်တီထွင်မှုကို လက်ခံသင့်သလောက် လက်ခံတတ်သည်။ နတ်သျှင်နောင်၊ သက်ဝေစသော မြန်မာသံဘောင်အတွင်းမှ ဆန်းသစ်ထားသော ကာလပေါ် သီချင်းများကို မပစ်ပယ်ပေ။

မကြာသေးမီက ဂီတလုလင် မောင်ကိုကို၏ ပန်းမြိုင်လယ်စန္ဒရားနှင့် အဆိုထွက်လာသည်။ တင်တင်မြက ပန်းမြိုင်လယ်ကို ရှေးဟန်ဖြင့် ဆိုထားသည်။ မောင်ကိုကိုက စန္ဒရား အတတ်ပညာ၊ သူ့ခေတ် ခံစားမှုဖြင့် သီချင်းကြီးကို ဖော်ကျူးထားခြင်း ဖြစ်ပေသည်။ တီးကွက်များမှာ အနောက်ဟန်ဖြင့် စပ်ဟပ်ထားသည်။ အမှန်အားဖြင့် မြန်မာဂီတနှင့် အနောက်တိုင်းဂီတမှာ ခြားနားမှုများစွာရှိကြသည်။ သို့သော် ဆန့်ကျင်ဘက်နှစ်ရပ်ပေါင်းစပ်ပေးခြင်းဖြင့် အသစ်ဂီတတစ်ရပ် ပေါ်ထွန်းနိုင်မည်ဖြစ်ရာ မောင်ကိုကို၏ ခေတ်ကိုစမ်းထားသော စန္ဒရားလက်သံမှာ ဂီတသစ်၏လမ်းစပင် ဖြစ်သည်။

ရှေးသီချင်းကြီးကို ရှေးဟန် ရှေးမှုအတိုင်းသာ တီးမှုတ်သီဆိုသင့်သည်ဟု ယူဆကြသူများ ရှိသည်။ စုံသာမြိုင်လယ်ကဲ့သို့သော သီချင်းခံကြီးများကိုမူ ကွန့်ရန် မလွယ်ပေ။ သို့သော် ပန်းမြိုင်လယ်ကဲ့သို့သော ယိုးဒယား သီချင်းများမှာ ကွက်ဆန်း ကွက်သစ်များ ကွန့်မြူး၍ရသော သဘာဝရှိသည်ဟု ယူဆမိပေသည်။

ကာလပေါ်သီချင်း အစု၌ မြန်မာသံဘောင်အတွင်း ရေးစပ်ထားသော သီချင်းမျိုး၊ (ဥပမာ...နတ်သျှင်နောင်၊ သက်ဝေ၊ မေ့ကွက်ကိုရှာ) ကြိုက်သူနှင့် အနောက်တေးသံများ

mgyoe.com

mgyoe.com

ကြိုက်သူဟူ၍ ရှိကြသည်။ တချို့သီချင်းများ၌ မြန်မာသံနှင့် အနောက်သံပေါင်းထား ကြသည်။ (ဥပမာ...ပျို့မှာတမ်း ပြန်ကျော့အပိုဒ်တွင် အနောက်သံ ဖက်ထားသည်)။

ယနေ့ခေတ်သည်ကား အရှေ့နှင့် အနောက် ပေါင်းစပ်ထားသော ယဉ်ကျေးမှု ခေတ်ဖြစ်နေသည်။ အထူးသဖြင့် ဂျပန်၊ အင်ဒိုနီးရှား ဂီတများ၌ သိသာသည်။ မကြာမီက လည်း တရုတ်ပြည်သစ်မှ ထွက်ပေါ်လာသော "မီးအိမ်နီ" တေးဂီတမှာ တရုတ်သံကို အနောက်တိုင်း စန္ဒရားအတတ်ပညာဖြင့် ဖွဲ့နွဲ့ထားသော ဂီတသစ်ဖြစ်သည်။ ခေတ်ဟောင်း တေးဂီတသည် ယနေ့ခေတ်သစ်နှင့် ထိတွေ့ဖြတ်သန်းလာရာ၌ ခေတ်သစ်ခံစားမှုဖြင့် တိုက်မိပြီး ဖြစ်ပေါ်တိုးတက်လာကာ၊ ဂီတသစ် ဖူးပွင့်လာခြင်းပင် ဖြစ်ပေသည်။

ရှေးသီချင်းကြီးနှင့် ခေတ်ပေါ်တေး ဘာခြားသနည်း။

(၂)

တစ်နေ့က မေရှင်၏ သော်တာငွေမင်း သီချင်းသံကို ကြားလိုက်ရသည်၊ သော်တာငွေမင်းမှာ လွန်ခဲ့သော အနှစ် ၃၀ ခန့်က သီချင်းဖြစ်သည်။ အနောက် တေးသံ၊ အနောက်ဟန် တူရိယာဝိုင်းဖြင့် တီးမှုတ်ထားသော သီချင်းဖြစ်သည်။ လင်္ကာစာလုံးများ၌ ရှေးဟောင်း ဂန္ထဝင်စာလုံးများ ရောယှက်ပါနေသေးသည်။ သော်တာငွေမင်းဟူသော စာလုံး မှာပင် ဂန္ထဝင် ရှေးသီချင်းကြီး လင်္ကာစာလုံး ဖြစ်နေသည်။

သို့သော် မေရှင် ဆိုထားပုံမှာ ခေတ်ဟန်ဖြစ်သည်။ သီချင်းကြီးဟန် မဟုတ် တော့ပေ။ သူမသည် ရင်ထဲမှ ခံစားရသည့်အတိုင်း ရှိုက်ငင်ကာ ဆိုသည်။ သူ့ခေတ်၏ ခံစားမှုဖြင့် ဝေဒနာကို ဖော်ကျူးသည်။ မေရှင်သည် ရှေးသီချင်းကြီးနယ်နှင့် ခေတ်ပေါ် သီချင်းနယ်ကို ခြားလိုက်ခြင်း ဖြစ်သည်။ နယ်ခြားမှတ်တိုင်ကို စိုက်ထူလိုက်ခြင်း ဖြစ် သည်။

ခေတ်ပေါ်သီချင်းဂီတ၏သဘောမှာ သူ့ခေတ်၏ ခံစားမှုဖြင့် (ဝါ) ရင်ခုန်သံဖြင့် ဖွဲ့နွဲ့ခြင်း ဖြစ်ပေသည်။ ရှေးသီချင်းကြီးကော ခံစားမှုဖြင့် ဖွဲ့နွဲ့သည်မဟုတ်လော၊ သူ့ခေတ် က ခံစားမှုဖြင့် ဖွဲ့ခြင်းဖြစ်သည်။ မမြကလေးသည် ချစ်သမျှကို ပတ်ပျိုးကို ခံစားမှုဖြင့် ဖွဲ့ခဲ့သည်။ ပြင်စည်မင်းသားကြီးသည် အောင်မြေသာစံ ပတ်ပျိုးကို ခံစားမှုဖြင့်ပင်လျှင် ဖွဲ့ခဲ့သည်။ သို့သော် ယနေ့ခေတ်သည် ရှေးခေတ် မဟုတ်တော့ပြီ။ ရှေးမြေရှင် ပဒေသရာဇ် ခေတ်က ပေဖူးလွှာနှင့် မှန်စီရွှေချ စောင်းသည် နန်းရင်ပြင်၌သာ စံပယ်ခဲ့သည်။ ကတ္တီပါ မှီအုံးကို မှီရင်း ဇမ္ဗူကျွန်းလုံးကို နားထောင်ခဲ့သည်။

mgyoe.com

mgyoe.com

ယနေ့ခေတ်၏ သမီးပျိုဖြစ်သော ဆံတိုလည်ရစ်ကလေးသည် "ဇမ္ဗူကျွန်းလုံး သိမ်းကျုံးပေါင်းရုံး ဘူမိပတ်ကုံး" လင်္ကာစာလုံး၌ ရင်ခုန်တော့မည်မဟုတ်ပေ။ သို့သော် "မေ့ကွက်ကိုရှာ ရှာသူမောင်ရေ" ဟူသော မာမာအေး အသံတွင်ကား ရင်ခုန်လာတော့သည်။ "ဟင်...မောင့်မေတ္တာ အသည်းမီးအိမ်ဆင်၍ မေ့ထံကို သည်ညမှာ လှမ်းခဲ့ပါကွယ်" ဟူသော နွဲ့ယဉ်ဝင်း၏ တမ်းတသံ၌ ရင်ဖိုလာရတော့သည်။ ဘာကြောင့်နည်း၊ မေ့ကွက်ကိုရှာသည် သူ့ခေတ်ကို ကိုယ်စားပြုသောစာလုံး၊ သူ့ခေတ်ခံစားမှုကို ဖော်ကျူးထားသောကြောင့် ဖြစ်ပေသည်။ ဂီတ၊ ပန်းချီ၊ စာပေ၊ ကဗျာ စသည့် အနုပညာတို့၌ ဂန္ထဝင် ဝါဒဟူ၍ရှိသည်။ ဂန္ထဝင်ဝါဒ၏သဘောမှာ စည်းကြီး ကမ်းကြီးရှိခြင်း၊ ဉာဏ်ပညာခန်းကို အသားပေးခြင်း၊ နည်းသေပုံသေအဖြစ် တန့်ရပ်နေခြင်းတို့ဖြစ်သည်။ ရှေးသီချင်းကြီးကို ဂန္ထဝင်ဝါဒဟု အနုပညာဝေါဟာရဖြင့် ခေါ်ရပေမည်။

ဂန္ထဝင်ဝါဒမှ ခြားနားလိုက်သော စိတ်ကူးယဉ်ဝါဒ (ခေတ်ပေါ်အနုပညာ၏ သဘောတစ်ရပ်) မှာ စည်းကြီးကမ်းကြီးမှ လွတ်မြောက်ရန် အားထုတ်ခြင်း (ဝါ) လွတ်လပ်စွာ စိတ်ကူးခြင်း၊ အာရုံခံစားမှု၌ပြင်းပြခြင်း၊ တက်ကြွလှုပ်ရှားခြင်းတို့ ဖြစ်ပေသည်။ ခေတ်ပေါ်တေးဂီတသည်ကား ဂန္ထဝင်ဝါဒမှ လမ်းခွဲထွက်လာသော အနုပညာ ဖြစ်ပေသည်။ ခံစားမှုကိုဖော်နိုင်လေ၊ ရင်ခုန်သံ၏ ရသပေါ်လေ။

## (၃)

သို့သော် ခေတ်ပေါ်တေးဂီတကိုပြုရာ၌ အနုပညာပြဿနာများစွာ ရှိနေပေသေးသည်။

ယနေ့ တော်လှန်ရေးခေတ်ကြီး၌ အဖိနှိပ်ခံ ပြည်သူဘက်မှ ခံစားချက်ကို ဖော်ပြမည်လော။ အုပ်စိုးသူ အထက်တန်းလွှာ၏ ခံစားချက်ကို ဖော်မည်လောဟူသော နိုင်ငံရေး ပြဿနာကိုလည်း ဖြေရှင်းရန် ရှိနေပေသေးသည်။

ခေတ်ပေါ်တေးဂီတ၌ တိုးတက်သော ကဏ္ဍလည်းရှိသည်ကို မေ့ထား၍ မရပေ။ ခေတ်ပေါ်တေးဂီတသည် ခေတ်ပေါ်စာပေ၊ ခေတ်ပေါ်ကဗျာ၏ ထင်ဟပ်ချက် ဖြစ်သည်။ အနုပညာနှင့်စာပေ စသော ယဉ်ကျေးမှုသည် နိုင်ငံရေးလှုပ်ရှားမှု၏ ထင်ဟပ်ချက် ဖြစ်ပေသည်။ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုခေတ်က "အရှေ့ကနေဝန်း ထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ။ တို့ဗမာဟေ့ တို့ဗမာ" ဟူသော လှုံ့ဆော်သံသည် ယနေ့အထိ ရိုက်ခတ်နေဆဲဖြစ်သည်။ ယင်း တို့ဗမာသီချင်းသည်ပင်လျှင် နယ်ချဲ့ဆန့်ကျင်ရေး

mgyoe.com

ဟူသော လူထုလှုပ်ရှားမှု၏ ခံစားမှုထဲမှာ ထွက်ပေါ်လာသော တေးသံပင် ဖြစ်ပေသည်။ ခံစားမှုအစစ်ကြောင့်သာလျှင် တို့ဗမာသီချင်းသည် ယနေ့တိုင် ပွဲတင်ထပ်၍နေခြင်း ဖြစ်ပေသည်။

သူ့ခေတ်၏ ခံစားမှုကို ဖော်နိုင်လေ ခေတ်ပေါ်ဂီတ၏ ရသသည် ပေါ်လေပင် မဟုတ်ပေလော။

(ဂီတပဒေသာ၊ ၁၉၇၀)

❐

mgyoe.com

mgyoe.com

# (၃) ပန်းချီဝေဖန်ရေး

၁။ ယနေ့ အမျိုးသားယဉ်ကျေးမှုပြဿနာ
ပန်းချီ အနုပညာဆွေးနွေးချက်

(၁)

တစ်နေ့သော် လင်းယုန်ဂျာနယ်တိုက်၌ မိတ်ဆွေ ပွင့်သစ်စ ပန်းချီဆရာတစ်ဦးနှင့် တွေ့၍ သူ၏လက်ထဲတွင် ကိုင်ထားသော မှန်ပေါင်သွင်းထားသည့် ပန်းချီကားချပ်အား ပြရန် ပြောမိလေသည်။ သူက ပြုံးစိစိလုပ်၍ "အလကားပါဗျာ" ဟုဆိုကာ မပြချင်သယောင် နေသည်။ ကျွန်တော်မှာ တာရာမဂ္ဂဇင်းတွင် သူ၏ပုံများ ရေးလာကတည်းက ဝေဖန်လေ့ ရှိသည်။ တာရာအတွက် ရေးသောပုံများအနက် တချို့ကို မကြိုက်သော်လည်း ထည့်လျက်၊ ပန်းချီသဘောကို ဝေဖန်လေ့ရှိသည်။ ယခု တာရာမဂ္ဂဇင်း မထွက်သည့်အခိုက် အခြား ဂျာနယ် များတွင်ရေးလျက်ရှိရာ ယခင်ကလောက် သူ၏ပုံများကို ဘလောက်မလုပ်ခင် မတွေ့ရတတ်တော့။ ယခင်ကမူ ပုံရေးပြီး ကျွန်တော့်ကိုပြသည်။ ကျွန်တော်ကလည်း ဝေဖန်သည်။

"ပြပါဗျာ၊ ကြည့်ရအောင်ပါ"

သူက မပြချင်လှဘဲ မှန်ပေါင်သွင်းထားသည့် ပုံကားကိုညှပ်ကာ အနီးအပါးရှိ ချစ်တီးလက်ဖက်ရည်ဆိုင်သို့ ခေါ်သည်။ မလိုင်မုန့်ကျွေးရင်း ပန်းချီအကြောင်းပင် စကား စမြည် ပြောကြသည်။ သည်တော့မှ သူ၏ မှန်ပေါင်သွင်းထားသည့်ပုံကားကို မြင်ရသည်။

သူက ပြုံးစိစိနှင့်ပင် "ခင်ဗျားကတော့ ဝေဖန်တော့မှာပဲ၊ ဟိုဗျာ...ကုလားပြည်က တဂိုးရဲ့ ပန်းချီကျောင်းမှာ ပန်းချီပညာ ဆည်းပူးဖို့ သံရုံးမှာ ပညာတော်သင် လျှောက်ထား တာ။ အဲဒါ ကျွန်တော်ရေးတဲ့ ပန်းချီကားတွေကိုပြတယ်။ ဒါ အနောက်တိုင်းဆန်တယ်ဆိုပြီး

mgyoe.com

အမျိုးသားလက်ရာပြဖို့ ပြောတယ်ဗျာ" ဟု ပြောကာ ခေါင်းကုတ်နေသည်။

သူသည် ပြောရင်း မှန်ပေါင်သွင်းထားသည့်ကားကို ပြလေသည်။

"ကျွန်တော်လည်း တတ်နိုင်သလောက် မြန်မာဆန်အောင် ရေးထားတာပဲ။ မြန်မာဆန်အောင် ရေးရတာ မလွယ်ဘူးဗျ" ဟု သူကပြောနေစဉ် ကျွန်တော်က သူ၏ ပန်းချီကားကို ကြည့်လိုက်သည်။

ပန်းချီကားမှာ တစ်ကြောင်းဆွဲမျဉ်း၊ ဆေးရောင်ဖြင့် အဝေးအနီးကို အလုံးအဝန်း ဖြင့် မဟုတ်ဘဲ "အပြား" သဏ္ဌာန်ဖြင့် ဖော်ထားသော နည်းနာအရ ရေးထားသည်။ ဖော်သောအကြောင်းအရာမှာ ဆင်က သစ်ဆွဲနေသည့်အကြောင်းအရာ ဖြစ်ပေသည်။ ရေးပုံ ရေးနည်းအားဖြင့်ကား မြန်မာရှေးရိုးပန်းချီဟုသိရသော အာရှနည်းပင် ဖြစ်တန်ပေမည်။ အာရှနည်းကား အခြားမဟုတ်၊ အဝေး၊ အနီး အမြင်ကို အလုံးနေရာ အလုံး၊ အဝန်းနေရာ အဝန်း စသည်ဖြင့် တွေ့ရှိသိမြင်ရအောင် မဟုတ်ဘဲ အပြားပေါ်တွင် တွေ့ရသည့် သဏ္ဌာန် သာ ရေးသောနည်းသဘောကို ဆိုလိုပေသည်။

ဥရောပမှ အနုပညာ ဝေဖန်ရေး အဘိဓမ္မာဆရာ ရိုဂျာဖရိုင်းက "သုခုမ အလှ တရား" စာအုပ်တွင် "ပန်းချီဆေးရေး အနုပညာရပ်သည်ကား ထုထည် အလုံးအဝန်း အရာဝတ္ထုများကို အပြားအချပ်ပေါ်၌ တူအောင် ဆေးသားဖြင့် ခြယ်ရေးတုပသော အတတ် ပညာပေတကား"ဟူ၍ ပန်းချီကျော်တစ်ဦး၏ စကားရပ်ကို ကိုးကားထားဖူးလေသည်။

ယခု သစ်ပင်၊ ဆင်၊ သစ်သားတုံး၊ သစ်ဆွဲနေဟန် စသည်များကို ဤ တစ်ကြောင်းဆွဲနည်းဖြင့် ဖော်ပြထားသည်။ ဥရောပက ဘောလုံးကို ခြယ်ရေးလျှင် ဘောလုံး "အလုံး"အတိုင်း "တင်"ထားဘိအလား မြင်ရအောင် ရေးသည်။ အာရှကမူ ဘောလုံးကို ပြားပြားကြီး အချပ်ပေါ်၌ "ကပ်" ထားဘိသကဲ့သို့ ရေးသည်။ ဤအာရှနည်းကိုသုံးရန် ကြိုးပမ်းမှု အစအနကို သူ၏ပန်းချီကား၌ မြင်ရလေသည်။

"နေပါဦး၊ ဒါက ဒီဆင်က ဘယ်က ယူတာလဲ။ ဆင်ကို ကြည့်ပြီး ရေးသလား" ဟု ကျွန်တော်က ပြုံးကာ မေးလေသည်။

"ဘယ်ဟုတ်မလဲ၊ ဒီလိုပဲ လျှောက်ရှာပြီး ကူးရတာပေါ့" သူက ပြုံးစိစိလုပ်နေ လေသည်။

"နေပါဦးဗျ၊ ဒါက မြန်မာပန်းချီပေါ့ ဟုတ်လား"

"အဲ...အဲ...ကျွန်တော်လည်း မြန်မာဆန်အောင် ကြံရတာပဲ။ မကြံတတ်တာနဲ့"

သူ၏ဆင်ကား သစ်ဆွဲနေသည်ဆိုသော်လည်း လေးလံသော သစ်တုံးကြီးကို

 mgyoe.com 

အပင်တပန်း ဆွဲနေသော မာန်သရုပ်မပါဘဲ မြန်မာရိုးရာဇာတ်ပွဲ၊ ဇာတ်ကြီးဆယ်ဘွဲ့ ကားများ၌ ရှင်ဘုရင်စီးသော ကကြိုးဆင်နှင့် တူနေပေသည်။ အားနှင့် မာန်နှင့် သစ်တုံးကို ဆွဲနေသည့် ဆင်၏ ဟန်ပန်မျိုးမဟုတ်၊ မင်းပွဲသဘင် အခမ်းအနား၌ အကဟန်ချီသော ဆင်၏သဏ္ဌာန် ပေါက်နေလေသည်။ ဆင်ပေါ်၌ ဆင်ဦးစီးက ချွန်းကိုင်ထားလေသည်။

ကျွန်တော်က "ဆင်ဦးစီးဝတ်ထားတဲ့ စွပ်ကျယ်အင်္ကျီက ဘာတံဆိပ်လဲ၊ တယော လား၊ ဓာမဏီလား၊ ဘာလို့ ခေါင်းစွပ်ဝတ်သလဲ၊ ရင်ခွဲဝတ်ပါလားဗျ" ဟု ရယ်မောကာ နောက်နေလေသည်။ သူကလည်း ပလုတ်ပလောင်းနှင့် ရယ်မောလေ သည်။

ပန်းချီ အနုပညာ စသော ယဉ်ကျေးမှု၌ မြန်မာဆန်ခြင်းဟူသော ပြဿနာကို တာရာမဂ္ဂဇင်းတွင် ရေးသားတင်ပြခဲ့သည်မှာ ကြာပေပြီ။ အမျိုးသား ပန်းချီကား အဘယ်နည်းဟူ၍ စူးစမ်းရှာဖွေကာ ယနေ့ခေတ်၌ မြုပ်ကွယ်၍ သဘောအနက် ရှုပ်ထွေး လျက်ရှိသည့် ပြဿနာများကို ဖော်ပြခဲ့သည်။

"မြန်မာဆန်ခြင်း"ဟူသော ပြဿနာ၌ ရေးပုံရေးနည်း လက်ရာ၏ မြန်မာမှု ဆန်ခြင်းလော၊ ရေးခြယ်သော အကြောင်းအရာ၌ မြန်မာဆန်ခြင်းလောဟူ၍ ရှိလေသည်။ ကနုတ်ပန်းအကွေ့၊ အဝိုက်၊ အတွန့်အယှက်ဖြင့် လည်းကောင်း၊ "တစ်ကြောင်းဆွဲဖြင့်လည်း ကောင်း၊ ဆေးသားအနုအဖျော့ဖြင့်လည်းကောင်း၊ ခြယ်ရေးမှု အတတ်ကို မြန်မာနည်း၊ အမျိုးသား ပန်းချီနည်းဟု ဆိုနိုင်ပေသည်။ (ဤနေရာ၌ မြန်မာပြည်ကို အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် ယဉ်ကျေးမှုနယ်ပယ်၌ နိုင်ငံခြား အငွေ့အသက် ရောပြွမ်းလာကာ နယ်ချဲ့ယဉ်ကျေးမှု လွှမ်းမိုးလျက် မြန်မာအနုပညာများ တိမ်မြုပ် တိမ်ကော လာခဲ့သည် ဖြစ်ရာ မြန်မာ့နည်းကို ပြန်လည် ဖော်ထုတ်ရန် (ဝါ) ပြန်လည်ဆန်းသစ်ရန်ဟူသော သဘောကို သိမြင်လာကြပြီး "မြန်မာမှု"ကို ရှာဖွေနေကြပေပြီ။ သို့ ရှာဖွေဖော်ထုတ်ကာ ပြန်လည်ဆန်းသစ်မှုကိုကြိုးပမ်းရာ၌ မြန်မာမှု စစ် မစစ်၊ ပီ မပီဟူသော ပြဿနာလည်း ပေါ်လာတတ်ပေသည်။ ရှေ့တွင် ဖော်ပြပါမည်)။

ထိုသို့ ကနုတ်ပန်း တစ်ကြောင်းဆွဲ စသည် နည်းနာတို့ဖြင့် ခြယ်ခြင်းသည် မြန်မာ ဆန်ခြင်းလော၊ တစ်ဖန် မြန်မာ့အကြောင်းအရာဟူရာ၌ ပန်းချီဆရာကြီး ဦးဘဉာဏ် ၏ မြန်မာ့အကြောင်းအရာခြယ်ရေးသော ကားများသည် မြန်မာဆန်ခြင်းလော၊ ဦးဘဉာဏ် သည် ပုဇွန်တောင်ချောင်း၊ ရွှေတိဂုံဘုရားကို ခြယ်ရေးပါ၏။ သို့သော် "အနောက်နည်း" စုတ်လက်ရာဖြင့် ခြယ်ရေးထားပေသည်။ ဦးငွေကိုင်လည်း ထိုနည်းအတူပင် မြန်မာ လယ်ထွန်ပုံကို ရေးပါ၏။ လက်ရာနည်းနာကား အနောက်နည်းပင် ဖြစ်နေပေသည်။

mgyoe.com

ဤသို့သော ပန်းချီကားများကို မြန်မာဆန်ခြင်းဟု ခေါ်ရပါမည်လော။

"ကျွန်တော်တော့ မြန်မာဆန်အောင် လျှောက်ကြံရတာပဲ။ ဘယ့်နှယ့်လုပ်မလဲ" ဟု သူက ညည်းနေပေသည်။

ကျွန်တော်မှာ သူ၏ သစ်ဆွဲနေသည့်ဆင်အကနှင့် ဇာမဏီတံဆိပ် စွပ်ကျယ်အင်္ကျီ အသစ်ကျပ်ချွတ်ဝတ်ထားသည့် ဆင်ဦးစီးကိုကြည့်ရင်း လမ်းဘေးသို့ ငေးကြည့်မိလေသည်။ သူ၏ ကားသည် မြန်မာဆန်ပါသလော။

ရှေးနှစ်ပေါင်း ၁,၀၀၀ ကျော်ကတည်းက အမျိုးသားယဉ်ကျေးမှုသည် အစဉ်တစိုက် တည်ထွန်းလာခဲ့ပါ၏။ အင်္ဂလိပ်နယ်ချဲ့တို့ ရောက်သောအခါမှ အရိုးကို အရွက်ဖုံးလာ၏။ မြန်မာမှုကို အားပေးချီးမြှောက်ခြင်းက နည်းလာ၏။ နယ်ချဲ့ယဉ်ကျေးမှုကို သွတ်သွင်းလာ၏။ အရင်းရှင် စီးပွားရေးစနစ်က ထင်ဟပ်သော နယ်ချဲ့ယဉ်ကျေးမှုသည် ထပ်ကာထပ်ကာ ဖုံးလွှမ်းလာ၏။ နောက် မြန်မာမှုကို သတိရ၍ ကြည့်ရှုသောအခါ ရှာဖွေလာရ၏။ အရွက်တွေက ဖုံးလွှမ်းပြိုးပြွမ်းလွန်း၍ အရိုးအစကို မနည်းရှာရတော့၏။ အရိုးနှင့် အရွက် ရောထွေးနေ၍ "ဘယ်ဟာ အရိုးပါလိမ့်"ဟု ရှေးမီသူကို မေးမြန်းလာရ၏။ ရှေးမီသူကလည်း မျက်စိမှုန်လာ၍ မနည်း ကြိုးစားပြရရှာ၏။ နောက်လူများကား အရိုးကို မိသူ မဟုတ်၍ အရိုးနှင့်အရွက် ယိုးယိုးမှားမှား ဝိုးဝါးနေတတ်ပေသည်။

ကျွန်တော်တို့က ထပ်ကာဆင့်ကာ ဖုံးလွှမ်း၍နေသော အမှိုက်သရိုက် အရွက်များကို ဖယ်ရှားကာ အရိုးကို ရှာဖွေရပေမည်။ ထိုအရိုးထဲမှ ခေတ်သစ်အတွက် ကောင်းမည့်ကိစ္စများကိုသုံး၍ အိုမင်းသော မလိုသည်များကိုကား ရှေးဟောင်းပြတိုက်၌သာ ထားရပေမည်။

(၂)

ဗဟိုပန်းချီ ကော်မတီ၏ ပန်းချီပြပွဲဖွင့်ပွဲသို့ တက်ရောက်ရန် ဖိတ်စာရထားလေသည်။ ဗဟိုပန်းချီ ကော်မတီတွင် ထင်ရှားသော ခေတ်ပေါ်ပန်းချီဆရာများနှင့် တက္ကသိုလ်မှ ပါမောက္ခများ ပါဝင်ကြပေသည်။ ၁၉၄၆ ခု မတ်လက ကျင်းပသော ပန်းချီပြပွဲကို ဝေဖန်စာရေးသားခဲ့သည်။ ယခုပြပွဲကိုလည်း အင်မတန် ကြည့်ရှုချင်နေလေသည်။ သို့သော် ထိုနေ့က စာရေးဆရာအသင်း အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် အချိန်ချင်း တိုက်နေ၍ မတက်ဖြစ်။

နောက်တစ်နေ့၌ မိတ်ဆွေ ပန်းချီဆရာက ကျွန်တော့်ထံလာကာ "မနေ့က ဘာဖြစ်လို့ မတက်သလဲ"ဟု မေးလေသည်။

"အချိန်ချင်း တိုက်နေတာနဲ့"

mgyoe.com

"ရှေးရိုးပန်းချီတွေ အတော်ပါတယ်၊ မန္တလေးက ပန်းချီဆရာတွေ ယူလာတဲ့ ကားတွေလည်း ပါတယ်။ ပုဂံပန်းချီကားတွေ ပါတယ်။ သိပ်စုံတာပဲဗျာ။ မြန်မာမှု ပန်းချီ လိုက်စားတဲ့သူတွေအဖို့တော့ ဟန်ကျတာပဲ" ဟု သူက အားရပါးရ ပြောလေသည်။

ကျွန်တော်က ရှေးရိုးပန်းချီကားများကို စိတ်ကူးကြည့်နေသည်။ ဗဟိုပန်းချီ ကော်မတီက အမျိုးသားပန်းချီမှု ပြန်လည်ဆန်းသစ်ရေးကို အားကြိုးမာန်တက် ရှေးရှုနေကြ သည်တကားဟု ဝမ်းသာနေသည်။ သို့သော် မည်ကဲ့သို့သော ရှေးရိုးပန်းချီကို ပြန်လည် ပြန့်ပွားအောင်ပြုမည်နည်း။

ကျွန်တော်က "နေပါဦးဗျ၊ ပြပွဲမှာ ဘီလူးခေါင်း ဘယ်နခေါင်းပါသလဲ။ ရာမနဲ့ သီတာကော ဘယ်နှစ်ကားလဲ၊ ဘုရားပုံ ဘယ်နှစ်ကားလဲ၊ ကိန္နရီ ကိန္နရာကော" ဟု မေးမိ လေသည်။

သူက "ဟုတ်...ဟုတ်တယ်ဗျို့၊ ခင်ဗျား ရောက်လို့လား" ဟု ပြောကာ ရယ်မောနေ လေသည်။

"မြန်မာပန်းချီ" ဟုဆိုလိုက်လျှင် ဘီလူးခေါင်း၊ ရာမ သီတာ ဇာတ်လမ်းမပါလျှင် မဖြစ်ဟူသော အသိနှင့်မေးခြင်း ဖြစ်ပေသည်။ နောက် တစ်ရက်၊ နှစ်ရက် ကြာ၍ ပန်းချီပြပွဲ သို့ သွားကြည့်သောအခါ ထင်သည့်အတိုင်းပင် ဘီလူးခေါင်းနှင့် ရာမ သီတာဇာတ်လမ်း များကိုပင် တွေ့ရလေသည်။ ရာမ သီတာ ဇာတ်လမ်းသာမက ရှေးဇာတက ဗုဒ္ဓဝင် ဇာတ်ကြောင်းများကိုပင် တွေ့ရလေသည်။

ဤပန်းချီပြပွဲနှင့် ပတ်သက်၍ ရိုးရာပန်းချီ ပြန်လည်ဆန်းသစ်ရေး၊ ခေတ်စမ်း ပန်းချီ စသည်ဖြင့် ခေတ်စမ်းစာပေမှ ပုဂ္ဂိုလ်များက ချီးကျူးရေးသားကြ၍ ယဉ်ကျေးမှု လောကတွင် လှုပ်လှုပ်ရွရွဖြစ်လာသည်ဟု ဆိုနိုင်ပေသည်။ ပန်းချီအနုပညာနှင့်ပတ်သက်၍ အတော် ငြိမ်သက်လျက်ရှိရာ ယခုကဲ့သို့ ပန်းချီပြပွဲကြီးများ ကျင်းပ၍လည်းကောင်း၊ သတင်းစာ ဂျာနယ်များတွင် ပန်းချီအကြောင်း အရေးတယူ ရေးသားဖော်ပြ၍လည်းကောင်း၊ မြန်မာပန်းချီပညာရပ် လှုပ်ရှားလာခြင်းကား ဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။

ပန်းချီပညာ ပြန်လည်ဆန်းသစ်ခြင်းကို လိုလားအပ်ပေသည်။ ယဉ်ကျေးမှု လောက၌ ပန်းချီအနုပညာ ထွန်းကားလာခြင်းဖြင့် မြန်မာမှုတိုးတက်ရေးသည် စတင်လာပြီ ဟု အားတက်ရပေမည်။

သို့သော် မည်ကဲ့သို့သော ပန်းချီပညာများ ပြန်လည် ဆန်းသစ်ခြင်းကို လိုလားရ ပေမည်နည်း။ ဘီလူးခေါင်းများ၊ ရာမသီတာဇာတ်လမ်းများ၊ ဗုဒ္ဓဝင် မဟာဝင် ဇာတက

mgyoe.com

mgyoe.com


ဇာတ်ကြောင်းများကို ကနုတ်ပန်းတစ်ကြောင်းဆွဲ ရိုးရာနည်းဖြင့် ခြယ်မှုန်းသော ရိုးရာမြန်မာပန်းချီ ပြန်လည်ထွန်းကားခြင်းကိုလော။ ဤဘီလူးခေါင်း ရာမသီတာ၊ ဗုဒ္ဓဝင်ဇာတ်ကြောင်းစသည့် အကြောင်းအရာကို ခြယ်ရေးသော ကနုတ်ပန်း တစ်ကြောင်းဆွဲနည်းကား ရှေးအမျိုးသား ပန်းချီဟောင်း ဖြစ်ပေသည်။ ရေးသော အကြောင်းအရာမှာလည်း ရှေးဟောင်းအကြောင်းအရာ၊ ရေးနည်းမှာလည်း ရှေးနည်းဟောင်းဖြစ်သည့် အမျိုးသား ပန်းချီဟောင်းဖြစ်ပေသည်။ ဤရှေးပန်းချီဟောင်းကို ယခုခေတ်တွင် ပြန်၍ ဖော်ပြသွားရမည်လား။ ဤသို့ဖော်ပြခြင်းသည် ပန်းချီအတတ်၌ တိုးတက်ခြင်းမည်ပါသလော။ ခေတ်ဟောင်းကို နောက်ပြန်ဆွဲခေါ်မည်လော။

ဤသို့ဆိုခြင်းဖြင့် ရှေးအမျိုးသား ပန်းချီဟောင်းကို လုံးဝပစ်ပယ်ရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ယဉ်ကျေးမှုလောက၌ ငြိမ်သက်နေစဉ်မှာ မည်ကဲ့သို့သော ပန်းချီအနုပညာမျိုး ပြန်လည်ဆန်းသစ်ရမည်ဟူသောအချက်ကို ဝေဖန်စိစစ်ခြင်းသာ ဖြစ်ပေသည်။

ယဉ်ကျေးမှုတို့မည်သည် သီးခြားအားဖြင့် ဘွားခနဲ ပေါ်ပေါက်သည်မဟုတ်ပေ။ သားသမီးသည် အမိအဖမှ မွေးဖွားလာသည့်နည်းတူ ရှေးယဉ်ကျေးမှုဟောင်းမှ ခေတ်ယဉ်ကျေးမှုသစ်သည် ဆင်းသက်ပေါက်ဖွားလာသည်သာ ဖြစ်ပေသည်။ ယနေ့ ယဉ်ကျေးမှုသည် ရှေးယဉ်ကျေးမှုမှ ဆင်းသက်လာပေသည်။

ဤနေရာ၌ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ကို အဘယ်ပုံ ဆက်ခံမည်နည်းဟူသော ပြဿနာ ပေါ်လာပေသည်။ ကျွန်တော်တို့၏ ရှေးရိုးယဉ်ကျေးမှု ဟောင်းကား ပဒေသရာဇ်ယဉ်ကျေးမှု ဖြစ်ပေသည်။ (ထို့နောက် နယ်ချဲ့တို့ ဝင်ရောက်လာရာ ပဒေသရာဇ်တစ်ပိုင်း၊ လက်အောက်ခံကိုလိုနီတစ်ပိုင်း သဘောရှိသော ယဉ်ကျေးမှုဖြစ်လာပေသည်)

ယခုခေတ်၌ ပဒေသရာဇ် ရှေးယဉ်ကျေးမှုဟောင်းကို ပြန်လည်ထွန်းကားစေမည်လော။ ပြန်လည်ထွန်းကားစေရန် မဖြစ်ပေ။ ပဒေသရာဇ်ယဉ်ကျေးမှုသည် ခေတ်နောက်ကျကာ ဆုတ်ယုတ်၍နေပေပြီ။ ဘီလူးခေါင်း၊ ရာမသီတာဇာတ်လမ်း၊ ကိန္နရီ ကိန္နရာဇာတ်၊ ဗုဒ္ဓဝင် မဟာဝင် ဇာတ်ကြီးများကို ပြန်လည်ထွန်းကားစေမည်လော။ ဤကား အကြောင်းအရာနှင့် ပတ်သက်ပေသည်။ ဤရိုးရာအကြောင်းအရာကို ကနုတ်ပန်း တစ်ကြောင်းဆွဲ ရိုးရာနည်းဖြင့် ရေးခြယ်ထားသည့် ပဒေသရာဇ် ရှေးရိုး အမျိုးသား ပန်းချီဟောင်းသဘောကိုသာ ယနေ့ ပန်းချီဆရာတို့သည် ခြယ်ရေးရပေမည်လော။

ဤသို့အားဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ကို ဆက်ခံရာ၌ ဝေဖန်သုံးသပ်၍ ကြည့်ရှုကြရပေမည်။

mgyoe.com

အမွေအနှစ်ဆိုသည်မှာ ပညာအခြေခံ သဘောပင် ဖြစ်ပေသည်။ အသစ်ကို တည်ဆောက်ရာ၌ အဟောင်းကို ကျေပွန်ထားရပေမည်။ သို့မှသာ အသစ်၌ စွမ်းသန်ပေမည်။ ဆိုလိုသည်မှာ ယဉ်ကျေးမှု အမွေအနှစ်ဆိုသည်မှာ မြေသြဇာပင်။ မြေသြဇာကောင်းမှ သန်စွမ်းကာ အပွင့်သစ်သည် ကြီးထွား ထွန်းကားလာနိုင်ပေသည်။ ရှေးဟောင်းယဉ်ကျေးမှုကို ဆက်ခံအသုံးပြုရာ၌ ဝေဖန်စစ်ဆေးကာ ပယ်သင့်သည်ကို ပယ်၍ သုံးသင့်သည်ကို သုံးရပေမည်။ အဟောင်းမှ အသစ်သို့ ပြောင်းလဲတိုးတက် လာရမည့် ပထမအခြေ (ဝါ) တော်လှန်ရေးအခြေတွင် ဤသို့ သဘောထားရပေမည်။

မည်သည်ကိုပယ်၍ မည်သည်ကို သုံးရမည်နည်း။ ဤအချက်သည် ယနေ့မြန်မာ့ယဉ်ကျေးမှု၏ ပြဿနာ ဖြစ်ပေသည်။

ဤပြဿနာကို မဖြေရှင်းမီ အဘယ်ယဉ်ကျေးမှုသို့ ပြောင်းလဲရမည်နည်း ဟူသော ရည်ရွယ်ချက်၌ ရှင်းလင်းကြည်လင်ခြင်း ရှိရပေမည်။ ယဉ်ကျေးမှုတစ်ရပ် သည် စီးပွားရေး၊ နိုင်ငံရေးစနစ်၏ ထင်ဟပ်ချက်ဖြစ်ပေရာ မည်သည့် စီးပွားရေး၊ နိုင်ငံရေး လိုလားချက် ရှိသည်ကို မူတည်၍ စဉ်းစားရပေမည်။

ကျွန်တော်တို့က ပြည်သူ၏ (ပဒေသရာဇ်နှင့် အရင်းရှင် သဘောများမှ ကင်းသော) ယဉ်ကျေးမှုသစ်ကို လိုလားပေသည်။ သို့ဖြစ်ရာ ရှေးရိုး အမွေအနှစ်ကို ဆက်ခံရာ၌ ဤယဉ်ကျေးမှုသစ်အား ဆန့်ကျင်သည့်အပိုင်းကိုပယ်၍ ယဉ်ကျေးမှုသစ်အား အထောက်အကူ ပေးမည့်အပိုင်းကို ခံယူရပေမည်။

ဤယဉ်ကျေးမှု တော်လှန်ရေးကို မစမီ အမျိုးသား ယဉ်ကျေးမှု စွမ်းသန်ရေးဖြစ်သော ပြန်လည်ဆန်းသစ်ရေး လုပ်ငန်းများကို အားပေးကြရပေမည်။ အားပေးရာ၌ ရှေးဟောင်း မြန်မာမှုများကို ဝေဖန်ရန် လိုလာပေသည်။ လက်ရှိ ပဒေသရာဇ်တစ်ပိုင်း၊ လက်အောက်ခံ ကိုလိုနီတစ်ပိုင်း သဘောရှိသော အရင်းရှင် ယဉ်ကျေးမှု အခြေအနေကိုလည်း ထည့်သွင်းကာ ဝေဖန်ရန် လိုလာပေသည်။ ယခုအခြေ၌ အမျိုးသားယဉ်ကျေးမှုသစ်ကို လိုလားပေသည်။ အမျိုးသား ယဉ်ကျေးမှုဟောင်းကို ပြတိုက်၌သာ သိမ်းဆည်းထားသင့်ပေသည်။ ဤအချက်နှင့်ပတ်သက်၍ ပန်းချီပြပွဲ၌တွေ့ရသော ဦးအုန်းလွင်၏ "တိုင်းခြေပြည်မြစ်"ကားကို ဥပမာ ပြလိုပေသည်။

စာပေမဂ္ဂဇင်း အဖုံးကိုစွဲ၍ ကျွန်တော်က "မြန်မာ အမျိုးသား ပန်းချီနည်းနာနဲ့ မြန်မာ့ဘဝကို ခြယ်ရေးတဲ့ပုံမျိုးဆို မကောင်းဘူးလား" ဟု ဦးအုန်းလွင်အား ပြောမိသည်။ ဦးအုန်းလွင်က "မြန်မာမှုနည်းနာနဲ့ ဖော်ဖို့ရာက မလွယ်ဘူးဗျ" ဟု ဆိုသည်။

mgyoe.com

ဦးအုန်းလွင်သည် ပန်းချီပညာ၌ အတော်တတ်ကျွမ်းသူ ဖြစ်ပေသည်။ လက်တွေ့လည်း များလှသည့်အပြင် ခေတ်ပန်းချီပညာကိုလည်း သိရှိသည်၊ ရှေးရိုး ပန်းချီပညာကိုလည်း ဆည်းပူးသင့်သလောက် ဆည်းပူးထားသူ ဖြစ်သည်။ လက်ရာလည်း တီထွင်ဆန်းသစ်သည်။ ပျော့ပျောင်းလှပသည်။ နောက်ဆုံး၌ သူသည် စာပေ မဂ္ဂဇင်းအဖုံးအတွက် ရေးပေးလေသည်။ ထိုကားမှာ ယွန်းထည်ပေါ်၌ ရေးသည့် တစ်ကြောင်းဆွဲ နည်းနာဖြင့် အမျိုးသား ဘဝကိုခြယ်သည့် "တိုင်းခြေပြည်မြစ်" ပန်းချီကား ဖြစ်လေသည်။

အနက်ခံပိန်းပေါ်၌ ရွှေရောင်နှင့် ဟသင်္ပြဒါးအနီ တစ်ကြောင်းမျဉ်း အတွန့်အယှက် အကွေ့အဝိုက်များဖြင့် မြန်မာဆင်းရဲသားဘဝကို ဖော်ပြလေသည်။ တံစဉ်ကိုင်ထားသော လယ်သမား၊ ကလေးနို့တိုက်နေသော ဆင်းရဲသူမ၊ ဆန်ဖွပ်နေပုံ၊ ထဘီရင်ရှားနှင့် ရေအိုးရွက်နေပုံ စသည့် မြန်မာတောကျေးလက်ဘဝနှင့် ငှက်ပျောပင်၊ ဘူးစင်၊ ဘူးနွယ်၊ ကောက်လှိုင်း၊ မြက်ပင် စသော တောရှုခင်းကို နောက်ခံကာ ထားလေသည်။ အနက်ပေါ်၌ ရွှေရောင်နှင့် အနီရောင် မျဉ်းကြောင်းများမှာ ပေါ်၍ လှလေသည်။ ဤကားကိုပင် ဗဟို ပန်းချီကော်မတီ၏ပြပွဲ၌ တင်လေသည်။ သူ၏ထူးခြားဆန်းသစ်သော ပုံကားကို နှစ်သက်သူအတော်များလေသည်။ (ဗဟို ပန်းချီကော်မတီဝင် ဖော်ဂျီက စာပေမဂ္ဂဇင်းအဖုံး ကိုမြင်၍ "ဒီပုံကို ပန်းချီပြပွဲတင်ဖို့ ကောင်းတယ်" ဟု အကြံပေး၍ ဦးအုန်းလွင်က ထပ်မံခြယ်ရေးကာ တင်ခြင်းဖြစ်ပေသည်)

ဤနေရာ၌ အကြောင်းအရာမှာ ရှေးရိုးအကြောင်းအရာဖြစ်သော ရာမသီတာ ဗုဒ္ဓဝင်၊ ဇာတ်ကြီးဆယ်ဘွဲ့ မဟုတ်ပေ။ ယနေ့ မြန်မာ့ဘဝ၊ တောဘဝပင်ဖြစ်၍ ကောင်းပေသည်။ ရေးနည်းမှာကား တစ်ကြောင်းဆွဲ ဖြစ်လေသည်။ ဤနည်းကို ရှေးမူဟူ၍ကား တပ်အပ်မသိသော်လည်း "မြန်မာ ဆန်သည်" ဟု ပြောနိုင်ပေသည်။ ဤသို့ဖြင့် ဆန်းသစ်ခြင်း၊ ထူးခြားခြင်း ရှိပေသည်။ ရှေးနည်းရှေးပုံကို ကူးယူခြင်း သက်သက်မဟုတ်ဘဲ တီထွင်ဆန်းသစ်ခြင်းလည်း ပါသည်။ မြန်မာ့ဘဝကိုလည်း ဖော်သည်။ ဤကားသည် အမျိုးသားပန်းချီသစ်နယ်ပယ်တွင် အစအဦး ဖြစ်ပေလိမ့်မည်။

အကယ်၍ ဘီလူးကိန္နရာ ရာမသီတာ နတ်သမီး စသည်များအကြောင်းကို ခြယ်ရေးက ရှေးရိုးရာနည်း ကနုတ်ပန်း သဘောများဖြင့်သာ ခြယ်ရေးရပေလိမ့်မည်။ အကြောင်းအရာဟောင်းကို ရေးနည်းဟောင်းဖြင့်သာ ခြယ်ရေးခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ ပန်းချီအနုပညာ၌ အကြောင်းအရာကို မူတည်၍ ရေးဟန်သည် ဖြစ်လာသလားဟူသော အချက် ပေါ်လာပြန်သည်။ ဘီလူး၊ ကိန္နရာ၊ နတ်သမီးတို့ကို

mgyoe.com

ကနုတ်ပန်းဖြင့်သာ ခြယ်ရေး၍ ရသလော၊ အခြားနည်းဖြင့် မရသလော။ မောရစ်ကောလစ်၏ မြန်မာရာဇဝင် ပြဇာတ်တစ်ခု၌ ကမ္ဘာကျော် ပိုလန်ပန်းချီဆရာ တိုပါစကီး၏ "မြွေမျဉ်းကြောင်း"နည်းဖြင့် လည်းကောင်း၊ ဆေးထူများဖြင့် လည်းကောင်း ဖော်ထားသည်ကို တွေ့ရဖူးသည်။ ထိုပုံများ၌ မြန်မာမှုသဘောသည် ပျက်နေသည်ဟုထင်သည်။

အကယ်၍ ဘီလူးခေါင်း၊ ကိန္နရာ စသည့် အကြောင်းအရာများကို မခြယ်ဘဲ လယ်သမား တောသားတို့၏ ပြကတေ့ (ပကတိ) ဘဝများကို ခြယ်က ကနုတ်ပန်း အကော့ အဝိုက် စသည့် နည်းသဘောများ ဖြစ်လာပါဦးမည်လားဟူ၍ စဉ်းစားစရာ ပေါ်လာပေသည်။ ဘီလူး၊ ကိန္နရာ၊ နတ်သမီး စသည်တို့ကား မျက်မြင်ကိုယ်တွေ့မဟုတ်၊ "စိတ်ကူး" ထဲမှ သဏ္ဍာန်များသာ ဖြစ်သည်မဟုတ်လော။ ထိုစိတ်ကူးကို ဖော်ပြခြင်းကား စိတ်ကူးယဉ် သဘော မဟုတ်လော။ ကနုတ်ပန်းသဘော အခွေအကော့ သဘောတို့သည် စိတ်ကူးယဉ် နည်း သဘောမဟုတ်လော။ ဘုရားကျောင်းကန်ရှိ ခြသေ့်ရုပ်များကိုကြည့်၊ တကယ်တမ်း တောဝနာထဲ၌ မျက်မြင်တွေ့ရသော ခြသေ့်၏ပုံတူ မဟုတ်။ "စိတ်ကူး" ထဲမှ ယှဉ်ကြည့်၍ ကနုတ်ပန်းသဘောဖြင့် ခြယ်လှယ်မွမ်းမံထားသော ခြသေ့်မျှသာ ဖြစ်ပေသည် မဟုတ် လော။ သို့ဖြစ်ရာ ရှေးရိုးရာ မြန်မာပန်းချီသည် စိတ်ကူးယဉ်ပန်းချီလော။ ပုံတူကို သရုပ်ဖော် သော သရုပ်ဖော်ပန်းချီလောဟု စဉ်းစားစရာ ပေါ်လာပေသည်။

ဤရှေးရိုးပန်းချီနည်းဟောင်းဖြစ် ဇာတ်အကြောင်းအရာသစ်များကို ခြယ်ရေးရမည်လော။ ဤပြဿနာသည် ပေါ်လာပြန်သည်။ ကနုတ်ပန်းဖြင့် လယ်သမားဘဝ၊ တောဘဝ၊ တော်လှန်ရေးစစ်သား စသည့် အကြောင်းအရာများကို ဖော်ပြ၍ ရပါမည်လား။ ထိုသို့ ဖော်ပြခြင်းဖြင့် ပြည်သူလူထု၌ အများကြိုက် ဖြစ်လာမည်လား။ ရည်ရွယ်ချက် ပြည့်ဝမည်လား။ ပန်းချီ အနုပညာရပ်သည် လူနည်းစုအတွက် မဟုတ်ဘဲ လူများစု ပြည်သူလူထုအတွက် ရည်ညွှန်းခြင်းရှိရမည်ဖြစ်ပေရာ ပြည်သူလူထုတစ်ရပ်လုံးက ခံစားသိမြင်လာသော အရည်အချင်းသည် ပြည်သူ၏ယဉ်ကျေးမှုသစ်၌ ရှိရပေမည်။ သို့ဖြစ်ရာ အမျိုးသား ပန်းချီသစ်၌ ဤပြဿနာများကို တွေ့ရပေမည်။

ဤသို့လျှင် အမျိုးသားပန်းချီသစ်အခန်းကို ပြည်သူ့ယဉ်ကျေးမှုသစ်၏ နိဒါန်း အဖြစ် စတင်ရပေမည်တည်း။

(ရှုမဝ၊ ၁၉၅၁)

mgyoe.com

## ၂။ ၁၉၅၈ ပန်းချီပြပွဲ

### မီးကျည်ရောင်မလက်

ကုန်သည်လမ်းရှိ စာပေဗိမာန် ခန်းမဆောင်တွင် ဘာသာပြန်စာပေအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဦးအေးမောင်က ပန်းချီပြပွဲကို ဖွင့်လှစ်လိုက်သည်။ ပန်းချီဆရာများ၊ စာရေးဆရာတချို့နှင့် စာပေဗိမာန်နှင့် နီးစပ်ရာ ပုဂ္ဂိုလ်တချို့ နိုင်ငံခြားသားတချို့ တက်ရောက်ကြသည်။ ပရိသတ်မှာ ခပ်ကျဲကျဲပင်။

ဝန်ကြီးချုပ် မဖွင့်လှစ်၍လား မပြောတတ်၊ သတင်းထောက်များက ဓာတ်ပုံ သိပ်မရိုက်ကြ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးဓာတ်ပုံ မိန့်ခွန်းများလောက်သာ အာရုံထား အလေးပေး ဖော်ပြလေ့ရှိရာ မီးကျည်ရောင် သိပ်မလက်။

ဒေါက်တာ ဦးအေးမောင်၏ မိန့်ခွန်းတွင် စာပေဗိမာန်ရောင်းခန်း၌ ပန်းချီကား ရောင်းခန်းပြထားသည်ဟုဆိုသဖြင့် ပန်းချီဆရာများအတွက် ဝမ်းမြောက်ဖွယ်ပင်။ အမြဲတမ်း အနုပညာမွေ့သူများ လာရောက်ကြည့်ရှုနိုင်သော အမျိုးသားပန်းချီပြခန်းတစ်ခု တည်ထောင် ဖွင့်လှစ်ထားနိုင်လျှင် ကောင်းလေစွ။ အမျိုးသား ပန်းချီအသင်းကြီးဟူ၍ရှိလျှင် ကောင်းလေစွ။

### နှစ်သစ်၏ နိမိတ်ကောင်း

ဤပန်းချီပြပွဲတွင် ၁၉၅၈ ခု နှစ်သစ်ကူးလဆန်းတွင် ယဉ်ကျေးမှုပွင့်လန်းရေး အတွက် ကောင်းမြတ်သော အခြင်းအရာတစ်ရပ် ဖြစ်ပေသည်။

ပြပွဲသို့ ပန်းချီဆရာဦးရေ ၁၅၇ ဦး၏ ပန်းချီကားပေါင်း ၄၄၂ ကား ပေးပို့သည်ဟု သိရှိရရာ အားတက်ဖွယ်ပင်။ ချိတ်ဆွဲသော ပန်းချီကားလက်ရာပေါင်းမှာ ရေဆေး ၁၃၇ ကား၊ ဆီဆေး ၈၅ ကားနှင့် ပန်းပု ၈ ခုတို့ ဖြစ်ကြသည်။

ကျွန်တော်တို့ဆီတွင် ပန်းချီပြပွဲ ကျင်းပခြင်းမှာ နည်းလှသေးသည်။ မှတ်မိ သလောက် စစ်ပြီးစ အင်္ဂလိပ်ဝင်စက မြို့တော်ခန်းမ၌ ကျင်းပခဲ့ဖူးသည်။ နောက် အစိုးရ ကျောင်း၌ ၁၉၅၂ လောက်က တစ်ခါ ကျင်းပဖူးသည်။ အသင်းအဖွဲ့များက လုပ်ခြင်း အနည်းငယ် ရှိသည်။ သို့သော် ခမ်းခမ်းနားနား ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ပေ။ နှစ်စဉ် ပန်းချီပြပွဲ စီစဉ်ပေးနိုင်လျှင် ပန်းချီပညာ တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာ အကျိုးရှိ ပေသည်။

mgyoe.com

**အမျိုးသား ပန်းချီအသင်းကြီးရှိလျှင်**

အင်္ဂလန်တွင် ရွိုင်ရယ်အကယ်ဒမီခေါ် ပန်းချီအသင်းကြီးမှာ ၁၇၆၈ ခုနှစ်က တည်းက တည်ထောင်လာခဲ့ပြီး နှစ်စဉ် ပြပွဲကျင်းပလေ့ရှိသည်။ ပြပွဲမှ ရွေးချယ်ကားများကို စာအုပ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ အပြည်ပြည်တွင် ဤအသင်းမျိုး ရှိပေသည်။

ကျွန်တော်တို့ပြည်၌လည်း နိုင်ငံတော် အစိုးရကိုယ်တိုင်က အားပေးသော ပန်းချီ အသင်းကြီး ပေါ်ပေါက်ဖို့ လိုပေသည်။ ယခုအခါ ပန်းချီကား ကြည့်ချင်လျှင် ရုပ်စုံမဂ္ဂဇင်း များနှင့် ပြက္ခဒိန်များတွင်သာ ကြည့်ရမလို ဖြစ်နေသည်။

ပန်းချီပြပွဲများ ကျင်းပခြင်း၊ ပန်းချီကားများ ဝေဖန်ခြင်း၊ အကဲဖြတ်ခြင်းများဖြင့် သာလျှင် ပန်းချီပညာ တိုးတက်ဖွံ့ဖြိုးလာနိုင်ပေသည်။

**အရှေ့တိုင်းဟန်၏ ကြိုးဆိုမှု**

ကျွန်တော့်အပါးရှိ နိုင်ငံခြား မိတ်ဆွေတစ်ဦးက "ပန်းချီကားတွေက အနောက် နည်းနဲ့ ရေးကြတာ များတယ်နော်" ဟု ဆိုသည်။

ဤအချက်ကို နိုင်ငံခြားသားများက ပို၍ အကဲခတ်မိကြသည်။

တရုတ်သံရုံးမှ မိတ်ဆွေတစ်ယောက်ကမူ မြန်မာဟန်ပါသော လက်ရာများ ရှေ့၌ စူးစိုက်ကာပြုံးလျက် "ခင်ဗျားတို့ပြည်က အမျိုးသားဟန်က ကျွန်တော်တို့ တရုတ်နဲ့လည်း ခပ်ဆင်ဆင်ပဲဗျနော်" ဟု ဆိုသည်။

"ဟုတ်ပါတယ်၊ အနောက်နဲ့ အရှေ့ဟာ လက်ရာပုံဟန်မှာ ခြားနားကြပါတယ်။ အရှေ့တိုင်းဟန်ဆိုတာ မြင်ရုံနဲ့ သိလောက်ပါတယ်"

မြန်မာ အမျိုးသားဟန်ပါသော ကားများရှေ့၌ နိုင်ငံခြားသားများ အုံနေကြပေ သည်။

**အနောက်နည်း လွှမ်းမိုးနေသေးသည်**

အားလုံးခြုံလိုက်လျှင် ကားများမှာ တချို့တလေကလွဲ၍ သင့်သည်ဟု ဆိုရပေ မည်။ ဆီဆေးများများ ရေးနိုင်ကြလျှင် ပို၍ကောင်းမည်။ ဤသည်မှာလည်း ဆီဆေး ပစ္စည်းများက ဈေးကြီး၍လည်း ဖြစ်ချင်ဖြစ်မည်။ အစိုးရက အနုပညာဆိုင်ရာပစ္စည်းများကို အကောက်လွတ်၊ တင်သွင်းခွင့်ပေးလျှင် ကောင်းမည်ဟု သဘောရပေသည်။ ရေဆေးမှာ ကြာရှည်လည်း မခံပေ။ ဆီဆေးသာ နှစ်ကြာတည်ရှိနိုင်ပေသည်။

mgyoe.com

mgyoe.com

ပန်းချီလက်ရာများကား အနောက်နည်းက များကြသည်။ ဤသည်မှာ ဦးဘဉာဏ်တို့ ခေတ်ကတည်းက လက်ခံလာခဲ့သော အစဉ်အလာဖြစ်တန်ရာသည်။ အနောက်နည်းကို မကောင်းမဆိုလို၊ သို့သော် အမျိုးသားနည်း (ဝါ) မြန်မာဟန်ဟူ၍ သီးခြားဂုဏ်ရှိက လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအနေနှင့် ပို၍ သင့်လျော်ပေမည်။ ပန်းချီဆရာသည် မိမိ၏ နှစ်သက်ရာနည်းနှင့် ရေးနိုင်ပေသည်။ သို့သော် အရှေ့တိုင်း၏ နည်းလက်ရာ နယ်ပယ်အတွင်းမှ မြန်မာဟန်သည် ဆန်းသစ်လာသလောက် အမျိုးသားလွတ်လပ်ရေးအဓိပ္ပာယ်မှာ ယဉ်ကျေးမှု လောကတွင်လည်း ပို၍ လေးနက်ပေမည်။

## ရွှေရောင်နှင့် သစ်ရွက်ရောင်

အနောက်နည်းနှင့် ရေးကြသော ကားများထဲမှလည်း လက်ရာကောင်းများပါသည်ကို တွေ့ရပေသည်။ နာမည်ကျော် မဟုတ်သောလူများ အပျော်တမ်းဆရာများ၏ လက်ရာတချို့မှာ မညံ့လှပေ။

ယခုအခါ အငြင်းပွားလျက်ရှိသော စိတ္တဇဗေဒ ပန်းချီခေါ် ခေတ်သစ်ပန်းချီကား တစ်ခု၊ နှစ်ခုလည်း တွေ့ရသည်။

အကြောင်းအရာတွင်ကား ဘုရား ပရိဝုဏ်အတွင်း၌သာ လှည့်လည်နေသည်ကို တွေ့ရတုန်းပင် ဖြစ်သည်။ ရွှေတိဂုံကိုကား မကြာခဏ ဖူးမြော်ရ၏။ မန္တလေး နန်းတော်ကျုံးလည်း တွေ့ရတတ်၏။ မြန်မာမှု ပြာသာဒ် အတောင်အညွန့်များမှာ ဘုရားတန်ဆောင်းတို့၌သာ ရှိသောကြောင့် ဖြစ်ဟန်တူ၏။

သစ်ပင် တောတောင် ရှုမျှော်ခင်းများလည်း မနည်းပေ။

"ဆိုရှယ်လစ် နိုင်ငံတော်" ထူထောင်နေသည်ဆိုသော်လည်း ပန်းချီကားချပ်များ၌ကား လုပ်အားသရုပ်ပေါ် စက်ရုံ၊ အလုပ်ရုံ စသော ကုန်ထုတ်လုပ်မှုပစ္စည်းများစသည့် ဆိုရှယ်လစ်သဘောများ သိပ်မထင်ဟပ်သေးပေ။ ဤသည်မှာ ဆိုရှယ်လစ်လှုပ်ရှားမှု သိပ်ရုပ်လုံးမပေါ်သေး၍ ဖြစ်မည်ဟု တွေးကြည့်ရသည်။

ပန်းပုရုပ်များကား နည်းလှသေးသည်။

## ဆိုရှယ်လစ် သရုပ်ဖော်ပန်းချီသို့

လက်ရာအနေနှင့်ကား အားရစရာ ကောင်းလှပေသည်။ အမျိုးသားနည်း (ဝါ) မြန်မာနည်း၊ သည့်ထက် ကြိုးပမ်းအားထုတ်ကြလျှင် ပို၍ဆန်းသစ်ပေမည်။ အမျိုးသားနည်း

mgyoe.com

mgyoe.com

ဆိုရာ၌ ကနုတ် ချက်အဝိုက် အခွေနှင့်သာမကဘဲ အနောက်နည်းပေါ် ရှာဖွေ တီထွင် ဆန်းသစ်၍ ဆေးရောင် ဆန်းဆန်းကြွယ်ကြွယ်နှင့်လည်း မူသစ် တီထွင်နိုင်ကြသည်ဟု သဘောရသည်။ အနောက်နည်းကိုလည်း လုံးဝစွန့်၍မရသေးဟု နားလည်ပေသည်။

အကြောင်းအရာ အနေနှင့်ကား ယခုထက် ကျယ်ပြန့်၍ ဆိုရှယ်လစ် သရုပ်ဖော် သဘော ပါနိုင်ပါက ထူးခြားဆန်းသစ်လာပေမည်။ သက်မဲ့ တောတောင် သစ်ပင်ကို နောက်ကားခံ၍ သစ်ခုတ်သမား၊ ကိုင်းသမား စသည်တို့၏ လုပ်အားကို ဖော်၍ရပေသည်။

ရှေ့နှစ်ပြပွဲ၌ သည့်ထက် ဆန်းသစ်ထူးခြားလာမည်ကို မျှော်လင့်လျက်။

(ကြေးမုံ၊ ၁၁–၁–၅၈)

## ၃။ ၁၉၅၉ ပန်းချီပြပွဲ

(၁)

တစ်လောက စာပေဆွေးနွေးပွဲတစ်ခုတွင် စာရေးဆရာတစ်ဦးသည် စာပေ အနုပညာရေးရာနှင့် ပတ်သက်၍ ရှင်းလင်းဖော်ပြရာ အကြောင်းအရာနှင့် ပုံသဏ္ဍာန်ရှိသည့် အနက် အကြောင်းအရာသည် အဓိကဖြစ်သည်ဟု ပြောသွားပေသည်။

ဤအချက်ကို ကျွန်တော်တို့ သဘောမတူပေ။

သဘောမတူသည်ဆိုသဖြင့် ပုံသဏ္ဍာန်သည် အဓိကဖြစ်သည်ဟု ယူဆခြင်း ကြောင့်လည်း မဟုတ်ပေ။ အကြောင်းအရာသည် အဓိကဖြစ်သည်ဟူသော အယူအဆ များသည် အစွန်းနှစ်ဖက်သို့ ရောက်နေကြသည်ဟု သဘောရသည်။

အကြောင်းအရာနှင့် ပုံသဏ္ဍာန် အညီအညွတ် ပေါင်းစပ်မှုသာလျှင် အနုပညာမှု ဖြစ်သည်ဟု ယူဆပေသည်။

အကြောင်းအရာသည် အလိုအလျောက် မြင်ရ၊ ကြားရ၊ သိရသောအရာ မဟုတ်ပေ။ အကြောင်းအရာ တစ်ခုတည်းသက်သက် သူ့တစ်ဦးတည်း တည်နေခြင်း မဟုတ်ပေ။ အကြောင်းအရာကို ပုံသဏ္ဍာန်မှတစ်ဆင့် မြင်ရ၊ ကြားရ၊ သိရခြင်း ဖြစ်ပေသည်။ အနုပညာဆိုသည်မှာ ပုံသဏ္ဍာန်မှတစ်ဆင့် အကြောင်းအရာကို ဖော်ပြခြင်းဖြစ်ရာ ယင်း အကြောင်းအရာနှင့် ပုံသဏ္ဍာန် ခွဲခြား၍ အဓိကသတ်မှတ်ခြင်းငှာ မဖြစ်ဟု ယူဆပေသည်။

ပုံသဏ္ဍာန်မရှိဘဲ အကြောင်းအရာကို မမြင်ရ၊ မကြားရ၊ မသိရပေ။ ထို့အတူ အကြောင်းအရာမပါဘဲ ပုံသဏ္ဍာန်ချည်းသက်သက်ကို အနုပညာဟု မဆိုနိုင်ပေ။ ခြွင်းချက် ရှိသည်။ အိုးလုပ်မှုကို အကြောင်းအရာ ကင်းမဲ့သော အနုပညာဟု ခေါ်ကြသည်။

mgyoe.com

mgyoe.com

ဤနေရာ၌ "အကြောင်းအရာ" ဟူသော စကားလုံးသည် အများနှင့် စပ်ဟပ်၍ ရသော ဝေါဟာရ ဖြစ်ပေသည်။ စာပေ၊ ပြဇာတ်၊ ဂီတ၊ အက၊ ပန်းချီ၊ ပန်းပု စသည်တို့တွင် "အကြောင်းအရာ" ကို ယေဘုယျအနက်ဖြင့် တွဲယူ၍ရသည်။

စာပေတစ်ပုဒ် မဖတ်ရသေးသူက "ဘာအကြောင်း ရေးထားသလဲ" ဟု မေးတတ်သည်။ "ဘာအကြောင်း" ဟူသည် အကြောင်းအရာ ဖြစ်သည်။ ဇာတ်လမ်း၊ အတွေးအခေါ်၊ ရည်ရွယ်ချက် စသည်တို့သည် ဝတ္ထုတစ်ပုဒ်၏ အကြောင်းအရာကို ရည်ညွှန်းသော စကားရပ်များ ဖြစ်ကြပေသည်။ "ဘာအကြောင်း ရေးထားသလဲ" ဟု မေးသူအား မုဆိုးမနဲ့ လူပျိုပေါက်ကလေးရဲ့ ဇာတ်လမ်းပဲ။ လောက လူ့ဘုံကြီးဟာ ငွေကြေးပေါ်မှာတည်ပြီး တန်ဖိုးဖြတ်ပါကလားဆိုတဲ့ အတွေးအခေါ်နဲ့ ရေးထားတယ်။ ဝတ္ထုရည်ရွယ်ချက်က အလုပ်သမား ဘဝတူအချင်းချင်း ညီညွတ်သွေးစည်းကြဖို့ကို နိူးဆော်ထားတာပဲ၊ စသည်ဖြင့် အဖြေပေးကြခြင်းကား အကြောင်းအရာကို ရှင်းလင်းပြောပြခြင်းပင်တည်း။

ဇာတ်သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု စသော အနုပညာရပ်များ၌လည်း အကြောင်းအရာ အဓိပ္ပာယ်ကို ယင်းသဘောဖြင့် ယူရပေလိမ့်မည်။ အနုပညာရှင်၏ ဖော်ပြချက်သည် အကြောင်းအရာ ဖြစ်ပေသည်။

"ပုံသဏ္ဌာန်ဟူသော အနက်ကို ဖွင့်ရန် လိုလာပြန်ပေသည်။ မျက်စိနှင့် မြင်ရသော အရာ၊ ထိတွေ့ စမ်းသပ်၍ရသောအရာကို ပုံသဏ္ဌာန်ဟူ၍ဆိုလျှင် ဆီလျော်သည်။ ပန်းချီ၊ ပန်းပု၊ ဇာတ်သဘင်တို့တွင် ပုံသဏ္ဌာန်သည် ဤအနက်ကို ဆောင်လျက်ရှိသည်။

သို့သော် စာပေတွင် ပုံသဏ္ဌာန်သည် အဘယ်နည်းဟု မေးစရာရှိလာပေသည်။

"ပုံသဏ္ဌာန်" ဆိုရာ၌ စကားလုံးအနက်၏ သဘောကို ကောက်ယူရပေလိမ့်မည်။ ဖော်ပြရာ ပုံသဏ္ဌာန် (သို့မဟုတ်) တင်ပြရာ ပုံသဏ္ဌာန်ဟူသော သဘောကို ယူရပေလိမ့်မည်။

မည်သည်ကို မည်ကဲ့သို့ "ဖော်ပြ" မည်နည်း။ စိတ်ခံစားမှုကို စကားလုံး (စာပေ)၊ တေးသံ (ဂီတ)၊ ကိုယ်လက် လှုပ်ရှားမှုဟန် (အက)၊ မျဉ်းကြောင်း၊ ဆေးရောင် (ပန်းချီ) စသည်တို့ဖြင့် ဖော်ပြခြင်းကို ဆိုလိုပေသည်။ ယင်းသို့ ဖော်ပြရာ အနုပညာ ပုံသဏ္ဌာန်ကို ပုံသဏ္ဌာန်ဟူ၍ ခေါ်ပေသည်။

စာပေတွင်ကား ပုံသဏ္ဌာန်၌ (ဥပမာ...ဝတ္ထု၌) အရေးအသား၊ ဇာတ်လမ်း အစီအစဉ်၊ ဇာတ်ကွက် အထားအသို၊ ဇာတ်ကောင် သရုပ်ဖော်မှု စသည်တို့ အကျုံးဝင်ပေလိမ့်မည်။ ကဗျာတွင် ကာရန် အစပ်အဟပ်၊ သီကုံးထုံးဖွဲ့မှု အဆင်အယင်၊ စိတ်ကူးတင်စားမှု စသည်ဖြင့် အကျုံးဝင်ပေလိမ့်မည်။ အားလုံးကို လွှမ်းခြုံ၍ အနုပညာ ပုံသဏ္ဌာန်ဟူလည်း

mgyoe.com

mgyoe.com

ခေါ်တတ်ကြသေးသည်။

အကြောင်းအရာနှင့် ပုံသဏ္ဌာန် ဆက်စပ်နေပုံကို ပန်းချီပညာ၌ လေ့လာက သိရှိနိုင်ပေသည်။

ပန်းချီ အနုပညာတွင် ပုံသဏ္ဌာန်ကို "လက်ရာ" ဟူ၍လည်း ခေါ်လေ့ရှိကြသည်။ လက်ဖြင့် ပြုလုပ်မှုသဘောကို "လက်ရာ" ဟု ယေဘုယျ ခေါ်ကြသော်လည်း ပန်းချီတွင် အထူးပြု၍ သုံးသည်ကို တွေ့ရပေသည်။

ပန်းချီကား စာပေနှင့်မတူ၊ အာရုံကို ချက်ချင်း ရိုက်ခတ်လိုက်သည်။ စာတစ်ပုဒ်၏ ပုံသဏ္ဌာန် (ဆိုပါတော့) ကို အကဲခတ်ရာတွင် စာပေ ခံစားခြင်းအရာ၌ တတ်ပွန်လိမ္မာသူတစ်ယောက်ဖြစ်မှသာလျှင် ထက်ထက်မြက်မြက် သိမြင်နိုင်မည် ဖြစ်ပေသည်။ သာမန်အားဖြင့် စာပေပုံသဏ္ဌာန် ကောင်း၊ မကောင်းကို လေ့လာစူးစမ်းကြည့်ပြီးမှ သိရှိနိုင်ပေလိမ့်မည်။

ပန်းချီကားတစ်ချပ်တွင် နွားကို ခြယ်ရေးထားပါက နွားနှင့် တူ မတူ ချက်ချင်း ကြည့်သူက မြင်ရလေသည်။ ပန်းချီလက်ရာကို ချက်ချင်း ဝေဖန်လေသည်။ မင်းသမီးကနေဟန်၌ ခြေတစ်ဖက် ရှည်နေသည်ကို ချက်ချင်း ဝေဖန်လေသည်။

ပန်းချီပုံသဏ္ဌာန် (ဝါ) လက်ရာနှင့် ပတ်သက်၍ ဟားဗတ်ရိအမည်ရှိသော အနုပညာ ဝေဖန်ရေး ဆရာတစ်ဦးက "ပန်းချီလက်ရာတစ်ခုတွင် ပုံပန်းအစိတ်အပိုင်းများ၏ ထားသိုမှု အစီအစဉ်နှင့် ရှုမြင်ချက်တို့ ပါဝင်သည်" ဟု ဖော်ပြရှင်းလင်းဖူးလေသည်။ သူက ဆက်လက်၍ လူ့စိတ်ကို လှုပ်ရှားထိခိုက်စေသော သဘောပါသည်ဟု ဆိုထားလေသည်။

ပန်းချီကားကောင်းတစ်ခုသည် စိတ်ကို လှုပ်ရှားစေနိုင်ရမည်ဟုလည်း အဓိပ္ပာယ်ထွက်သည်။ ဘာကြောင့် လှုပ်ရှားပေသနည်း။ လှပသော လက်ရာကြောင့်ပင် ဖြစ်ပေသည်။

ကျွန်တော်သည် "ဒေါသ" အကြောင်း ခြယ်ရေးချင်သည်။ လူတစ်ယောက် ဒေါသဖြစ်နေပုံကို ဆေးခြယ်သည်။ ကျွန်တော်၌ အကြောင်းအရာ ရှိသည်။ သို့ရာတွင် လက်ရာ၌ မနိုင်မနင်း၍ မျက်နှာသည် ပြုံးရိပ်ပေါ်နေပါက ပန်းချီကားဟု ခေါ်နိုင်ပါမည်လော။ အနုပညာဟုပင် ခေါ်နိုင်ပါမည်လော။ ကြည့်သူက ဒေါသကိုပင် မမြင်၊ ပုံသဏ္ဌာန် မကောင်း၍ (ဝါ) ပီသအောင် မဖော်နိုင်၍ ကျွန်တော် ဖော်ပြချင်သော အကြောင်းအရာသည် မပေါ်တော့ပေ။ ဤနေရာ၌ အကြောင်းအရာ ပြဿနာလော၊ ပုံသဏ္ဌာန် ပြဿနာလော။

ကျွန်တော်သည် လွန်ခဲ့သော ၁၉၅၉ ဇန်နဝါရီလ ၂၄ ရက်မှ ဖေဖော်ဝါရီလ ၆

mgyoe.com

mgyoe.com


ရက်နေ့အထိ စာပေဗိမာန် ခန်းမဆောင်၌ ပြသသော ပန်းချီပြပွဲကိုကြည့်ရင်း တွေးနေမိလေသည်။

(၂)

စာပေဗိမာန်မှ ကြီးမှူး၍ ပန်းချီပြပွဲ ပြသလာသည်မှာ ဒုတိယနှစ် ရောက်ပေပြီ။ ပထမနှစ် ၁၉၅၈ က ရေဆေး ၁၃၇ ကား၊ ဆီဆေး ၈၅ ကား၊ ပန်းပု ၈ ခု ပြသခဲ့သည်။ ယခုနှစ်တွင် ရေဆေး ၁၆၁ ကား၊ ဆီဆေး ၁၃၃ ကား၊ ပန်းပု ၅ ခု၊ ခေတ်သစ်ပန်းချီကား ၅ ချပ် ပြသထားပေသည်။

ပန်းချီပြပွဲ ကော်မတီက "ဤနှစ် ပြပွဲအတွက် ပေးပို့ကြသော ပန်းချီကားများအနက် လက်ရာ အဆင့်အတန်းရှိသော ကားအရေအတွက် တိုးတက်လာသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။ အထူးသဖြင့် ဆီဆေးကားများ၌ လက်ရာတိုးတက်လာသည်ကို တွေ့ရပါသည်" ဟု မှတ်ချက် ဖော်ပြထားသည်။

လွတ်လပ်ရေးရသည်မှာ ၁၀ နှစ်ကျော်ပေပြီ။ ပြည်တွင်း နိုင်ငံရေးတိုက်ပွဲများကြောင့် အမျိုးသား အင်အားများ ထိခိုက်ခဲ့သည်။ စီးပွားရေး၊ ပညာရေး ပျက်ပြားခဲ့သည်။ သည်ကြားထဲမှ အနုပညာ ပန်းပွင့်များ လူးလွန့်ကာ တိုးထွက်ဖူးညွန့်ရသည်။

အမျိုးသား လွတ်လပ်ရေးဟူသော အဓိပ္ပာယ်သည် အမျိုးသားအင်အားများ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ခြင်း သဘောပင် ဖြစ်သည်။ တစ်ဖန် အမျိုးသားအင်အားများကို ခိုင်မာသန်စွမ်းအောင် ပြုစုခြင်းဖြင့်လည်း အမျိုးသား လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို တောက်ပလေးနက်အောင် ပြုခြင်းမည်သည်။ ယင်းသို့ အညမည ဆက်စပ်ကာ ကျေးဇူးပြုလျက် ရှိကြသည်။

ပန်းချီပြပွဲ နှစ်စဉ် ပြုလုပ်ပေးခြင်းဖြင့် အမျိုးသားအင်အား၏ သွေးကြောတစ်ခုဖြစ်သော ပန်းချီအနုပညာကို ရေလောင်းပေးရာ ရောက်ပေသည်။

မနှစ်ကထက် ပန်းချီကား ၈၀ နီးပါးခန့် အရေအတွက် များလာသဖြင့် အားတက်ဖွယ်ရာပင် ဖြစ်သည်။ ဆီဆေးကားများမှာ သိသိသာသာ တိုးတက်လာသည်ဟု ဆိုနိုင်ပေသည်။ အရေအတွက် တိုးတက်လာရုံနှင့် တိုးတက်သည်ဟု မဆိုနိုင်သော်လည်း အရေအတွက်ထဲမှပင် အရည်အချင်းများ ထွက်ပေါ်လာရန် မျှော်လင့်ရပေလိမ့်မည်။

ပန်းချီကားများမှာ သေးငယ်ကြသည်ဟု ထင်မိသည်။ အထူးသဖြင့် ဆီဆေးကားများမှာ ကြီးလေ ကြည့်ကွင်းကောင်းလေဟု ထင်သည်။ ယင်းသို့ဖြစ်သည်မှာ ဆီဆေး

mgyoe.com

mgyoe.com

ဈေးကြီးသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ ပန်းချီဆရာကလေးများမှာ ဆီဆေး ရေးချင်သော်လည်း မတတ်နိုင်သောကြောင့်ဟု သိရရာ ဝမ်းနည်းဖွယ်ရာ ကောင်းလှသည်။ စာပေဗိမာန်က ဆီဆေးနှင့် ပန်းချီကိရိယာများကို နိုင်ငံခြားမှ မှာယူ၍ ဝယ်ရင်းဈေးနှင့် ရောင်းပေးပါက သင့်မြတ်လှပေမည်။ သို့မဟုတ် ပန်းချီဆေးများ အဖိုးချိုချိုနှင့် ရနိုင်ဖို့ တစ်နည်းနည်း ကြံအပ်ပေသည်။

ဆီဆေးကားများအနက် ပန်းချီဆရာကြီးများက ပြုပြင်ပေးသော ကားများ ပါဝင်သည်ဟု ကြားရရာ အနုပညာသည် တီထွင်ဖန်တီးမှု ဖြစ်သည်ဟူသော အခြေခံ သဘောနှင့် ဝေးကွာနေပေပြီ။ ဆရာလုပ်သူက ပြုပြင်ပေးသောအဆင့်မှာ "သင်ယူသော အဆင့်" ဖြစ်ရာ ပညာရှာခြင်းလော၊ နာမည်ရှာခြင်းလောဟု မေးဖွယ်ရှိနေသည်။ ပညာရှင် ဖြစ်လိုသူသည် မိမိ ပညာအပေါ်၌ ရိုးသားသင့်ပေသည်။ ပန်းချီကား ရွေးချယ်ရေးအဖွဲ့သည် ဤအချက်ကို သတိပြုအပ်ပေသည်။

ပန်းချီပြပွဲသည် ပန်းချီပညာ အားပေးခြင်းလော။ တပည့်တပန်းများ နာမည် မွေးပေးခြင်းလော။ ပန်းချီကားများ ရောင်းရရေးလော။ ပန်းချီပညာ အားပေးခြင်းကို တည့်တည့်မတ်မတ် ဆောင်ရွက်ပါက နာမည်ရရေး၊ ရောင်းရရေး စသော နောက်ဆွယ်တို့ သည် အလိုအလျောက် ပါရမြဲဖြစ်ပေသည်။

ပန်းချီပြပွဲကို အနည်းဆုံး နှစ်လလောက် ပြထားသင့်သည်ဟု သဘောရသည်။ ကျွန်တော်တို့ဆီ၌ ပန်းချီပညာ လေ့လာစရာ မရှိပေ။ ပန်းချီကားများ အမြဲတမ်း ချိတ်ဆွဲ ထားရာ ပန်းချီပြခန်းကလည်း ကျကျနန မရှိသေးရာ တစ်နှစ်တစ်ခါ ပြပွဲကားများကို အချိန်ပေးအပ်ပေသည်။ ရုပ်စုံမဂ္ဂဇင်းများ၌ပါသော "စီးပွားရေးဆန်" သည့် ရုပ်ပုံများသာ ကြည့်စရာရှိနေပေရာ ပန်းချီပြပွဲကားများကို အချိန်ယူပြသင့်ပေသည်။

(၃)

အကြောင်းအရာတွင်ကား မနှစ်ကထက် တိုးတက်လာခြင်းမရှိဟု ထင်မြင် မိသည်။

ရေဆေးကားများ နေရာရောက်လျှင်ပင် ခါတိုင်းကဲ့သို့ သစ်ရွက်ရောင်များကို မြင်ရပေသည်။ စိမ်းစိမ်းဝါဝါ သစ်ရွက်အရောင်များက လွှမ်းမိုးနေပေသည်။ ဘုရား ပရိဝုဏ် ပတ်ဝန်းကျင်တွင် ပန်းချီဆရာသည် လှည့်လည်လျက် ရှိပေသည်။ စေတီ ပုထိုးနှင့် သစ်ရွက်ပြောက်၊ သစ်ရွက် အစိုင်အခဲများကား မြို့ပြင်ထွက်၍ ရှုခင်းရှာရေးသူများ၏

mgyoe.com

mgyoe.com


မြင်ကွင်းများ ဖြစ်ကြပေသည်။

စေတီပုထိုးနှင့် တန်ဆောင်းတို့ကို ပန်းချီခြယ်ရေးသည်မှာ မဆန်းပေ။ ပန်းချီ အနုပညာနှင့် ဘာသာရေးသည် ရှေးအစဉ်အလာကတည်းက စပ်ယှက်လာခဲ့ပေသည်။ ပန်းချီ၊ ပန်းပု၊ ဗိသုကာ အတတ်ပညာတို့သည် ဘာသာရေး အဆင်အယင်ဖြစ်ခဲ့ကြပေ သည်။ မော်စကိုရှိ တရိချိကော့ ပန်းချီပြတိုက် ရောက်သောအခါ ခရစ်တော် ဓာတ်လမ်းများ၊ အိုင်ကွန်ဟုခေါ်သော ခရစ်တော် ရုပ်ပုံတော်များကစ၍ မြင်ရလေသည်။ ကျွန်တော်တို့သည် ရှေးဟောင်း မြန်မာပန်းချီ၊ ပန်းပုတို့ကို ပုဂံဘုရားၛ လေ့လာကြရသည်။

ဘုရားပရိဝုဏ်မှ ထွက်လိုက်သောအခါ ဓနိမိုးတဲများ၊ ရေစပ်၊ ချောင်းစပ်၊ တောလမ်းကြားများသို့ ရောက်လေတော့သည်။ သစ်ရွက်ရောင်များကား ပါမြဲတည်း။

ဦးချစ်မောင်၏ “ဗောဓိကုန်း” မှာ မြန်မာဆန်သည်ဟု ထင်မိသည်။ မြန်မာ ဆန်သည်ဆိုခြင်းမှာ အခွေအဝိုက် ကနုတ်ချက်များဖြင့် ဖော်သော မြန်မာနည်းဖြင့် ရေးခြင်း ဟု မဆိုလို။ သို့သော် ကားအပြည့် အမွှမ်းအမံ အဆင်အယင်ထည့်သော သဘောပါသော ကြောင့် မြန်မာဆန်သည်ဟု ဆိုခြင်း ဖြစ်ပေသည်။ ဆင်ယင်မွှမ်းမံမှု သဘောမှာ မြန်မာမှု သဘောပင် ဖြစ်သည်ဟု ယူဆမိသည်။

ဘုရားပရိဝုဏ်၊ ရေစပ်၊ ချောင်းစပ်နှင့် ဓနိတဲဒေသမှထွက်သော ကားများလည်း ပါသည်။ သို့သော် နည်းလှသေးသည်။ ဦးချစ်မောင်၏ ဆိပ်ကမ်းပဋိပက္ခ၊ ကြွေးကြော်သံ စသော ကားများသည် ယနေ့ တိုက်ပွဲကို သရုပ်ဖော်ထားကြပေသည်။ သို့သော် သတင်း ဓာတ်ပုံမှ ကူးထားသည်ဟု သိရ၍ စိတ်ပျက်မိသည်။ ပန်းချီဆရာသည် တကယ့်တိုက်ပွဲများ အကြားသွားကာ ခံစားမှုနှင့် ရေးခြယ်ပါက တန်ဖိုးရှိပေမည်။

အနုပညာ ဖန်တီးခြင်းအရာတွင် အနုပညာရှင်၏ အခန်းသည် မသေးငယ်လှပေ။ ပန်းချီဆရာ၏ အတွေးအခေါ်၊ ပန်းချီဆရာ၏ ယုံကြည်ချက်၊ ပန်းချီဆရာ၏ ခံစားချက် တည်းဟူသော အနုပညာရှင် အတ္တသတ္တိသည် သူ၏ ပန်းချီကားချပ်ပေါ်၌ ထင်ဟပ်ရပေ သည်။ ထို့အခါ အနုပညာရှင်၏ဘဝနှင့် သူ၏အနုပညာသည် ရင်းနှီးစွာ ဆက်စပ်နေ သည်ကို တွေ့ရပေမည်။

“စက်ရုံ” ဟူသော ကားသည် ရေးကွက်ယူပုံ၌ ကောင်းပေသည်။ သို့သော် စက်ရုံမှာ အသက်ကင်းမဲ့နေသဖြင့် စက်ရုံလောဟု မေးဖွယ်ရှိနေသည်။ စက်ရုံ၏အသက်မှာ ကုန်ထုတ်လုပ်သူ အလုပ်သမား ဖြစ်ပေသည်။ အလုပ်သမား မပါဘဲ စက်ရုံ၏အင်္ဂါ မပြောက်နိုင်ပေ။

mgyoe.com

ဦးချစ်မြဲ၏ "ကောက်သိမ်းချိန်"၊ ဦးကျော်လှိုင်၏ "နားစို့ ဖေ့သားကြီး" စသော ကားများသည် လုပ်အားကို ဖော်ပြကြသည်။ မြန်မာတို့၏ဘဝကို ဖော်ကြသည်။ ဦးဘလွင်၏ "အလုပ်သမား" သည် လုပ်အားစွမ်းကို သရုပ်ဖော်သည်။ သို့သော် အလုပ်သမား၏ အားမာန်မပါဘဲ ပျော့နေသယောင် ထင်ရသည်။ အကြောင်းအရာကို လက်ရာက မနိုင်ဟုလည်း ယူဆမိသည်။

ကိုစိန်ဖေ၏ "အိပ်မက်ပန်းချီ"၊ ကိုမောင်သိန်း၏ "မွေးရန့်ကြိုင်လှိုင်သင်းပါလို့" စသော ကားများကား စိတ်ကူးကို လှုံ့ဆွနိုင်ကြသည်။ "အိပ်မက် ပန်းချီ" မှာ စိတ်ကူးဆန်းကြယ်မှုကို ထင်မြင်စေ၍ "မွေးရန့်ကြိုင်လှိုင်သင်းပါလို့" မှာ မွေးရန့်ထုံပျံ့သော အခြေအနေကို ပေးသည်။ ကာရန် ယှိုင်းရိုက်ခတ်သော သတ္တိရှိသည်။

မောင်ကျော်၏ "ဒိုးပတ်ဝိုင်း" မှာ တောကျေးလက် အနုပညာသို့ ဦးတည်နေပေသည်။

"စိတ္တဇပန်းချီ"ဟု အပြောင်ခံရသော ဗဂျီအောင်စိုး၏ "အပြစ်မဲ့သူ" ကားသည် လူကို လေ့လာခြင်း ကားတစ်ကားပင်။ ကလေးသူငယ်၏ သန့်ရှင်းစင်ကြယ်ခြင်း သဘာဝသည် ပေါ်နေပေသည်။ အသက်ပါသည်။ လက်ရာလည်း ကောင်းသည်။ ခြစ်ရာများဖြင့် အထူအပါးကို စိပ်စိပ်ကျဲကျဲ ဖော်ထားလေသည်။

နောင်နှစ်၌ ရေဆေးဆရာများသည် အကြောင်းအရာသစ်များကို ဖော်ကြလိမ့်မည် မျှော်လင့်ရပေသည်။

(၄)

ဆီဆေးကားများသည် ရေဆေးထက် လက်ရာစုံသည်။ အကြောင်းအရာ စုံသည်။ ဆီဆေးသည် အနုအကြမ်းရသောနည်း ဖြစ်မည်လောဟု ထင်မိသည်။

အကြောင်းအရာစုံသည် ဆိုရစေကာမူ ဘုရားပရိဝုဏ်က လုံးဝ မထွက်သေးပေ။ တန်ဆောင်းနှင့် ခြသေ့ရုပ်များ၌ ပတ်ချာလှည့်နေသေးသည်။ သစ်ရွက်ရောင်မများသော်လည်း သစ်ပင်တောတောင်များ၌ ကျက်စားလျက်ရှိသည်။

ရှုမျှော်ခင်း "အကျယ်အဝန်း" ကို မြင်ကွင်းဖြန့်ထားကြသည်။ အမြင့်မှ အောက်သို့ ဆီး၍ ငုံ့ကြည့်သည်။ လယ်ကွင်းများကို ဖြတ်သန်း၍ တောင်ပေါ်သို့ မျှော်ကြည့်သည်။ မျက်စိတစ်ဆုံး အဝေးသို့ လှမ်းကြည့်သည်။ ကျယ်ပြန့်သော ကောင်းကင်ကို မြင်နေရသည်။

ဦးဘရင်ကလေးသည် ဘီလူးချောင်း ခွေစိုက်နေသော လှိုင်ကော်မြို့ကို အပေါ်မှ

mgyoe.com

mgyoe.com


ကြည့်လေသည်။ ဦးလှရှိန်သည် တောင်ညီနောင်ကို မျှော်၍ ကြည့်လေသည်။ နန်းဝေ၏ "အင်းလျားကန်ပေါင်"၊ "အင်လျားကမ်းစပ်"များသည် အဝေးမှ လှမ်းကြည့်သော မြင်ကွင်းများ ဖြစ်ကြသည်။

ပန်းချီကား၌ "အကျယ်အဝန်း" သည် အင်္ဂါတစ်ရပ်ပေတကားဟု တွေးလာမိသည်။ တောတောင်၊ သစ်ပင်၊ လယ်ကွင်း၊ အင်းအိုင်၊ စုံမြိုင်၊ ချောင်းစပ်တို့သည် သူ့ချည်းနေကြသည် မဟုတ်။ အကျယ်အဝန်းကိုမှီ၍ နေကြသည်။ အကျယ်အဝန်း၏ စီရင်မှုကိုလိုက်၍ အလှအပကို ပေးနေကြပေသည်။

ဦးဘရင်ကလေး၏ "တောင်ပေါ်တေး" ကား လုပ်အားဘွဲ့ ညည်းသံပင်။ အဝါရောင်လွှမ်းကာ ပူလှချေသည်။ "ဘီလူးချောင်း ဆောင်းရေငွေ့" မှာ ပန်းချီဆရာ၏ ပန်းချီစိတ်ကူးချက် အဆင်အယင် ဖြစ်ပေသည်။ မြူထဲတွင် မှုန်မွှားမွှားနေသော လူ့လောကကြီးကို မှုန်မွှားမွှား ခြယ်ရေးထားသည်။ အပြောက်အကွေ့များဖြင့် လှိုင်းတွန့်ဖော်ထားသော ထူးခြားသည့် လက်ရာပင်။

ပန်းချီဆရာတို့သည် ကိုယ်ပိုင် စုတ်ချက်လက်ရာ ရှိသင့်ပေသည်။ အနုပညာဆိုသည်မှာ တီထွင်မှုဖြစ်လေရာ မိမိစိတ်ကူးဟန်ကို ကျူးဖော် ခြယ်ရေးရပေမည်။ သို့မှသာ ဆန်းသစ်လာပေမည်။

ပန်းချီ၌ ပန်းချီဆရာ၏ စိတ်ကူးချက် ပါရပေလိမ့်မည်။ ဓာတ်ပုံရိုက်ကူးထားသကဲ့သို့ ပုံတူသက်သက် ဖော်ပြခြင်းမျိုးကား အနုပညာဓာတ် မပါသော ကားများပင် ဖြစ်ပေသည်။

မှိုင်းသောအရောင်ကို အဆန်းတကြယ်လုပ်၍ ရေးသော ကားများလည်း တွေ့ရသည်။ ဦးတင်ထွန်း၏ "နေခြည်သန်း ဆိပ်ကမ်းရယ်တဲ့ရိပ်သာ"၊ ဦးကျော်လှိုင်၏ "နေရာမြတ်"၊ ကိုကြည်ဝင်း၏ "ရယ်သောဆည်းဆာ" တို့သည် အမှိုင်းကားများ ဖြစ်ကြသည်။ မူလအရောင်များကို ဖျက်ကာ အမှိုင်းရင့်စေပြီး အသွေးဖော်ထားသဖြင့် ချစ်စဖွယ်ကောင်းပေသည်။

ဘဝကို သရုပ်ဖော်သောကားများ၊ ယဉ်ကျေးမှုဘဝကို ဖော်ထုတ်သောကားများ၊ လူမျိုးစု ရုပ်ပုံလွှာကို ခြယ်သော ကားများလည်း အတော်ပါသည်။

လက်ရာကြောင့် အာရုံကို ဆွဲငင်နိုင်သော ကားများအနက် ဦးသန်းဆွေ၏ "ကျူးရေပြင်" သည် အမွှမ်းအမံ အဆင်အယင်ရှိသည်။ ဦးဇော်မင်း၏ "ပုဂံဘုရားစေတီများ" မှာ အလင်းနှင့် အမှောင်ရိပ်များ ညီညွတ်ပြေပြစ်သည်။ ဦးမင်းနိုင်၏ "မေမြို့ပန်း" မှာ

mgyoe.com

 mgyoe.com 

စိုလန်း၍ နေသည်။

ခေတ်သစ်နည်းဖြင့် ခြယ်ရေးသော ကားများ တိုးလာသည်။ ဦးလှအောင်သည် ခေတ်သစ်နည်းဖြင့် ရေးသည်ကို တွေ့ရသည်။

ခေတ်သစ်နည်းသည် ကြမ်းကြမ်းကြီး ရေးခြင်းသက်သက် မဟုတ်ဟု ထင်မိသည်။ "ကြမ်းကြမ်း" ဆိုရာတွင် အင်အားအရှိန်နှင့် ရေးခြင်းဖြစ်ရာ နိုင်နင်းသူများသာ ရေးနိုင်သည်ဟု ထင်သည်။ အနုစိတ်ခြင်းများ စုပေါင်းထားသဖြင့် ထုထည်ဖြစ်ကာ အားအရှိန် ကြီးမားလာခြင်းသဘောကို "ကြမ်းကြမ်း" ဟု မြင်ကြခြင်းဖြစ်သည်ဟု ထင်သည်။ ခေတ်သစ်နည်းကို အားပေးထိုက်သည်။ သို့ရာတွင် ပန်းချီပညာသဘောကို ဦးစားပေးကာ ဝေဖန်ဆန်းစစ်၍ ရွေးချယ်အပ်ပေသည်။

(၅)

အထူးကဏ္ဍအနေဖြင့် "စိတ္တဗေဒ" ခေတ်သစ်ပန်းချီကားများလည်း ချိတ်ဆွဲထားသည်။ ရေးသူများကား အသစ်များ ဖြစ်ကြသည်။

စိတ္တဗေဒပန်းချီသည် ယနေ့ခေတ်၌ အငြင်းပွားလျက်ရှိသော ပန်းချီမှုတစ်ရပ်ဖြစ်သည်။ လူငယ်ပိုင်းသည် စိတ္တဗေဒ ပန်းချီကို စိတ်ဝင်စားကြသည်။ အကြောင်းအရာကို အကောင်အထည် ရုပ်လုံးဖော်၍ တိုက်ရိုက်မပြဘဲ သဘောကို ခပ်ထေ့ထေ့ ဖော်ခြင်းသည် စိတ္တဗေဒပန်းချီဖြစ်သည်။ ကြည့်သူက တွေးယူရသည်။ ရှာဖွေဖော်ထုတ်ရသည်။ ဘလှအောင်၏ "အချစ်" ၌ အရက်ဖန်ခွက်၊ မြား၊ အသည်းနှလုံး များကို ရှန်းရင်းဆန်ခတ် လုပ်ထားလေသည်။ အောင်သန်းသစ်၏ "အာရုံငါးပါး" တွင် အာရုံတို့၏ စုဝေးရာ ဦးနှောက်ကို ခပ်ပွေပွေလီလီ ဖော်ထားလေသည်။

စိတ္တဗေဒပန်းချီသည် ရေးသူ၏ ဉာဏ်ကစားမှု သက်သက်မျှသာ ဖြစ်ပေသည်။ ရေးသူနှင့်သာ သက်ဆိုင်၍ မိမိအတွက်၊ မိမိ ကြည်နူးနှစ်သိမ့်မှုအတွက်ဖြစ်ရာ အတ္တဝါဒ တစ်ခု ဖြစ်လေသည်။

မြန်မာနည်းနှင့်ရေးသော ပန်းချီကား နည်းလှသည်။ ဦးဗကြည်၏ "နှစ်ပါးသွား" မှာ ရှက်ကြမ်းရေကျိုမျှသာ ဖြစ်နေပေသည်။ မြန်မာနည်း ရေးလေ့ရှိသော ဦးအုန်းလွင်မှာ မနှစ်ကကဲ့သို့ ထူးခြားသည့် "ကဗျာ" ကားမျိုး မရေးလာတော့။

တောကျေးလက် ပန်းချီလက်ရာကား လုံးဝမတွေ့ရ၊ အနုပညာသည် အင်အားစု တစ်ရပ်အနေဖြင့် တိုးတက်သောခေတ်များကို ရှေ့ဆောင်လျက်ရှိရာ တောကျေးလက်

mgyoe.com

အနုပညာများ ပြန်လည်ဆန်းသစ်စေခြင်းဖြင့် လူထုနှင့် ဆက်စပ်ကြသည်။ တောကျေးလက်ပန်းချီမှုကို လေ့လာသော ဗဂျီအောင်စိုး စသော သူများသည် စိတ္တဇဗေဒနှင့် "ကစား" မည့်အစား ယင်းတောကျေးလက် ပန်းချီဖြင့် ခြယ်ရေးသင့်သည်။

မြန်မာနည်းတွင် မျဉ်းကြောင်း သို့မဟုတ် ကောက်ကြောင်း၏ လှုပ်ရှားမှုသည် အရေးကြီးသည်။ ခေတ်သစ်နည်းတွင် ဆေးရောင်ကို ရဲရဲရင့်ရင့် သုံးခြင်းသည် ထူးခြားချက်ဖြစ်သည်။ ယင်းနှစ်ခုကို ပေါင်းစပ်၍ တီထွင်က ဆန်းသစ်သော ပန်းချီမှုတစ်ခု ဖြစ်လာမည်လောဟု တွေးနေမိသည်။ အမျိုးသားဟန်လည်းပါမည်။ ခေတ်သဘောလည်းပါမည်ဟု ထင်မိပေသည်။

(သက်လျာ၊ ၁၉၅၉)

## ၄။ ယနေ့ မြန်မာပန်းချီ ဘယ်လဲ

(၁)

တစ်ခါက ၁၉၅၄ က မော်စကိုမြို့ရှိ အရှေ့တိုင်းပြတိုက်၌ ပြတိုက် လမ်းညွှန်မှူးက စာရေးသူအား လိုက်လံပြသရင်း တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ် စသော အရှေ့ဖျားဘက် ဒေသဆိုင်ရာ ရှေးဟောင်းအနုပညာ ပစ္စည်းများရှိရာသို့ ရောက်သွားသည်။ အရှေ့တောင်အာရှဟူ၍ သီးခြားရှိပုံ မရသေးထင်သည်။ ယင်းသို့ လှည့်လည်ပြသရင်း တစ်နေရာ၌ ရုပ်တုပုံများအနက်မှ မကိုင်ရှိဆောင်းထားသော ကြေးရုပ်တုပုံကို ပြကာ လမ်းညွှန်က ကျွန်တော့်အား "ဒါ မြန်မာပုံလား" ဟု ရုတ်တရက် ကောက်မေးလိုက်သည်။ ရုပ်ပုံအောက်၌ ဘာသာမှ ရေးထားခြင်း မရှိသဖြင့် သူလည်း ဇဝေဇဝါဖြစ်ကာ မေးလေသလား သို့မဟုတ် မြန်မာဧည့်သည်အား ပြတိုက်၌ပြရင်း မြန်မာပစ္စည်းများကို ပြသချင်သဖြင့် ရှာရင်း မြန်မာ မတွေ့သဖြင့် မြန်မာပေလားဟု သူ့စိတ်၌ထင်ပြီး မသေချာသဖြင့် မေးခြင်းပေလား။

ကျွန်တော်နှင့် အတူပါလာသောသူက "ဟုတ်... ဟုတ်တယ်" ဟု ချက်ချင်း ဖြေလိုက်သည်။ ထိုသူမှာ နိုင်ငံရေးဘက်သန်သူ ဖြစ်သည်။ ယဉ်ကျေးမှုအနုပညာများကို လေးလေးနက်နက် လိုက်စားသူ မဟုတ်ပေ။

ကျွန်တော်ကမူ ပုံကိုကြည့်ကာ စဉ်းစားနေပြီးမှ "ယိုးဒယားနဲ့ တူတယ်၊ ယိုးဒယား မဟုတ်ရင်လည်း ခမာဘက်က ကမ္ဘောဒီးယား၊ သို့မဟုတ် လောလား မသိဘူး။ ကျွန်တော်က သည်ဘက်က တတ်ကျွမ်းသော ပါရဂူ မဟုတ်လေတော့ မပြောနိုင်ပါဘူး" ဟု

mgyoe.com

ဖြေလိုက် သည်။

လမ်းညွှန်မှူးလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ဗီယက်နမ်ခန်းဘက်သို့ ကူးခဲ့ကြသည်။

ကျွန်တော်က "ယိုးဒယား ထင်တယ်" ဟု ပြောသည်မှာ အကြောင်းရှိသည်။ ထိုမကိုင့်၏ အဖျားချွန်ပုံမှာ ရှည်လွန်းသည်။ ချွန်လွန်းသည်။ မြန်မာက သူ့လောက် မရှည်၊ အလယ်မှ အဟိုက်ပါသည်။ ရုတ်တရက်ကြည့်လျှင် တူသည်ဟု ထင်ရသော်လည်း ဆင်ခြင်းမှုသာ ဖြစ်သည်။ သူ့ဟန်နှင့်သူ၊ သူ့ထူးခြားချက်နှင့်သူ၊ သို့သော် ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုတို့မှာ ခမာအနွယ်များ ဖြစ်ကြ၍သာ ယိုးဒယားလား၊ ကမ္ဘောဒီးယားလား၊ လာအိုလားဟု ကျွန်တော့်လို လူပြိန်းအဖို့ မခွဲနိုင်ပေ။ ထို့ကြောင့် ယိုးဒယားဟုလည်း ပိုင်ပိုင်နိုင်နိုင် မပြောနိုင်သဖြင့် "ထင်တယ်" ဟူ၍ ပြောလိုက်ရခြင်း ဖြစ်သည်။

ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာတို့၏ အနုပညာ ဝိသေသ ခြားနားချက်များကို ဖော်ပြလိုခြင်းမဟုတ်၊ ကျွန်တော်သည် စိစစ်နိုင်သော ကျွမ်းကျင်သူ မဟုတ်။ ကျွန်တော် ဖော်ပြလိုသည်မှာ အရှေ့တိုင်း အနုပညာဟူ၍ (အနောက်နှင့် ခြားနားသော) သီးခြားရှိသည်။ တစ်ဖန် အရှေ့ဖျားထဲမှ နိုင်ငံ၊ လူမျိုးအလိုက် စိတ်ဖြာ၍ ထူးခြားချက်များ ရှိပြန်သည်။ ယင်း ထူးခြားချက်များကို ပြတိုက်လမ်းညွှန်သည် သိသည်။ သိသဖြင့် ကျွန်တော်တို့နှင့် နီးစပ်သော ယိုးဒယားရုပ်တုကို (ဆိုပါတော့)။ မြန်မာလားဟု မေးမြန်းခြင်း ဖြစ်သည်။ တရုတ်လားဟု မမေး၊ ဂျပန်လားဟု မမေး၊ ဗီယက်နမ်လားဟု မမေး။ သူ့စိတ်ထဲတွင် မြန်မာနှင့်ဆင်သည်ဟု ဇဝေဇဝါရှိသဖြင့် မေးခြင်းဖြစ်သည်။

ယင်းသည်ကား မြန်မာအနုပညာ၏ ထူးခြားသော ဝိသေသဂုဏ်ကို ပြတိုက် လမ်းညွှန်က ခံယူလေးစားကြောင်း ပြဆိုပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် အရှေ့တိုင်း အနုပညာများစွာထဲမှ မြန်မာအနုပညာ၏ အမျိုးသားပုံသဏ္ဌာန်ကို လေးစားခြင်းမည် ပေသည်။

တစ်နည်းအားဖြင့်ဆိုရသော် မြန်မာတို့၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု ကို အသိအမှတ်ပြုခြင်း မည်ပေသည်။

(၂)

အာရှ၊ အာဖရိက၊ လက်တင်အမေရိကတိုက်ကြီးများ၌ အမျိုးသား လွတ်

mgyoe.com

mgyoe.com

မြောက်ရေး လှုပ်ရှားမှုကြီးသည် လှိုင်းတံပိုး ရိုက်ခတ် မြည်ဟည်းလျက်ရှိပေသည်။

အမျိုးသား လွတ်မြောက်ရေးဆိုသည်ကား လူမှုရေးဖိနှိပ်မှု၊ အမျိုးသားရေး ဖိနှိပ်မှုအပေါင်းမှ လွတ်မြောက်ခြင်း ဖြစ်သည်။ လူမှုရေးဖိနှိပ်မှုဆိုသည်ကား လူတန်းစား တစ်ခုက လူတန်းစားတစ်ခုကို ဖိနှိပ်ခြင်းဖြစ်သည်။ အရင်းရှင် လူတန်းစားက ဆင်းရဲသား လူတန်းစားကို သွေးစုပ်ခြယ်လှယ်ခြင်း ဖြစ်သည်။ လူမျိုးကြီးတစ်ခုက အခြားလူမျိုးအား ပိုင်စိုးထားခြင်း၊ ချုပ်ချယ်ထားခြင်းသည်ကား အမျိုးသားရေးဖိနှိပ်ခြင်း ဖြစ်သည်။ တစ်နည်း ဆိုရသော် လူတန်းစားတိုက်ပွဲနှင့် အမျိုးသားလှုပ်ရှားမှုသည် ဆက်စပ်လျက်ရှိသည်။ ယနေ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုသည်ကား လူတန်းစားတိုက်ပွဲနှင့် အမျိုးသား လွတ်လပ်ရေးတို့ဖြင့် စပ်ဟပ်ကာ ယင်းတို့သည် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက် ရေးဘက်သို့ ဦးတည်ထားကြသည်။ ဒုတိယ ကမ္ဘာစစ်အပြီး၌ နိုင်ငံများစွာ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်ရေးဘက် ဦးတည်သော ပြည်သူ့ဒီမိုကရေစီနိုင်ငံများ ပေါ်လာ ကြသည်။ အာရှ အာဖရိကမှ လက်အောက်ခံနိုင်ငံများသည် လွတ်လပ်ကာ အမျိုးသား သမ္မတနိုင်ငံတော်များ တည်ထောင်ကြသည်။

ယင်းသို့ လွတ်လပ်သော အမျိုးသားနိုင်ငံများ တည်ထောင်ကာ ထွန်းသစ်လာ ကြရာ၌ အမျိုးသား ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်လာရန် ဖြစ်ပေသည်။ အမျိုးသားအလှ၊ အမျိုးသား သိမ်မွေ့မှုများဖြင့် အမျိုးသား အနုပညာများ ပွင့်ဖူးလာကြရန် ဖြစ်ပေသည်။

## (၃)

မြန်မာနိုင်ငံသည် လွတ်လပ်ရေး ကြေညာခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ပေပြီ။ လွတ်လပ်သော အမျိုးသားနိုင်ငံတွင် အမျိုးသားယဉ်ကျေးမှုများသည် အချုပ် အချယ်၊ အကန့်အသတ်မရှိ ဖွံ့ဖြိုးတိုးတက်ရပေမည်။

ကုန်ထုတ်စွမ်းအားစုများသည် ဖွံ့ဖြိုးတိုးတက်ကာ လူသုံးကုန်ပစ္စည်းများ ပေါများ လျက် ပြည်သူလူအများ ဝဝလင်လင်၊ လုံလုံလောက်လောက် စားသောက်နေထိုင်နိုင်ရန် လိုအပ်သကဲ့သို့၊ အနုပညာဖန်တီးဆန်းသစ်ရေး အင်အားစုများ ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူ လူအများသည် လှပသော ယဉ်ကျေးမှုအာရုံများကို ခံစားရန်လည်း လိုအပ်ပေသေးသည်။

ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်သော နိုင်ငံများ၌ ပြည်သူ့စာပေ၊ ပြည်သူ့အနုပညာစသော ပြည်သူ့ယဉ်ကျေးမှုများကို ဖန်တီးထုတ်လုပ်ကြရသည်။ ဆိုရှယ်လစ် စီးပွားရေးစနစ်နှင့်အညီ ဆိုရှယ်လစ် ယဉ်ကျေးမှုကို တည်ဆောက်ဖန်တီးခြင်း

mgyoe.com

mgyoe.com

(ဂ) ပြည်သူများက အနုပညာကို ဖန်တီးခွင့်ရရှိခြင်း ဖြစ်သည်။

ပန်းချီဘက်တွင်ကြည့်လျှင် ဆေး၊ စုတ်တံ၊ ပိတ်ကား အစရှိကုန်သော ပန်းချီပစ္စည်းများ ပေါများရပေမည်။ လေ့လာရန် ပန်းချီပြခန်းများ ရှိရပေမည်။ ဆည်းပူးရန် ပန်းချီကျောင်းများ ရှိရပေမည်။ အခြားဘက်တွင်လည်း ယင်းသို့ ပြည်သူအများ ဖန်တီးနိုင်ခွင့်ရှိသော အခြေအနေများ ရှိရပေမည်။

လူတိုင်း ဆရာချို၊ ဦးငွေကိုင် ဖြစ်ရမည်ဟု မဆို။ သို့သော် ကားလမတ် ရေးသကဲ့သို့ လူတိုင်း၌ ရေဖယ် (လွန်ခဲ့သော အနှစ် ၄၀၀ က အီတာလျံ ပန်းချီဆရာ) စိတ်ဓာတ်ရှိလျှင် သူ့၌ အဆီးအတားမရှိဘဲ ဖန်တီးတိုးတက်နိုင်သော အခွင့်အလမ်းရှိရပေမည်။ ပန်းချီအနုပညာ ဝါသနာပါသူတိုင်း ပန်းချီဆရာဖြစ်နိုင်သော အခွင့်အလမ်း ရှိရပေမည်။

ယနေ့ ပန်းချီပစ္စည်းများ ရှားပါးနေသည်။ အလွန် ရှားပါးနေသည်။ ပြည်သူ့ဆိုင်တွင် လေးဆ၊ မှောင်ခိုတွင် ရှစ်ဆ ဈေးကြီးပေးနေရသည်ဟု ကြားရသည်။ အဘယ်လောက်ထိ မှန်သည်မသိ။ ထား။

မည်သည့်နေရာက ရရ၊ မည်သည့်ဈေးနှင့်ပဲ ဝယ်ဝယ်၊ ရသမျှသော ဆေးများဖြင့် ရေးခြယ်ကြသော ယနေ့ မြန်မာပန်းချီ၌ အကြမ်းအားဖြင့် လမ်းကြောင်း သုံးကြောင်း ရှိနေသည်။

(၁) အနောက်နည်းစနစ်ဖြင့် ရေးသော အနောက်ဟန်။

(၂) စိတ္တဇပန်းချီဟု အများက နားလည်နေကြသော ခေတ်သစ်ပန်းချီဟန်။

(၃) ကောက်ကြောင်း ဆေးသွင်းထားသော (ယွန်းထည်ဆန်သော) အမျိုးသား ရိုးရာပန်းချီဟန်။

ပထမနည်းနှင့် တတိယနည်းမှာ အများဆုံး ပေါ်နေသော နည်းဖြစ်သည်ဟု ခန့်မှန်းရသည်။ အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီခေတ်မှ စတင်၍နောက် လွတ်လပ်ရေးရပြီးသော ယနေ့ခေတ်အထိ ပထမနည်းဖြစ်သော အနောက်ဟန်ဖြင့် ရေးလာခဲ့ကြသည်။ အနောက်နည်းသည် ခေတ်သစ်ရေးဟန် တစ်ခုကဲ့သို့ပင် ဖြစ်နေပေပြီ။ အခြားသော အရှေ့နိုင်ငံများကလည်း အနောက်နည်းကို “ကမ္ဘာနည်း” အဖြစ် လက်ခံထားကြပုံရသည်။ တချို့ကလည်း “ကမ္ဘာနည်း” ပေါ်တွင် အခြေပြု၍ မိမိတို့ အမျိုးသားဟန်များနှင့် ပေါင်းစပ်ထားကြသည်။ သို့သော် အရှေ့တိုင်းပြည်များ၌ မိမိတို့ အမျိုးသားဟန်များဖြင့် ဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်၌ ထင်ရှားဝံ့ကြွားလျက် ရှိကြသည်။

မြန်မာတို့၏ ရိုးရာဟန်ဖြစ်သော ကောက်ကြောင်း ဆေးသွင်းနည်းသည်လည်း

mgyoe.com

mgyoe.com

ကမ္ဘာ့အလယ်၌ ထူးခြားသော အရှေ့တိုင်း အမျိုးသားဟန် ဖြစ်ပေသည်။ တချို့ကလည်း ယင်းကောက်ကြောင်း အမျိုးသားဟန်နှင့် ခေတ်သစ် စိတ္တဇ သဘောတရားကို ပေါင်းစပ်ကြသည်။

တချို့ကလည်း ဆိုရှယ်လစ်ဆန်ရအောင်ဆို၍ နွားများများ ထည့်ရေးကြသဖြင့် "နွားပန်းချီ" ဟုပင် ဝေဖန်ကြသည်။ အမှန်အားဖြင့် ဆိုရှယ်လစ် သရုပ်ဖော်ဝါဒ သဘောတရားတွင် နွားထက် လူက အရေးကြီးသည်။ လုပ်အားသည် ဆိုရှယ်လစ် သရုပ်ဖော်ဝါဒ၏ အနှစ်သာရဖြစ်သည်။ လယ်ထွန်စက်ထက် မောင်းသောလူက အရေးကြီးသည်။

ကုန်ထုတ်လုပ်မှု အကြောင်းအရာဆို၍ စက်ရုံ၊ အလုပ်ရုံ၊ လယ်တော၊ နွားချည်းပြ၍ မရပေ။ ကုန်ထုတ်စွမ်းအားစု၌ အရေးကြီးသော လူ၊ လူ၏စွမ်းအင်၊ စွမ်းအား (ဝါ) လုပ်အားကို လှပသိမ်မွေ့စွာ သရုပ်ဖော်ရန် ဖြစ်သည်။

ဆိုရှယ်လစ် သရုပ်ဖော်ဝါဒ သဘောတရားမှာ ဆိုရှယ်လစ် စီးပွားရေးစနစ်ဆီသို့ မသွေမဖည် ဦးတည်နေသော ပြည်သူတို့၏ တော်လှန်ရေးကို ထင်ဟပ်ခြင်းပင် ဖြစ်သည်။

လာမည့် နိုဝင်ဘာလ၌ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု ကောင်စီက ကြီးမှူးလျက် ပန်းချီပြပွဲကြီး ဆင်နွှဲကျင်းပပေတော့မည်။

ယနေ့ မြန်မာပန်းချီ ဘယ်လဲ။

## (၃)

ယခုအခါ ပန်းချီပစ္စည်းများ ရှားပါးနေသည်။

ဖဆပလခေတ်ကလည်း ပန်းချီဆရာများမှာ ဆီဆေးများ ဝယ်တိုင်း ဈေးကြီးသည်ဟု ညည်းခဲ့ကြသည်။ ဘားလမ်းရှိ ပန်းချီပစ္စည်း ရောင်းသောဆိုင်မှ ထွက်လာလျှင် ဝယ်ပင်ဝယ်ရသော်လည်း "သိပ် အမြတ်တင်တာပဲ" ဟု ညည်းကြရသည်။ ၁၉၆၂ ကုန်လောက်က အင်္ဂလန်လုပ် ဝင်ဆာနှင့် နယူတံ၊ အဖြူဆေးတောင့်တစ်ဘူး ခုနစ်ကျပ်၊ ရှစ်ကျပ်ခန့် ပေးဝယ်ရသောအခါ အသုံးအဝင်ဆုံးမို့ ဝယ်သာဝယ်လိုက်ရသော်လည်း စိတ်ထဲက ဈေးကြီးသည်ဟုပင် အောက်မေ့မိခဲ့ကြသည်။

အင်္ဂလိပ်လက်ထက် ကျွန်ခေတ်မှစ၍ လူသုံးပစ္စည်းကို နိုင်ငံခြားချည်း အားကိုးလာခဲ့ကြရာ လွတ်လပ်ရေးရသော်လည်း အကျင့်မပျောက်သေး။ ယင်း "ကိုလိုနီ အမွေအနှစ်" ဆက်ခံခဲ့ကြရသည်။ ပန်းချီဆေးများကိုလည်း အင်္ဂလန်ပြည်ဖြစ်သာ အကောင်း ထင်ခဲ့ကြသည်။ ဂျာမနီလုပ် ပယ်လီကန်တံဆိပ် ဆေးများလည်း ဝယ်ကြသည်။ လွတ်လပ်သော

mgyoe.com

mgyoe.com

နိုင်ငံများမှာ မိမိ ပြည်တွင်းကပင် ဆေး၊ စုတ်တံ စသော ပန်းချီပစ္စည်းများ ထုတ်လုပ်ကြသည်။ ကမ္ဘာအရပ်ရပ်၊ မြို့တော် အသီးသီးရှိ ပန်းချီပြခန်းများ၌ ချိတ်ဆွဲထားသော ကမ္ဘာကျော် ပန်းချီကားချပ်များမှာ အင်္ဂလန်လုပ် ဝင်ဆာနှင့် နယူတံ ဆီဆေးဖြင့်ချည်း ရေးခြယ်ထားကြသည့် ကားများမဟုတ်ပေ။ ဖဆပလခေတ်က ခုနစ်ကျပ်၊ ရှစ်ကျပ်ခန့် ပေးရသော ဆီဆေးများမှာ ယနေ့ တရုတ်ပြည်၌ နှစ်ကျပ်မျှလောက်နှင့် အလွယ်တကူ ဝယ်၍ရသည်။ "ဗီးနပ်(စ်)"ခေါ်သော ခဲမ အလှမယ် ကညာပုံ လက်တစ်ဖက်ပြတ် မြေဖြူနုတ်သမီးရုပ်တု တစ်တောင်ခန့်အရွယ်မှာ တစ်ကျပ်မျှလောက်သာ ကျသည်။ ပန်းချီအနုပညာ ဝါသနာပါသူတိုင်း အိမ်၌ စားပွဲပေါ် အလှတင်ထားနိုင်သည်။ တရုတ် စုတ်တံများမှာ ယခု ပြည်သူ့ဆိုင်တချို့၌ တစ်ချောင်း ပြား ၆၀ ခန့်ဖြင့် ရောင်းခဲ့သည်။ ဆီဆေးများမှာ အင်္ဂလန်မှသာ မဟုတ်၊ အခြားသော နိုင်ငံများမှလည်း ထုတ်ကြလေရာ မိမိဘာသာ ဆီဆေးများ မထုတ်မီ စပ်ကြား ဈေးသက်သာသောဆေးများ တင်သွင်းသင့်သည်သာ။

အနုပညာဆိုင်ရာပစ္စည်းများအပေါ်၌ အခွန်အကောက် လျှော့ပေါ့သင့်သည်။ ဖဆပလခေတ်က ပန်းချီဆီဆေးများကို "ကုန်မာပစ္စည်း" ဟူသော စာရင်းဇယား၌ ထည့်သွင်းထားသည်။ အမှန်အားဖြင့် ပန်းချီပစ္စည်းများသာမက တူရိယာပစ္စည်းများလည်း အခွန်အကောက် လျှော့ပေါ့ကောက်သင့်သည်သာ ဖြစ်သည်။ အနုပညာပစ္စည်းများ ဈေးသက်သက်သာသာနှင့်ဝယ်ယူနိုင်ကာ အနုပညာ ဝါသနာထုံသော ပြည်သူများထဲမှ အလှမ်းမီမှသာ အနုပညာသည် စည်ပင်ပွားများမည် ဖြစ်ပေသည်။

(၄)

ဒုတိယ ကမ္ဘာစစ်အပြီး၌ အာရှ၊ အာဖရိက၊ လက်တင်အမေရိကန် တိုက်ကြီးများ၌ အမျိုးသား လွတ်မြောက်ရေး အရေးတော်ပုံကြီးသည် အရှိန်အအဟုန်ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိသည်။ အမျိုးသား နိုင်ငံတော်သစ်များစွာ ပေါ်ထွန်းလာခဲ့သည်။

ယင်းသို့ ပေါ်ထွန်းလာရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်လည်း အပါအဝင် ဖြစ်သည်။

လွန်ခဲ့သော အနှစ် ၁၀၀ ကာလမှစ၍ မြန်မာပြည်သူများသည် အမျိုးသား လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ ရရေးတို့အတွက် သွေးချွေးတို့ဖြင့် ရင်းနှီးကာ ခုခံတိုက်ခိုက်ခဲ့ကြသည်။ အသက်ပေါင်းများစွာ စတေး၍ တိုက်ခဲ့ရပြီးနောက် ၁၉၄၈ တွင် လွတ်လပ်ရေးကြေညာသည်။ ယင်းလွတ်လပ်ရေး၏အရသာကို မည်သူတို့ ခံစားကြ

mgyoe.com

mgyoe.com


သနည်း။ အလုပ်သမား၊ လယ်သမား စသော ဆင်းရဲသားများကလော။ အနုပညာရှင်၊ အတတ်ပညာရှင် စသော ပညာရှင်များကလော။ အမျိုးသား ဓနရှင်များကလော။ နိုင်ငံခြား ဓနရှင်များကလော။

လွတ်လပ်ရေး၏ အခြေခံမှာ မည်သူ့ကိုမျှ အားမကိုးဘဲ မိမိဘာသာ မိမိ ရပ်တည်ရေး ဖြစ်သည်။ တစ်နည်းဆိုရသော် စီးပွားရေး အမှီခို ကင်းမဲ့ရေးဖြစ်သည်။ နိုင်ငံရေး လွတ်လပ်ခွင့် မည်မျှပင် ကြွယ်ဝသော်လည်း စီးပွားရေးလွတ်လပ်ခွင့် မခိုင်မာသေးလျှင် ပြီးပြည့်စုံသော အမျိုးသားနိုင်ငံတော်သစ်အဖြစ် မားမတ်ရှင်သန်စွာ ရပ်တည်နိုင်မည် မဟုတ်ပေ။ စီးပွားရေး လွတ်လပ်ခွင့် ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် နိုင်ငံရေးလွတ်လပ်ခွင့်ကိုပင် ထိပါးလာနိုင်ပေသည်။ မိမိတို့၏ အမျိုးသားစွမ်းအားကို ထုတ်နုတ်ယူငင်သော၊ လွတ်လပ်သော စီးပွားရေးတည်ဆောက်လျှင်ကား နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု အားလုံးသောအရာတို့သည် အဆီးအတားမရှိ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပေသည်။

ရှေး ပုဂံခေတ်က မြန်မာအနုပညာသည်များသည် မိမိတို့ အမျိုးသားပစ္စည်းများဖြင့် ကြီးကျယ်ခမ်းနားသော စေတီ၊ ပုထိုး၊ ဂူကျောင်းများစွာကို တည်ဆောက်ခဲ့ကြသည်။ ပုဂံ ဂူ၊ ပုထိုးများရှိ နံရံပန်းချီ ဆေးတို့သည် ယနေ့ အနှစ် ၈၀၀ ကျော်သည့်တိုင် မပျောက်မပျက် ရှိခဲ့သေးသည်။ အင်္ဂတေအတတ်၊ ဆေးရေးအတတ်၊ ဗိသုကာအတတ် စသော မြန်မာမှုတို့သည် နိုင်ငံခြားယဉ်ကျေးမှုပါရဂူများ အံ့ဩယူလောက်အောင်ပင် တောက်ပ ထွန်းပြောင်ခဲ့ကြသည်။

အင်္ဂလိပ်လက်ထက်မှစ၍ မြန်မာမှုများ တိမ်ကောစပြုခဲ့ရာ ပန်းချီဆေးတို့ကို နိုင်ငံခြားမှ မှာယူသုံးစွဲခြင်းဖြင့် အမျိုးသား အင်အားထက် သူတစ်ပါးအပေါ် အားကိုးသော အကျင့်ရလာခဲ့ကြသည်။ ရှေးက ပိုးထည်များကို ဆေးရောင်ဆိုးရာ၌ အနီရောင်လိုလျှင် တီတင်းသီးမှ အနီရောင်ရခဲ့ကြသည်။ ရှေးက ရွှေတောင်လုံချည်အနီမှာ ယင်း တီတင်းနီ ဖြစ်သည်။ နိုင်ငံခြားမှမှာယူသော ဆိုးဆေးသည် ဓာတုဗေဒ သိပ္ပံနည်းဖြင့် စီမံထားသဖြင့် ပို၍ခေတ်မီသည်။ သို့သော် တီတင်းသီး အနီကို အခြေပြု၍ သိပ္ပံနည်းဖြင့် ဖော်စပ်ထုတ်ယူနိုင်ပါက အမျိုးသားစွမ်းအားကိုသုံးစွဲခြင်းမည်ပေသည်။ အမှီခိုကင်းမဲ့သော (ဝါ) လွတ်လပ်သော စီးပွားရေးသဘော ဖြစ်သည်။ ပြည်သူအများနှင့် စပ်ဆိုင်သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာ၌လည်း ယင်းသို့ အမျိုးသားလွတ်လပ်ရေးရနံ့ပါရမည်ဖြစ်ပေသည်။

အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု၏ ဦးတည်ချက်မှာ အမျိုးသား စွမ်းအင်

mgyoe.com

mgyoe.com

နှင့် ပြည်သူတို့၏ စွမ်းအားတို့ အဆီးအတားမရှိ ဖွံ့ဖြိုးတိုးတက်ခွင့်ရှိသော ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရေးပင် ဖြစ်ပေသည်။ ခနရှင် လူတန်းစား၏ ကောင်းစားရေးမဟုတ်။ အုပ်စိုးသောလူနည်းစု လက်တစ်ဆုပ်စာ၏ ကောင်းစားရေးမဟုတ်။ တိုင်းရင်းသား လူမျိုးစုများ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမား၊ လယ်သမား၊ ပညာရှင်များ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်သား ပြည်သူအားလုံး၏ စားဝတ်နေရေး ဖူလုံရေးတို့ပင် ဖြစ်သည်။ ယင်းသို့သော တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယဉ်ကျေးမှု ဖူးပွင့်ရေးလည်း ပါဝင်ပေသည်။

(၅)

ပန်းချီပစ္စည်း ရှားပါးသဖြင့် ဆီဆေးများရရန် တချို့က အနောက်သံရုံးများထံ ကပ်ကြရသည်ဟု သိရသည်။ ပန်းချီကားများ ရေးပေး၍ ငွေကြေးအစား ဆီဆေးများ ရယူကြသည်ဟု ကြားရသည်။ ဘယ်လောက်အထိ မှန်သည်ဟု မပြောနိုင်ပေ။

အဖိုးတန်သော ပန်းချီကားများကို နိုင်ငံခြားသားများက မြန်မာငွေဖြင့် မဟုတ်ဘဲ နိုင်ငံခြားငွေဖြင့် ဝယ်လျှင် မဆိုးလှပေ။

သို့သော် အမျိုးသား အနုပညာတွင် နိုင်ငံခြား နယ်ချဲ့သမားများ၏ ဩဇာ သက်ရောက်လာလျှင်ကား အန္တရာယ် ရှိပေသည်။

ပန်းချီပြပွဲသည် အမျိုးသား ယဉ်ကျေးမှုဘဝနှင့် ပြည်သူတို့ဘဝကို ထင်ဟပ်သော အနုပညာပြပွဲသာ ဖြစ်ရပေမည်။ နိုင်ငံခြားသားများ ဝယ်ချင်အောင် သူတို့အကြိုက်ပုံကားများ ချိတ်ဆွဲလျှင်ကား "ဈေးကွက်ရှာ" သဘော သက်ရောက်ကာ အလှအပ ပညာပြပွဲမဟုတ်ဘဲ ဖြစ်နေပေလိမ့်မည်။

ပန်းချီပစ္စည်းများ ဈေးပေါပေါရရှိရေး၊ ပန်းချီအနုပညာ သဘောတရားရေးရာများကို ပန်းချီဆရာများ အချင်းချင်း တွေ့ဆုံကာ နှီးနှောဖလှယ်ရေး စသော နည်းလမ်းများဖြင့် ယင်းပြဿနာများကို ဖြေရှင်းသင့်ပေသည်။

(၆)

အမျိုးသား အနုပညာများ ပွင့်ဖူးရေးသည် ဖော်ပြပါ အမျိုးသား နိုင်ငံရေးပေါ်တွင် တည်သည်။ နိုင်ငံရေးဆိုသည်ကား ပြည်သူတို့၏ စားဝတ်နေရေးလုပ်ငန်းဖြစ်သော စီးပွားရေးဘဝ၏ ထင်ဟပ်ချက်ဖြစ်သည်။ ယဉ်ကျေးမှုသည်ကား ယင်းဖော်ပြပါ စီးပွားရေး

mgyoe.com

mgyoe.com

၏အကိုင်းအခက်ဖြစ်သည် မဟုတ်ပေလော။

ဒုတိယ ကမ္ဘာစစ်အပြီး တက်ကြွ၍လာသော အာရှ၊ အာဖရိက၊ လက်တင်အမေရိက အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကြီးကြောင့် အမျိုးသား နိုင်ငံတော်သစ်များ ပေါ်ထွန်းလာခဲ့ကြသည်။ တိုင်းပြည်အတွင်းရှိ လူမျိုးစုများ ပေါင်းဖွဲ့၍ ပြည်ထောင်စုသမဂ္ဂများ တည်ထောင်ကြသည်။ အမျိုးသားအရောင်စုံများဖြင့် ပြည့်လျှမ်းသော ယဉ်ကျေးမှုများ ဖွံ့ဖြိုးလာကြသည်။

အမျိုးသား လွတ်လပ်ရေး ထူထောင်ခြင်းဆိုသည်ကား မိမိ၏အမျိုးသားစွမ်းအင်၊ စွမ်းအားပေါ်၌သာ အားကိုးခြင်း၊ (အရင်းရှင် နယ်ချဲ့သမားများ၏ ဩဇာရိပ်မှလွတ်ကာ) အမှီခိုကင်းမဲ့ခြင်းပင် ဖြစ်သည်။ လူသုံးပစ္စည်းများ ပေါများစေရန် စီးပွားရေးဖူလုံမှု ရရှိစေရန် လယ်ယာထွက်ကုန်နှင့် စက်မှုထွက်ကုန်များကို တိုးတက်အောင်စီမံကာ ပြည်သူများကို မျှတအောင် ဖြန့်ဖြူးကြရသည်။ ရေရှည်ဖြစ်သော စက်မှုလုပ်ငန်း အကြီးစားများကိုလည်း အခြေစိုက်လျက် နေ့စဉ် စားဝတ်နေရေးကို ပြေလည်အောင်ဖြေရှင်းရင်း ပြည်သူတို့ဘဝ သာယာပျော်ရွှင်မှုကိုလည်း ရှေးရှုကြရသည်။ ယင်းသို့လျှင် အမျိုးသား လွတ်လပ်ရေး ပြဿနာများကို ဖြေရှင်းနိုင်သည်ထား၊ အမှီခိုကင်းမဲ့သော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလျက် စားဝတ်နေရေးဖူလုံလျက် ထို့ထက်တစ်ဆင့်တက်၍ ပြည်သူ့အာဏာရရှိကာ လုပ်သား ပြည်သူများ ပူပင်ကြောင့်ကြကင်းပြီး၍ ပျော်ရွှင်သာယာလျက်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်၏ အသီးအပွင့်များကိုခံစားလျက် စည်ပင်ဝေဖြိုးလျက်ရှိသော အခြေအနေရှိသည်ထား၊ တစ်နည်းဆိုရသော် အမျိုးသားလုပ် ပန်းချီပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိကာ ပန်းချီကျောင်းများ၊ ပန်းချီပြတိုက်များ၊ မြို့နယ် ပြည်ရွာ အမျိုးသားပြည်နယ်များတွင် အသီးသီး ရှိနေကြသည်ထား၊ တစ်နည်းဆိုရသော် ပြည်သူများသည် အနုပညာကို ဖန်တီးခွင့် အခြေအနေရရှိနေသည်ထား၊ မည်သို့သော မြန်မာပန်းချီကို ခြယ်ရေးကြမည်နည်း။

(၇)

ယနေ့ မြန်မာ ပန်းချီလောက၌ အကြမ်းအားဖြင့် အနောက်ဟန် အမျိုးသား ရိုးရာဟန်နှင့် ခေတ်သစ်ဟန်ဟူသော ပန်းချီလမ်းကြောင်းသုံးကြောင်း စီးဆင်းလျက်ရှိသည်ကို တွေ့ရသည်။

အနောက်ဟန်ဆိုသည်ကား ဥရောပတိုက်မှ လွန်ခဲ့သော နှစ်ပေါင်းများစွာမှ စတင်ကာ ဖွံ့ဖြိုးတိုးတက်လာခဲ့သော အတူရေးသည့် နည်းနာကို ဆိုလိုပေသည်။ ဥရောပ

mgyoe.com

mgyoe.com

တိုင်းပြည်များမှာ တစ်ပြည်နှင့်တစ်ပြည် ပထဝီကြောင်း၊ ရာဇဝင်ကြောင်း ကွဲပြားခြားနား သည်ဆိုသော်လည်း အဆက်အစပ်၊ အကူးအလူးရှိကြသည်။ တစ်တိုင်းပြည်နှင့် တစ်တိုင်း ပြည် ဩဇာသက်ရောက်မှု ရှိကြသည်။ ယဉ်ကျေးမှု မြစ်ဖျားခံရာ ခေါမ၊ ရောမတည်းဟူ သော ဗဟိုချက်ချာလည်း တူကြသည်။ "ဘိုင်ဇင်တီယံ" ဟုခေါ်သော ရောမသစ် သဘော တရားများ သက်ရောက်မှုခံကြရသည်။ ဥရောပ ပန်းချီမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်ပေါင်းစု ခြင်း သဘောပါရာ ဥရောပ ပန်းချီ ဝေဖန်ရေးဆရာ အီရစ်နယူတံက အနောက်ပန်းချီကို အလယ်ပင်မ ရေစီးကြောင်းကြီးတစ်ခုရှိသော မြစ်နှင့်တူသည်ဟု ဥပမာပေးဖူးသည်။ ယင်း ပင်မ အလယ်ရေစီးကြောင်းကြီးသို့ မြစ်လက်တက် မြစ်မြွာကလေးများက စီးဝင်ကာ ဖြည့်တင်းကြပေသည်။ ယင်းသို့ မြစ်လက်တက်များ၊ မြစ်မြွာများက ဝင်ရောက်ဖြည့်တင်း ပေးကြသဖြင့်လည်း ပင်မရေစီးကြောင်းကြီး၏ ပုံပန်းမှာ ပြုပြင်သွားရသည်များ ရှိမြဲဖြစ်သည်။

ဥရောပတိုင်းပြည်များမှာ အရှေ့တိုင်း နိုင်ငံများထက် အသွားအလာ လွယ်ကူ သဖြင့်လည်း တစ်ပြည်နှင့်တစ်ပြည် ကူးလူးဆက်ဆံမှုရှိကြခြင်း ဖြစ်သည်။ ရာဇဝင်ကို ပြန်ကြည့်က တစ်ပြည်နှင့် တစ်ပြည် မင်းဆက်များ ထူထောင်ရာ၌ပင် ဆက်နွယ်နေကြောင်း တွေ့ရပေမည်။ ပန်းချီအနုပညာ၊ ဗိသုကာ အနုပညာ စသောအနုပညာများ၌လည်း ဥရောပ တွင် ဆက်နွယ်လျက်ရှိသည်ကို တွေ့ရပေမည်။

အနောက်တိုင်း ပန်းချီ၏ သဘာဝမှာ အတုကို ဖော်ပြခြင်း ဖြစ်သည်။ မျက်စိဖြင့် မြင်ရသော အရာဝတ္ထု၊ ရေမြေ တောတောင်နှင့် လူသားတို့၏ အလုံးအဝန်း၊ အဖောင်းအကြွ များကို သူ၏ အလုံးအဝန်း၊ အဖောင်းအကြွအတိုင်း ထင်မြင်လာအောင် ရေးခြယ်ခြင်းသည် အနောက်ပန်းချီ၏ သဘောတရား ဖြစ်သည်။ မျက်မြင်ကိုကြည့်လျှင် အနီးအဝေးအရ ပုံသဏ္ဌာန်တို့သည် သေးသွားသည်။ ကြီးသွားသည် စသော လှည့်ဖြားမှုများ ပါလာသည်။ အတူ ရေးခြယ်လိုက်သောအခါ ယင်း အနီးအဝေး သဘောတရားများ ပါလာတော့သည်။ တစ်ခါက ချက်ကိုဆလိုဗေးကီးယားပြည် တောင်ပိုင်း ဘိုဟီးမီးယားနယ် မြို့တစ်မြို့သို့ အလည်ရောက်စဉ်က ရှေးဟောင်းရဲတိုက်ကြီး၌ တိုင်လုံးများစွာကို ဘယ်ကကြည့်ကြည့် တစ်နေရာတည်းကကြည့်ပုံမျိုး မြင်ရအောင် ရေးထားသော ရှေးပန်းချီကားတစ်ချပ်ကို မြင်ခဲ့ရဖူးသည်။ အနီးအဝေး သဘောတရားကို ပညာစွမ်းပြထားသော ကားချပ်ဖြစ်သည်။ အလင်းအမှောင်များကိုသုံးကာ "အလုံးအဝန်း" အဖောင်းအကြွများပေါ်အောင် ရေးခြယ် ကြသည်။ ခေတ်ကာလအလိုက် စုတ်ချက်လက်ရာကို အနုအညက်မှုန်းကာ ခြယ်သောဟန်၊ အကြမ်းအရိုင်း အထူးခြယ်သောဟန် စသည်ဖြင့် ပြောင်းလဲလာသည်များ ရှိသည်။

mgyoe.com

mgyoe.com


ဆေးရောင်သုံးရာ၌လည်း နဂိုအရောင်များ သုံးသူသုံး၊ အရောက်ဖျက်ကာ အမှိုင်းများ သုံးသူသုံးကြသည်။ စေ့စေ့စပ်စပ် သေသပ်လှပအောင် ခြယ်ကြသည်။ ယင်းကို "အင်္ဂလိပ် အကယ်ဒမီနည်း" ဟုပင် တချို့က ခေါ်ကြသည်။ ခေတ်သစ်ဘက် ယိမ်းသော သူများကမူ ဆေးသား အထူကြီးသုံးကာ ပျစ်ပျစ်နှစ်နှစ် အတုံးလိုက်၊ အတစ်လိုက် ခြယ်ရေးကြသူတွေ လည်း ရှိကြသည်။

မည်သို့ပင် စုတ်ချက်လက်ရာပေါ်၌ ကွဲပြားခြားနားမှုများ ရှိသော်လည်း သဘာဝ အနေအထား၊ အလုံးအဝန်း၊ အဖောင်းအကြွကို ထင်မြင်လာအောင် ရေးခြယ်သော အတူ ရေးနည်း၊ ပုံဝတ္ထုသဏ္ဌာန်ကို ကိုယ်စားပြုအောင် ရေးနည်းဟူသော မူလအခြေခံကိုကား မစွန့်လွှတ်ကြချေ။ ယင်း အနောက်နည်းနာကို အင်္ဂလိပ်ခေတ် ပန်းချီဆရာကြီးများဖြစ်သော ဘိလပ်ပြန် ဦးဘဉာဏ်၊ ဦးဘဇော်၊ ဦးငွေကိုင် စသော မြန်မာပန်းချီဆရာကြီးများက လက်ခံကာ ရေးခြယ်ခဲ့ကြသည်။

ယင်းသည် သဘာဝ ကျပေသည်။

မြန်မာနိုင်ငံမှာ အင်္ဂလိပ်နယ်ချဲ့လက်အောက် ရောက်သည်မှ စတင်၍ ကမ္ဘာနှင့် အဆက်အသွယ် ပို၍ ရရှိခဲ့သည်ဟု ဆိုရပေမည်။ အထူးသဖြင့် အနောက်နိုင်ငံများနှင့် ဆက်ဆံမှုများခဲ့ပေသည်။ အင်္ဂလိပ် နယ်ချဲ့စနစ်နှင့် ထိတွေ့မိခြင်း၏ အကျိုးသက်ရောက်မှု တစ်ခု ဖြစ်ပေသည်။

မြန်မာနိုင်ငံသို့ အင်္ဂလိပ် အရင်းရှင် နယ်ချဲ့စနစ် ဝင်ရောက်လာသဖြင့် အင်္ဂလိပ်စာ ရုံးသုံးဖြစ်လာရသည်။ ပညာတော်သင်များ အင်္ဂလန်သို့ ပို့ကြရသည်။ အင်္ဂလိပ်ယဉ်ကျေးမှု ကိုယ်စားလှယ်မှတစ်ဆင့် အနောက်ယဉ်ကျေးမှု (ဝါ) နယ်ချဲ့ယဉ်ကျေးမှုသည် မြန်မာ့ အမျိုးသား ဘဝတွင်းသို့ အရောင်ဟပ်ခဲ့ပေသည်။

## (၈)

အမျိုးသားဟန် ပြန်လည်ဆန်းသစ်ရေးဟူသည်မှာ ကျယ်ဝန်း၍ များပြားသော ပြဿနာများလည်း အကျုံးဝင်လျက်ရှိပေသည်။

အရှေ့တိုင်း ပန်းချီနှင့်ပတ်သက်၍ ပန်းချီဝေဖန်ရေးဆရာ အီရစ်နယူတန်က အရှေ့တိုင်း ပန်းချီအနုပညာသည် ယှက်လိန်ရှုပ်ထွေးနေသော တူးမြောင်းများနှင့် တူသည် ဟုဆိုသည်။ ယင်းတူးမြောင်းများမှာ တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင်စီးဆင်းလျက်၊ တစ်ခါတရံ တစ်ခုနှင်တစ်ခု တိုးတိုက်ဖြတ်သန်းမိကြသည်ဟု ဖော်ပြသည်။ အရှေ့တိုင်း ပန်းချီသဘော

mgyoe.com

mgyoe.com

မှာ တစ်နိုင်ငံတစ်မျိုးဖြစ်သည်။ အနောက်တိုင်းကား တစ်စုတစ်ဝေး တစ်အုံတစ်ဖွဲ့တည်းဖြစ်သည်။

အရှေ့တိုင်းပန်းချီကို လေ့လာရာ၌ တစ်ခုစီ တစ်ခုစီကို ခွဲခြားလေ့လာရ၍ အနောက်တိုင်းပန်းချီကို လေ့လာရာ၌ကား အဖွဲ့အစည်းကြီးတစ်ခုလုံးကို လေ့လာရလေသည်။ အာရှတိုက် ပန်းချီ၌ ကုလားကလည်း ကုလားဟန်၊ တရုတ်ကလည်း တရုတ်ဟန်၊ ဂျပန်ကလည်း ဂျပန်ဟန်၊ ယိုးဒယားကလည်း ယိုးဒယားဟန်၊ ကမ္ဘောဒီးယားကလည်း ကမ္ဘောဒီးယားဟန် စသည်ဖြင့် မတူကွဲပြားသောဟန်များ အသီးသီး အသက အသက ရှိနေကြပေသည်။ အနောက်ပန်းချီတွင်ကား ယင်းသို့ မဟုတ်ပေ။ အရှေ့တိုင်း ပန်းချီတွင် တရုတ်ဟန်နှင့် ဂျပန်ဟန်ပင်လျှင် ရုတ်တရက်ကြည့်လျှင် တူမည်ထင်ရသော်လည်း ကွဲပြားပေသည်။

ယင်းသို့သော အရှေ့တိုင်း ပန်းချီများအနက် မြန်မာကလည်း သူ့ဟန်နှင့်သူ ရှိလေသည်။ ပုဂံခေတ်ပန်းချီသည် မြန်မာ့ဟန်၏ အစောဆုံးသာဓက ဖြစ်ပေသည်။ ထို့နောက် တဖြည်းဖြည်း အင်းဝခေတ်မှ မန္တလေးခေတ်အထိ မြန်မာ့ ဟန်များ ရှိခဲ့ပေသည်။ အင်္ဂလိပ်ခေတ် နယ်ချဲ့လက်အောက် ကျရောက်တော့မှသာ အနောက်တိုင်း ပန်းချီဟန်များ ဝင်ရောက်လာကာ ရိုးရာအမျိုးသားဟန်များ မှေးမှိန်ရမလို ဖြစ်နေခဲ့သည်။ သို့သော် ယခုအခါ ကနုတ်ခွေကောက်ကြောင်း ဆေးသွင်းဟန်များ၊ မဂ္ဂဇင်းအဖုံးများ၌ တွေ့လာရသည်မှာ အတော်ကြာပြီ။ ယင်းတို့သည်ကား အမျိုးသားဟန် ပြန်လည်ဆန်းသစ်ခြင်း သဘောပင် ဖြစ်သည်။

အမျိုးသားဟန်၌ အောက်ပါ ကြန်အင်္ဂါရပ်များ ပါရှိသည်ဟု ယူဆမိသည်။

(က) ကနုတ် အခွေအဝိုက် ပန်းဖြင့် ရုပ်လုံးဖော်ခြင်း။
(ခ) ဆေးရောင် အနည်းဆုံးနှင့် ခပ်ဖျော့ဖျော့သုံးခြင်း။
(ဂ) အနီးအဝေး သဘောတရားမပါဘဲ အပြားဖော်ပြခြင်း။
(ဃ) အ့သေးစိတ် အနုမှုန်းခြင်း။
(င) ကားတစ်ကားလုံးကို ဆင်ယင်မှုသဘောတရားဖြင့် အပြည့် ခြယ်လှယ်မွမ်းပြောက်ထားခြင်းတို့ ပါဝင်ပေသည်။

ယခုအခါ အနောက်နိုင်ငံမှလာသော ဆေးများသုံးသဖြင့် အမျိုးသားအရောင်သဘောများ မရနိုင်တော့ပေ။ ရှေးကကဲ့သို့ မြေဖြူ၊ မြေဝါ စသော ခပ်ဖျော့ဖျော့ အရောင်များဖြင့်သာ ရေးသောဟန် မရတော့ပေ။ ကနုတ်ပန်းအခွေ အစိုက်ကို ခေတ်သစ်ပန်းချီကဲ့သို့

mgyoe.com

mgyoe.com


အရောင်စုံစုံ သုံးနေကြသည်။ တချို့ကလည်း ခေတ်သစ်ဟန်နှင့် ရိုးရာမြန်မာပန်းချီဟန် ပေါင်းစပ်၍ရေးကြသည်။ ခေတ်သစ်ပန်းချီမှာ အရောင်ကို ဝိသေသ အထူးပြု၍ သုံးလေ့ရှိသည်။ ယင်းသို့ ခေတ်သစ်နည်းနှင့် အမျိုးသားရိုးရာဟန် ပေါင်းစပ်ခြင်းဖြင့် ဆန်းသစ်မြန်မာ့ဟန်တစ်ဟန် ပေါ်ထွန်းလာနိုင်သည်ဟု ယူဆမိပေသည်။ အနောက်ရှိ ခေတ်သစ်နည်းတွင် အရှေ့တိုင်းပန်းချီမှ အတုယူထားသည်များကို တွေ့ရသည်။

တောကျေးလက် ပန်းချီကိုလည်း လေ့လာကာ ခေတ်သစ် အမျိုးသားဟန်အဖြစ် ပေါင်းစည်းထည့်သွင်းပေးသင့်သည်။ တောကျေးလက် ပန်းချီဟူရာ၌ မြေပြန့်သာမကဘဲ တောင်ပေါ်ဒေသ၊ လူမျိုးစုဒေသများရှိ အမှတ်အသားများ (ဥပမာ မနောတိုင်) မှလည်း ယူနိုင်လေသည်။ တောင်ပေါ်ဒေသ အဝတ်အစား၌ အသုံးပြုသော အရောင်အလှများ၊ အဆင်များတွင်လည်း တောကျေးလက် အနုပညာသဘောများ တွေ့နိုင်ပေသည်။

တောကျေးလက် ပန်းချီသဘောမှာ လူထုပန်းချီသဘောပင်ဖြစ်သည်။ မြင်ချက်ကို အလွယ်ဆုံး၊ အရှင်းဆုံးဖြစ်အောင် ကျင်းပစ်ကာ အရိုးဆုံး ပန်းချီအဖြစ် ပြုလုပ်ထားခြင်းဖြစ်၍ လူထုနှင့် နီးစပ်သည်။ အမျိုးသားရိုးရာ ပန်းချီဟူရာ၌ မြေပြန့်ဒေသ၊ ပုဂံ၊ မန္တလေးနှင့် သာမကဘဲ တောင်ပေါ်ဒေသ၊ လူမျိုးစုဒေသရှိ တောကျေးလက် ပန်းချီများအထိ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့စည်းရန် လိုပေသည်။

(၉)

ယနေ့ မြန်မာ ပန်းချီသည်...

(၁) ပုဂံခေတ်မှ စတင် စီးဆင်းလာသော ရိုးရာ အမျိုးသားပန်းချီ ပုံသဏ္ဍာန်များ။

(၂) ကနုတ်အခွေ အဝိုက်ပန်းများဖြင့် ဖွံ့နွဲ့ခြင်း သဘောတရားများ။

(၃) တောင်ပေါ်ဒေသ၊ လူမျိုးစုဒေသ အပါအဝင် မြေပြန့်၊ တောင်ပေါ်၊ လယ်တော၊ ယာတောမှ တောကျေးလက် ပန်းချီသဘောတရားများ။

(၄) ခေတ်သစ်ဟန်နှင့် အမျိုးသား ရိုးရာဟန်တို့ ပေါင်းစပ်ကာ ဆန်းသစ်တီထွင်မှုပြုခြင်း။

(၅) ယနေ့ ပြည်သူများ ခံစားနေရသော ဘဝများ၊ တော်လှန်ရေးများကို ထင်ဟပ်ခြင်း။

စသည်ဖြင့် ငုံ၍ ခြယ်ရေးမည်ဆိုလျှင် ယဉ်ကျေးမှုကဏ္ဍ၌ ထူးခြား၊ ဆန်းသစ်သော မြန်မာပန်းချီအဖြစ် တောက်ပလာပေလိမ့်မည်။

(၁၉၆၈)

mgyoe.com

## ၅။ တိုးတက်အနုပညာသစ်

(၁)

"နောက်လာမည့် ပန်းချီအနုပညာသည် မှန်ကန်သော ယုံကြည်ခြင်း၏ အသွင်အားဖြင့် ဖြစ်ပေါ်သော ရုပ်ဒြပ် အကောင်အထည် ဖြစ်ပေလိမ့်မည်။ ဤအချက်သည် ငါတို့၏ ကိုးကွယ်ရာဘာသာ၊ ငါတို့၏ အဓိကအချက်။ ငါတို့၏ သစ္စာတရားဖြစ်သည်"

ဤသို့လျှင် ဖရန့်မတ် အမည်ရှိသော ဂျာမန် ပန်းချီကျော်တစ်ဦးသည် လွန်ခဲ့သော အနှစ် ၃၀ ခန့်က ယခုမျက်မှောက် ပန်းချီပညာနှင့် ပတ်သက်၍ ကြိုတင် မိန့်မြွက်ခဲ့ပေသည်။

ပန်းချီအတတ်သည် လူ့ရာဇဝင်၏ ကနဦး ကျောက်ဂူအောင်း ခေတ်ကတည်းကပင် ပေါ်ခဲ့သည်။ လူရိုင်းများနေသော ကျောက်ဂူများအတွင်းရှိ နံရံတို့၌ ဆေးခြယ်၊ ဆေးရေးများကို တွေ့မြင်နိုင်ပေသည်။ သည်ပန်းချီအတတ်ကို သိမ်မွေ့သည်ထက် သိမ်မွေ့၊ နုသည်ထက် နုအောင် ပြုကြခြင်းဖြင့် ယဉ်ကျေးမှု၏ တိုးတက်ရေးလမ်းပေါ်သို့ ရောက်စပြုရပေတော့သည်။

ပန်းချီအတတ်သည် ကမ္ဘာကြီး၏ တောတောင်၊ ရေမြေ၊ အိမ်ရာ၊ တိုက်တာစသော ရှုခင်းများ၊ လူတို့၏ နေထိုင်ရေး အပြုအမူ၊ ဓလေ့ စသည်တို့ကို အရိပ်တင်၍ ပြသော ကြေးမုံသာမဟုတ်၊ မိမိတို့၏ ယုံကြည်ချက်တို့ကိုလည်း ဖော်ပြနိုင်စွမ်းရှိပေသေးသည်။ ရှေးအခါက ခေတ်၏သဏ္ဌာန်ကို တင်ပြသော ကြေးမုံနှင့် မိမိတို့၏ စိတ်ကူးယဉ်ချက်တို့ကိုသာ ဖော်ကျူးခဲ့ကြပေသည်။ ယခုကား ယုံကြည်ခြင်းတရားတို့ကိုပင် ဖွင့်ဟကျူးရင့်စပြုကြပေပြီ။ ဤကား ဆန်းစပြုလာသော ပန်းချီပညာသစ်ဖြစ်ပေသည်။

ဂျာမန်ပန်းချီကျော် ဖရန့်မတ်သည် အနည်းဆုံး သည်အချက်ကို ကြိုတင်၍ တွေ့မြင်ခြင်း ဖြစ်ပေသည်။

ကျွန်တော်သည် လွန်ခဲ့သော ဧပြီလဆန်းက ရန်ကုန်မြို့တော်ခန်းမကြီးတွင် ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီပြပွဲသို့ ကြည့်ရှုလည်ပတ်ခဲ့သည်။

ဤ ပန်းချီပြပွဲကို မြန်မာပြည် ပန်းချီကလပ်က ကြီးမှူး၍ ကျင်းပသည်။ ဂျပန်ခေတ် နောက်ဆုံးနေ့များ၌ပြသော မဟာဗမာပြပွဲ ဗမာ့တပ်မတော်မဏ္ဍပ်တွင် ဦးငွေခိုင်၏လက်ရာများကို မြင်တွေ့လိုက်ရဖူး၏။ သည့်နောက် ယခု မြန်မာပန်းချီကလပ်၏ ပြပွဲသည် ပထမအကြိမ် ဖြစ်သည်။

အားလုံး ပန်းချီပုံ ကားပေါင်း ၂၀၀ ကျော်၏။ စစ်ကြီးအပြီး ကျင်းပသော

mgyoe.com

ပန်းချီပြပွဲဖြစ်၍ ပုံကားများသည် စစ်ကြီး၏ အတ္တုပ္ပတ္တိများ၊ အဖြစ်အပျက်များ၊ စစ်ကြီး၏ အရိပ်ဟပ်ခြင်းများဖြင့် လျှံနေလိမ့်မည်ဟု မျှော်မှန်းထား၏။

ဝင်လျှင်ဝင်ချင်း ဦးဘညဏ်၏ ဆီဆေးကားချပ်များကို ထင်းထင်းကြီး တွေ့ရ၏။ သူ၏ "တက္ကသိုလ်ဝင်း" အမည်ပေးထားသော ကားသည် ငါးနှစ်မျှ အတိတ်တွင် ဝေး၍ မှုန်ဝါးဝါး ကျန်ရစ်ခဲ့သော တက္ကသိုလ် နေ့များကို သစ်ဆန်း လတ်ဆတ်လာစေ၏။

ဦးငွေခိုင်၏ "ပုဇွန်တောင်ချောင်း" နှင့် "တံငါတဲ" ကား မြန်မာ့ ရှုမြင်ကွင်းနှင့် မြန်မာ ဆင်းရဲသားဘဝကို အသီးသီး သရုပ်ဖော်ထား၏။ သူ၏ "ကချေသည်" သည် ဟန်ပါ၍ လှပ၏။ သူ၏ "မြ" ဟု အမည်ပေးထားသော ရုပ်ပုံလွှာကား ပြပွဲ၏ မျက်ရှုဖြစ်၏။

ဦးစံဝင်း၏ 'လယ်သမားဘဝ'၊ ဦးသန်း၏ 'မြစ်ဝကျွန်းပေါ်' စသော ကားများသည် ပေါ်လွင်၏။ ကြည်နူးစေ၏။

မောင်စုနှင့် မောင်ဘခိုင်တို့ကား ရှမ်း၊ ပလောင်၊ တောင်သူ၊ ပဒေါင်၊ နာဂစသော မြန်မာတိုင်းရင်းသား တောသူတောင်သားများ၏ ရုပ်ပုံလွှာကို ခြယ်ရေးကြ၏။

အားလုံးထဲတွင် ဦးဘကြည်၏ အနုပညာသည် သီးခြား၍ တစ်ဘာသာ ထွက်လာ၏။ သူ၏ မြန်မာ ထုံးတမ်းစဉ်လာ လရာသီ၏ အမှတ်အသားပွဲသဘင်ကို ဖော်ပြသော တပေါင်း၊ တန်ခူး၊ ကဆုန် ကားသုံးကားသည် ဆန်းသစ်၍ ထူးခြား၏။ ခြယ်ရေးမှု၌ တီထွင်ချက်ပါ၏။

ဦးဘဖန်၏ ပုံကားများရှေ့တွင် ကျွန်တော်သည် အကြာဆုံး ရပ်နားမိ၏။ သူ၏ "တောရွာရှုခင်း"၊ "တောင်ကြီးသွားလမ်း"၊ "ညနေတိမ်တောက်ချိန်"၊ "ဘုရား ရှေ့ရှိ ခြသေ့ရုပ်" စသော ကားများကို ကျွန်တော် အတော်နှစ်သက်၏။ သူ၏ ဆေးရောင်သည် တည်ငြိမ်၏။ လေးနက်၏။ သူ၏ ကားများသည် နိုင်ငံခြားဆန်သည်ဟု ကျွန်တော် ထင်၏။ သူ၏ "မြန်မာပြည်ပေါ်က သော်တာလ" ကားကို ကြည့်ရှုသောအခါ မြန်မာပြည် ၏ တစ်ဒေသတစ်ရပ်ပေါ်သို့ လရောင်လွှမ်းနေသည်ကို မမြင်၊ လရောင်ဖြင့် ရွှန်းမြသော မြန်မာပြည်တစ်ပြည်လုံးကို ကားချပ်ပေါ်၌ ချုံ့၍ ပြထားသည့် အကျဉ်းချုပ် ပန်းချီကိုသာ မြင်၍နေ၏။

ဦးအုန်းလွင်၏ "နွေရာသီလယ် နေ့ခင်းအိပ်မက်ခန်း" ကား စိတ်ကူးယဉ်သက် သက်ဖြစ်၏။ သူ၏ "သူတို့ဘဝ" သည် လူတန်းစားစိတ်ကို ယုံကြည်ခြင်းပါ၏။

ပြပွဲမရောက်မီက စစ်ကြီး၏ အရိပ်ဟပ်ခြင်းများကို တော်တော် တွေ့ရမည်ဟု

mgyoe.com

mgyoe.com

ထင်မှန်းထား၏။ သို့သော် မြန်မာပြည်၏ စစ်အတွင်း ခေတ်ကာလကို ကြေးမုံသဖွယ် ကူးယူ၍ပြသော ပုံကား နည်းလှ၏။ မောင်ခင်မောင်၏ "ရန်ကုန် ၂၄ လမ်း" စသော ကားများသည် စစ်၏ ရိုက်ခတ်ခြင်းဒဏ်ရာကို ခြယ်ရေး၍ထား၏။

ရွှေတိဂုံစေတီသည် မြန်မာပန်းချီတိုင်း၏ အတွင်းစိတ်ကို လှုံ့ဆော်၏။ ရွှေတိဂုံစေတီ၏ ခမ်းနားထည်ဝါခြင်းနှင့် မြန်မာ့အလှကို လူတိုင်း ရှုမြင်ကြည်မွေ့၏။ မြန်မာပန်းချီတို့သည် ပုထိုးစေတီနှင့် ရှုခင်းများကို အများဆုံး ရေးဆွဲကြပေသည်။

ရာဇဝင်မြောက်လှသော မြန်မာ့ခုခံရေးအရေးတော်ပုံ အဖြစ်အပျက်များကို ဤပန်းချီပြပွဲ၌ မတွေ့ရ။ ပန်းချီပြပွဲကြီးသို့ နိုင်ငံခြားသားများ လာရောက်ကြည့်ရှု ကြသည်။ သူတို့ကား အင်္ဂလိပ်နှင့် အမေရိကန်စစ်သားများဖြစ်ကြ၏။ သူတို့သည် မြန်မာ၏ အမျိုးသား ယဉ်ကျေးမှုဓလေ့၊ ပွဲသဘင်၊ တောသူတောင်သား၊ လယ်သမား၊ တံငါသည် စသော မြန်မာဆင်းရဲသားဘဝ၊ မြန်မာမြစ်ချောင်း၊ တောတောင်၊ သစ်ပင်၊ ပန်းမန်နှင့် ဗုဒ္ဓဘာသာရောင်ဝါကို ဖော်ကြွားသော ရွှေတိဂုံစေတီတော်တို့ကို တွေ့မြင်ကြပေလိမ့်မည်။

သို့သော် မြန်မာတို့ဆင်နွှဲခဲ့သော ဖက်စပ်ခုခံရေးကိုကား ရှုမြင်ရမည်မဟုတ်။ ဤပန်းချီပြပွဲ ၌ မြန်မာခုခံရေးကို ပြောပြသောပုံကား တစ်ပုံတလေမျှ မတွေ့ခဲ့ရပေ။

သည်ကြားထဲတွင် ပြည်သူ့လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ဖဆပလ ညီလာခံကို ခြယ်ရေး၍ထားသော မောင်တင်အေး၏ "ပြည်သူ့ အစည်းအဝေး" ပုံကားလေးတစ်ကား ကိုသာ တွေ့ရပေသည်။

## (၂)

အနုပညာ မြတ်နိုးသူတိုင်း ပိုလန်ပန်းချီဆရာ ဖီးလစ်တိုပိုလစကီးကို သိကြပေလိမ့်မည်။ အထူးသဖြင့် တိုပိုလစကီးသည် ဤစစ်ကြီးအတွင်း ပို၍ ကျော်စောထင်ရှားခဲ့ပေသည်။ တိုပိုလစကီး၏ ပန်းချီသည် ဤစစ်တွင်း၌ တိုးတက်သော အနုပညာသို့ ရောက်ခဲ့ပေသည်။ သူသည် စစ်၏ပုံသဏ္ဍာန်အထွေထွေကို ပန်းချီကားချပ်ပေါ်တွင် မှတ်သားသည်။

တိုပိုလစကီးသည် ၁၉၄၅ ခုနှစ်ဦးလောက်က ကမ္ဘာ့အရပ်ရပ် စစ်မြေပြင်အသီးသီးသို့ လှည့်လည်ကြည့်ရှုကြရာမှ ပြန်ရောက်ခဲ့လေပြီ။ သူ ရောက်ခဲ့သောဒေသများတွင် အီတလီ၊ ပါလက်စတိုင်း၊ အီရတ်၊ အိန္ဒိယ၊ မြန်မာပြည်၊ တရုတ်ပြည်နှင့် အာဖရိကတိုက် တို့လည်း ပါဝင်၏။ သူ၏ပန်းချီကားတို့က သူ၏လောကကြီးကို ကိုယ်တိုင် နဖူးတွေ့ ဒူးတွေ့ တွေ့ချင်သောစိတ်နှင့် လူ့အပေါင်းကို စိတ်ဝင်စားခြင်းတို့ကို သက်သေပြလျက်

mgyoe.com

mgyoe.com


ရှိသည်။ သူသည် လူများကို စိတ်ဝင်စားပေရာ လူသူမပါသော ရှုမျှော်ခင်းများကို သူသည် ရေးခြစ်ခဲလှပေသည်။ လူသူမပါသော ရှုမျှော်ခင်းသည် သူ၏ပန်းချီစေတသိက်ကို ညွတ်နူး လာအောင် မဆွဲငင် မညှို့နိုင်ပေ။

သူသည် ဘုံဘေမြို့ ပြည့်တန်ဆာလောကမှစ၍ ရောမရှိ အထိမ်းအမှတ် ကျောက်တိုင်များ၊ ဂျေရုစလင်ရှိ ဘာသာရေး ရပ်ကွက်တို့ကို မှတ်တမ်းတင်ခဲ့သည်။ ထို့အပြင် အာဖရိကတိုက် တိုင်းရင်းသားဈေးတွင် ဈေးဝယ်လျက်ရှိသော စစ်ပြေး ပိုလန်သူ နှင့် အမေရိကန် ဗုံးကြဲလေယာဉ်ပျံများအတွက် လေယာဉ်ပျံကွင်း ဆောက်လုပ်နေသော တရုတ်တောသားများကိုလည်း ရှုမြင်ကာ သူ့ပန်းချီကားပေါ်တွင် ဖော်ပြထားပေသေး သည်။ သည်လိုတိုပိုလစကီး၏ ပုံကားတို့သည် ခေတ်၏အသွင်၊ ခေတ်၏ဘဝများကို အရိပ်ထင်၍ ပြပေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှ အဖြစ်အပျက် အကြောင်းအရာများသည် လူထုစိတ်နှင့် လူထုဆန္ဒကို ပြည်သူတို့တွင် ကိန်းအောင်းလာအောင် လှုံ့ဆော်ခဲ့ပေသည်။ စစ်၏ ဒုတိယတစ်ဝက်တွင် နယ်ချဲ့စစ်မှ ပြည်သူ့စစ်သို့ ပြောင်းခဲ့လေပြီ။

သည်ကဲ့သို့ လူထုစိတ်နှင့် လူထုဆန္ဒတို့ နိုးကြားလာခြင်းကြောင့် ပန်းချီပညာရပ် တွင်လည်း နိုးကြားလာခြင်းအလိုက် အမြင်သစ်၊ အတွေးသစ်တို့ ကွန့်မြူးလာရာ ပန်းချီ လောကသစ်တစ်ခု ပေါ်ထွန်းခဲ့လေသည်။

ဤပန်းချီလောကသစ်ကား အခြားမဟုတ်၊ ဖိနှိပ်ခြင်းကို တွန်းလှန်ထောင်ထား ခြားနားသော အမျိုးသားခုခံရေး၊ လက်အောက်ခံ ကိုလိုနီနိုင်ငံကလေးများ၏ တော်လှန်ရေး၊ အသက်စွန့်တိုက်ပွဲများ၊ လူထု၏ အတွင်းကျိတ်လုပ်ငန်းနှင့် ကျွန်လူမျိုးတို့၏ လွတ်မြောက် ရေးအရေးတော်ပုံ စသည့် အကြောင်းအရာအဖြစ်သနစ်ကို ဖော်ပြသော အနုပညာသစ် ဖြစ်ပေသည်။

သည်ပန်းချီသစ်သည် တစ်ဦးတစ်ယောက်၏ ဧည့်ခန်းတွင် အလှချိတ်ဆွဲထားရန် သာမဟုတ်၊ တစ်ဦးတစ်ယောက်သာ ကြည့်၍ ကြည်နူးနေရန်သာမဟုတ်၊ ပန်းချီသစ်သည် အများပြည်သူသို့ရည်ရွယ်၍ အများပြည်သူကြည့်ရန် ဖြစ်ပေသည်။ ထို့ကြောင့် သည်ပန်းချီ ပညာသစ်ကို လူထုပန်းချီ သို့မဟုတ် ပြည်သူ့ပန်းချီဟု ခေါ်က ခေါ်နိုင်ပေမည်။

(၃)

တိုပိုလစကီးသည် ဤစစ်၏ လူထုခေတ်၊ ပြည်သူ့ခေတ်ကို ခြစ်မှတ်၍ မော်ကွန်း

mgyoe.com

mgyoe.com

ထိုးရုံသာမဟုတ်၊ ပြည်သူ့အရေးတော်ပုံများ၏ ရဲရင့်မှုအဖုံဖုံနှင့် ရဲရင့်ခြင်း တန်ဖိုးအထွေထွေကို ဖော်ပြနိုင်သော အနုပညာတစ်ရပ်ကိုလည်း ထူထောင်ဆန်းသစ်စေခဲ့ပေသည်။

ဤခေတ်ကား လူအပေါင်းတို့၏ အမြင်သစ်၊ အတွေးသစ်တို့ ရှေးရှုနေသော ခေတ်ပါတကားဟု သူသည် သူနေသောခေတ်ကို အသေအချာ သတိထားမိသည်။ အများပြည်သူကား သူပန်းချီရေးခြယ်ရန် အကြောင်းအရာများဖြစ်၍ သည်ပြည်သူတို့၏ နိုးကြားရေးတို့ကို ဖော်ပြရမည်ဟု သူသဘောရသည်။

သူသည် အခြားခေတ်က ပန်းချီပညာသည်များလို စိတ်ကူးယဉ်သက်သက်ကို မပြုပေ။ သူသည် လောလောဆယ်ပြဿနာတို့ကို လျစ်လျူရှုသော ရှေးဟောင်းစိတ်ကူးယဉ်ပန်းချီကို လုံးလုံးစွန့်ပယ်ခဲ့၍ သူ၏ပန်းချီလောကသစ်တစ်ခုကို တည်ထောင်လေသည်။

ပန်းချီဆိုသည်ကား စိတ်ကူးနှင့်ကင်း၍ မဖြစ်နိုင်ပေ။ လက်ငင်းရင်ဆိုင်၍နေသော ပြဿနာများကို လျစ်လျူရှုသည့် စိတ်ကူးယဉ်သက်သက်ကိုသာ ပစ်ပယ်သော်လည်း လှပသော ရှေးခေတ်နာမည်ကျော် စိတ်ကူးယဉ် ပန်းချီပညာသည်များ၏ လက်ရာနှင့်ကား နွှယ်၍ပင် နေသေးသည်ဟု ပန်းချီဝေဖန်သူတစ်ဦးက ဆိုလေသည်။

သူသည် ပိုလန်ပြည်၏ ဖိနှိပ်ခြင်းအမျိုးမျိုးနှင့် တွေ့ကြုံနေရသော ဒုက္ခအသွယ်သွယ်၊ တရုတ်ပြည်ကြီး၏အခက်အခဲများ၊ ဥရောပစစ်ပြေးများ၏ အဖြစ်သနစ်တို့ကို သူသည် ရှုမြင်ကာ ပုံကားများကို ခြယ်ရေးပေသည်။

သည်ကဲ့သို့ ထူးကဲသော ပန်းချီလက်ရာသစ်ဖြင့် တိုပိုလစကီးသည် သူကိုယ်တိုင်ကြုံတွေ့ရှုမြင်ခဲ့သောခေတ်၊ ခေတ်၏လူထု၊ လူထု၏အမြင်သစ် စသည်တို့ကို ပေါ်လွင်အောင် ထုတ်ဖော်ပြသပေသည်။ ထို့ကြောင့်ပင် တိုပိုလစကီးကို တိုးတက်သော ပန်းချီပညာသည်" တစ်ဦးဟူ၍ ကမ္ဘာက ချီးကျူးကြပေသည်။

အသေအချာကား မမှတ်မိတော့။ ၁၉၃၉ လောက်ကထင်သည်။ တရုတ်ပြည်ကူမင်းမှ ကျောင်းသားတချို့သည် ပန်းချီကားချပ်များကို မြန်မာပြည်သို့ ယူဆောင်လာကြသည်။ သူတို့၏ပုံကားများကို ရန်ကုန်တက္ကသိုလ် သမဂ္ဂအသင်းတိုက် ဧည့်ခန်းတွင် ပြပွဲကျင်းပပေး၏။ ထိုပုံကားချပ်များကား ဖက်ဆစ်ဂျပန်တို့ကို ခုခံသော အဖြစ်အပျက်၊ တရုတ်လူထုကြီး၏ ကြိုးပမ်းမှုများကို ဖော်ပြ၏။ ပုံကားများကို ယူလာသော ကျောင်းသားတို့ကား ဖက်ဆစ်ဆန့်ကျင်ရေးသမားများဖြစ်၍ သူ့ပုံကားတို့သည် တရုတ်လူထုကြီး၏ အကျိုးကို ဆောင်ကြပေသည်။

mgyoe.com

mgyoe.com

ဂျာမန်ပန်းချီကျော် ဖရန့်မတ် ကြိုတင်၍တွေ့မြင်သော အိပ်မက်ကား တကယ် အစစ်ဖြစ်ပေပြီ။

လက်ငင်းပြဿနာကို လျစ်လျူရှုသည့် စိတ်ကူးယဉ်သက်သက်နှင့် တစ်ဦး တစ်ယောက် ကြည့်နူးရန် ဧည့်ခန်းဆောင်တွင် အလှချိတ်ဆွဲထားဖို့ သက်သက်ထက် ကျော်လွန်၍ ပြည်သူ့ရေးရာအတွက် လူထုအကျိုးဆောင်ရေးအတွက် ယုံကြည်ခြင်းကို ဖွင့်ဟကျူးရင့်သည့် တိုးတက်အနုပညာ၏ ပန်းချီလောကသစ်သို့ ဆန်းစပြုလေပြီ။ ဤ ပန်းချီသစ်ကား ရှေ့လာတော့မည့် တိုးတက်သောကမ္ဘာသစ်၏ အသီးအပွင့်တစ်ရပ် ဖြစ်ပေလိမ့်မည်။

(၁၉၄၆၊ မေလ၊ ခက်ဆန်း)

(ဖီးလစ်တိုပိုလစကီးသည် ၁၉၅၀ က ရန်ကုန်သို့ ရောက်လာသည်။ သူသည် ပန်းချီစာအုပ်တစ်အုပ် ရေးသားရန် ကမ္ဘာသို့ လှည့်လည်ရင်း ရန်ကုန်သို့ဝင်လာခြင်း ဖြစ်သည်။ သူသည် ပန်းချီဆရာကြီး ဦးအုန်းလွင်၊ ဦးဘဂျမ်းတို့နှင့် တွေ့ဆုံသွားသည်။ သူသည် အစိုးရပိုင်းများနှင့် တွေ့လိုလှသူမဟုတ်။ ခမ်းနားသော ဟိုတယ်ကြီးများ၌ စားလို သူမဟုတ်။ လမ်းဘေးရှိ အမျိုးသား မြန်မာထမင်းဆိုင်တွင် ဝင်လိုသည်။ ပြည်သူဘက်မှ ပန်းချီဆရာနှင့် လူထုထဲက လူတို့နှင့်သာ စကားပြောလိုသည်။ ဦးအုန်းလွင်အား "ပြည်တွင်း စစ်" အကြောင်း တတွတ်တွတ် မေးသည်ဟု သိရသည်)။

## ၆။ အလှရာတော်ပုံ

(၁)

အနုပညာနှင့် ပတ်သက်သော သဘောတရားရေးရာ စာအုပ်များကား ကျွန်တော် တို့နိုင်ငံ၌ ရှားပါးလှသည်။ အနုပညာနှင့်ပတ်သက်သော ကျောင်းများပင်လျှင် ကျယ်ကျယ် ပြန့်ပြန့် ဖွင့်လှစ်သည်မှာ သိပ်မကြာသေးပေ။

လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ ကြန်အင်မှာ အမျိုးသားအင်အားများ စွမ်းသန် နိုင်ရေး ဖြစ်ပေသည်။ အမျိုးသားအင်အားများ လွတ်လပ်စွာ စွမ်းသန်နိုင်သော အခြေအနေ ရှိခြင်းကို အမျိုးသားလွတ်လပ်ရေး၏ အနှစ်သာရအဖြစ် မှတ်ယူရပေမည်။ အမျိုးသား အင်အားရပ်ထဲ၌ ယဉ်ကျေးမှု အင်အားစုသည်လည်း ပါဝင်ပေသည်။

ကျွန်တော်တို့နိုင်ငံ၌ အလှအပကို ချစ်သောသူများ၊ ဆန်းသစ်ဖန်တီးလိုသူများ ရှိကြသည်။ သို့သော် အလှအပ၊ ချစ်ခွင့်၊ ဆန်းသစ်ဖန်တီးခွင့် မရကြ။ စာပေအနုပညာနှင့်
mgyoe.com

mgyoe.com

ပတ်သက်သော သဘောတရားရေးရာ၊ ဝေဖန်ရေးရာ စာအုပ်များမှာ ရှားပါး၍ မိမိဘာသာ ပင်လျှင် ကြိုးစားအားထုတ်ကြရသည်။

ယဉ်ကျေးမှုဆိုသည်ကား ပြုစုပျိုးထောင်၍ လေ့ကျင့်ယူရသော ပညာရပ် ဖြစ်သည်။ သီချင်းကြီးတစ်ပုဒ်ကို နားလည်ရန်အတွက် သီချင်းကြီးများစွာကို နားထောင်ကာ ပျိုးထောင်ပေးရသည်။ ပန်းချီကားတစ်ချပ်ကို နားလည်ရန်အတွက် ပန်းချီကားများစွာကို ငေးမောကြည့်ရှုကာ ပျိုးထောင်ပေးရသည်။ ပျို့၊ ကဗျာ၊ လင်္ကာလည်း ထိုနည်းအတူပင် ဖြစ်သည်။ အကသဘင်လည်း ထိုနည်းအတူပင် ဖြစ်သည်။

ယင်းသို့ဆိုသဖြင့် ယဉ်ကျေးမှု ပညာရပ်များသည် ခက်ခဲနက်နဲသည်ဟု အဓိပ္ပာယ် ကောက်ရန် မဟုတ်ပေ။

မခက်ခဲ မနက်နဲပါ။

တေးသီချင်း နားထောင်ချင်သည်။ အိမ်၌ အသံဖမ်းစက်၊ သို့မဟုတ် ဓာတ်စက် မရှိပါ။ စန္ဒရားတီးတတ်ချင်သည်။ အိမ်၌ စန္ဒရားဟူသော တူရိယာမရှိပါ။ ပန်းချီ ရေးချင်သည်။ အိမ်၌ ဆီဆေးဘူးနှင့် စုတ်တံမရှိပါ။ ယင်းတို့သည်ကား အခွင့်အလမ်း မရှိခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် အခွင့်အရေးမရှိခြင်းပင် ဖြစ်သည်။ ပညာရပ်က ခက်ခဲခြင်း၊ နက်နဲခြင်း မဟုတ်ပါ။ ပညာရပ်ကို လေ့လာဆည်းပူးရန်၊ လေ့ကျင့်ပျိုးထောင် ရန် အခြေအနေက ခက်ခဲနက်နဲခြင်းသာ ဖြစ်ပေသည်။

ယင်းသို့သော အခွင့်အရေးသဘောသည် အမျိုးသားလွတ်လပ်ရေးသဘောဖြစ် သည်။ တစ်နည်းဆိုရလျှင် ဒီမိုကရေစီသဘော ဖြစ်သည်။ ပြည်သူတို့က မိမိတို့၏အင်အား ကို လွတ်လပ်စွာ ရှင်သန်ဖွံ့ဖြိုးအောင်လုပ်နိုင်သည့် အခွင့်အရေးသဘောပင် ဖြစ်သည်။

ထို့ကြောင့်ပင်လျှင် ပြည်သူ့အာဏာခေတ်ကို ဦးတည်ခဲ့သော ကျွန်တော်တို့၏ နိုင်ငံရေးခေါင်းဆောင်မှုက လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးဟူသော သမ္မာ ကို လမ်းစဉ်ချခဲ့သည်မဟုတ်လော။

(၂)

အမျိုးသား အင်အားကို ထူထောင်ကြရာ၌ ပြည်သူ့ဘက်မှလည်း တစ်ယောက် တစ်လက် ပါဝင်ကြရပေမည်။

ယခု ပေါ်သစ်၏စာအုပ်သည် ယဉ်ကျေးမှုစွမ်းအားစုကို ထူထောင်ရာ၌ အားထုတ်မှုတစ်ခုဖြစ်သည်ဟု ယုံကြည်မိပေသည်။

mgyoe.com

mgyoe.com

ဝတ္ထု၊ ကဗျာများ ထွက်နေရုံနှင့် မပြီး။ စာပေရေးရာ သဘောတရား ရှင်းလင်းချက်များ ထုတ်ဝေခြင်းဖြင့်လည်း စာဖတ်ပရိသတ်အား စာပေအနုပညာသဘာဝကို နားလည်အောင် ပျိုးထောင်ပြုစုပေးရပေမည်။ ထို့အတူ ပန်းချီပြခန်းများ ဖွင့်လှစ်ပေးရုံနှင့်မပြီး။ ပန်းချီပရိသတ်အား ပန်းချီအနုပညာကို ခံစားစေရန် သဘောတရားများကိုလည်း ဖြန့်ဝေပေးရပေမည်။

ပန်းချီကားများ ပေါ်ထွက်လာရုံနှင့် မပြီး။ ပန်းချီအလှခံစားသော ပရိသတ်ကျယ်ဝန်းလာဖို့လည်း လိုသည်။ အနုပညာနှင့် အနုပညာခံစားမှု ပရိသတ်၊ တစ်နည်းဆိုရလျှင် ယဉ်ကျေးမှုနှင့် ပြည်သူသည် ရေမြင့်မှ ကြာတင့်ပေမည်။

ကျွန်တော်တို့ အနောက်နိုင်ငံသို့လည်ပတ်စဉ်က ဘဲလေးဟုခေါ်သော အကဇာတ်များ ကြည့်ရသည်။ မကြည့်ရခင် ယင်းအကဇာတ်၏ ဇာတ်လမ်းဇာတ်ကွက်နှင့်တကွ အကဇာတ်ရေးသူ ဇာတ်ဆရာ၊ ပါဝင်ကပြသူ မင်းသမီး၊ မင်းသား၊ အကဇာတ် အဓိပ္ပာယ်စသော အစီအစဉ်စာအုပ်ကို ကြိုတင်ဖတ်ရှုထားရသည်။ ကျွန်တော်တို့လို ဧည့်သည်များသာ မဟုတ်။ သူတို့ ပြည်တွင်းပရိသတ်များကလည်း ယင်းစာအုပ်ကို ဖတ်ကြသည်။ ကျွန်တော်တို့နှင့် အတူပါသော စကားပြန်များကလည်း စာအုပ်ကိုဖတ်၍ ကျွန်တော်တို့အား ရှင်းပြရသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ မေးမြန်းသော မေးခွန်းကိုပင် ပြေလည်အောင် မဖြေတတ်။ ယင်းသို့သော အနုပညာလမ်းညွှန်စာအုပ်များ ဖတ်ရှုပြီး တဖြည်းဖြည်း အကဇာတ်ကို နားလည်စပြုလာသည်။ အခြားသော အကဇာတ်အကြောင်း ရှင်းလင်းဖော်ပြသည့် စာအုပ်စာတမ်းများ ဖတ်ရှုပြီး ကြည့်ရင်းကြည့်ရင်းနှင့် အရသာတွေ့လာသည်။ ယင်းသို့လျှင် စာအုပ်စာတမ်း အကူအညီဖြင့် အနုပညာခံစားမှုကို ပြုစုပျိုးထောင်ပေးကာစိတ်၌ ယဉ်ကျေးလာရပေသည်။

ကျွန်တော်တို့သည် အင်္ဂလိပ်လက်အောက်၌ နှစ်ပေါင်း ၆၀ ခန့် နေခဲ့ကြရာ အနောက်နိုင်ငံ ယဉ်ကျေးမှုသြဇာ အနည်းနှင့်အများဆိုသလို သက်ရောက်ခဲ့သည်။ ကမ္ဘာ့ရာဇဝင်ကို အင်္ဂလိပ်ဘာသာမှတစ်ဆင့် သိခဲ့ကြရသည်။

ယဉ်ကျေးမှုရေးရာ၊ အထူးသဖြင့် ပန်းချီ အနုပညာရေးရာ၌ အနောက်သြဇာသည် သက်ရောက်သည်။ ယနေ့ မြန်မာပန်းချီမှာ မြို့နေပန်းချီဆရာများမှတစ်ဆင့် ပြန့်ပွားလာခဲ့ရသဖြင့် ယင်းသို့ ဖြစ်ဟန်တူပေသည်။

ယင်းသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံသို့ အရင်းရှင်နယ်ချဲ့စနစ် ရောက်လာခြင်းကြောင့် ဖြစ်ပေသည်။

mgyoe.com

mgyoe.com

အမျိုးသား လွတ်လပ်ရေးအင်အားကို ခိုင်မာအောင်လုပ်ရာ၌ နယ်ချဲ့ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဆိုရှယ်လစ်ရေး စသည်အားဖြင့် ဆက်စပ်ကာ ဦးတည်လှုပ်ရှားသွားကြရပေမည်။ ဤကွင်းများပြတ်လျှင် အမျိုးသားအင်အား တည်ဆောက်ရေးမှာ ပျက်ပြားယုတ်လျော့သွားမည်သာ ဖြစ်ပေသည်။ ပြည်သူ့အာဏာစက်နှင့်လည်း ဝေး၍ ဝေး၍သာ သွားမည်ဖြစ်ပေသည်။

ကျွန်တော်တို့သည် အနောက်တိုင်း ပန်းချီကိုသာမက အရှေ့တိုင်း ပန်းချီတို့ကိုလည်း လေ့လာသင့်ပေသည်။ အထူးသဖြင့် အိမ်နီးနားချင်း နိုင်ငံများ၏ ပန်းချီတို့ကို လေ့လာသင့်ပေသည်။ အရှေ့၊ အနောက် ခွဲခြားဖော်ပြရာ၌ အရှေ့နှင့်အနောက် ပန်းချီပညာမှုမှာ အနုပညာပုံသဏ္ဌာန်တို့တွင် မတူကြသောကြောင့် ဖြစ်ပေသည်။ ကျွန်တော်တို့၏ ရိုးရာပန်းချီမှာ အရှေ့တိုင်းအမျိုးအနွယ် ဖြစ်ပေသည်။

အနောက်တိုင်း ပန်းချီနည်းနာများကို မသုံးရဟု မဆိုလိုပေ။ အနောက်တိုင်းနည်းနာသည် တစ်ကမ္ဘာလုံး ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရသည်။ သို့သော် မိမိတို့၏ အမျိုးသားအနုပညာ ပုံသဏ္ဌာန်ကိုလည်း ထိန်းသိမ်းထားရပေမည်။ အမျိုးသားပုံသဏ္ဌာန်ပေါ်မှာ အခြေခံလျက် ပြည်သူ့လိုအပ်ချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ကြရန် ဖြစ်ပေသည်။

အနောက်တိုင်း အရင်းရှင်အနုပညာ သဘောတရားရေးဆရာများက ကမ္ဘာသုံးဝါဒဟူ၍ အရင်းရှင်နယ်ချဲ့ ယဉ်ကျေးမှုဝါဒတို့ကို သွတ်သွင်းလေ့ရှိကြသည်။ ယင်းကို သတိပြုအပ်ပေသည်။

ယနေ့ခေတ်သစ်သည် ကျယ်ပြန့်လျက်ရှိသည်။ ကျဉ်းမြောင်းသော လူမျိုးရေးဘောင်အတွင်း၌သာလျှင် ကုတ်ကတ်ကာ တသီးတခြား နေရန်မဟုတ်ပေ။ ယဉ်ကျေးမှုရေးရာ၌ ကူးလူးဆက်ဆံမှုကြောင့် အပြန်အလှန် ဩဇာသက်ရောက်ခြင်းများ ရှိနိုင်သည်။ ယနေ့ ခေတ်သစ်ပန်းချီ၌ အရှေ့တိုင်းနည်းနာပင် ဝင်ရောက်ဩဇာသက်ဝင်လျက် ရှိသည်ကို တွေ့ရပေသည်။ (ကောက်ကြောင်းသဘောများ ကဲလာခြင်း၊ မျက်မြင် အကွာအဝေးသဘောမဲ့လာခြင်း)။

ယနေ့ မြန်မာပန်းချီလောက၌ အမျိုးသားအနုပညာပုံသဏ္ဌာန် ပြန်လည်ဆန်းသစ်ရေး၊ ရှာဖွေရေး၊ အကြောင်းအရာ ရွေးချယ်ရေးတို့သည် ပြဿနာများ ဖြစ်ပေသည်။ အမျိုးသားအနုပညာ ပုံသဏ္ဌာန်ကို မည်သည့်နေရာ၌ လေ့လာရမည်နည်း။ အင်ဗိုင်းခန်းမ ပန်းချီပန်းပုပြပွဲတို့၌လော၊ မဂ္ဂဇင်းစာအုပ်များ၌လော၊ မြို့ပြ၌လော၊ တောကျေးလက်၌လော၊ ဘုရားပုထိုး ကျောင်းသင်္ခမ်းတို့၌လော၊ ဘုန်းကြီးပျံ၌လော၊

mgyoe.com

mgyoe.com


တောဘုရားပွဲဌ်လော။

ဆီဆေးမင်ဘူးဖြင့်လော၊ ဟသံပဒါး၊ မြေနီမြေဝါ၊ မဲနယ်၊ ဒုတ္တာတို့ဖြင့်လော။ ဧည့်ခန်းဆောင် လှပရေးအတွက်လော၊ လူထုလူပ်ရှားမှု လှုံ့ဆော်ရေးအတွက်လော။

လူတန်းစားတိုက်ပွဲ ရှိနေသကဲ့သို့ပင် ဤပဋိပက္ခများသည် ရှိနေပေသည်။ ယင်း ပဋိပက္ခများ၏ ညီညွတ်ရေးသည် ပန်းချီသစ်တစ်ရပ် ဖြစ်ပေသည်။ ယနေ့နိုင်ငံရေး ပြဿနာသည် ယနေ့အနုပညာ ပြဿနာ ဖြစ်ပေသည်။

(၃)

ယခု ပေါ်သစ်၏ "အလှရှာတော်ပုံ" စာအုပ်သည် ယနေ့ ပန်းချီအနုပညာ ပြဿနာများကို ကြည့်မြင်ရာ၌ အထောက်အကူပြုသော ပညာရေးစာအုပ် ဖြစ်ပေသည်။

အနုပညာ သဘောရေးရာနှင့် ကမ္ဘာ့ပန်းချီရာဇဝင်ကို နောက်ကားခံကာ မြန်မာ ပန်းချီရာဇဝင်ချုပ်နှင့် ယနေ့ပန်းချီပညာ ပြဿနာများကို ပြည့်စုံစွာ ဖော်ပြထားပေရာ ပန်းချီအနုပညာ အကဲဖြတ်သူများ၏ လက်စွဲဖြစ်သင့်ပေသည်။ ယဥ်ကျေးမှုအင်အား ဖြည့်တင်းရေး၌ ပြည်သူ့ဘက်မှ အားတစ်အား ဖြစ်စေသတည်း။

(ပေါ်သစ်၏ စာအုပ်အမှာ၊ ၁၉-၆-၆၇)

❒

mgyoe.com

mgyoe.com

# (၄) ရုပ်ရှင်နှင့် ပြဇာတ် ဝေဖန်ရေး

## ၁။ ဝက်ပါနှင့် မဟာမြိုင်မှ ဖလင်ကော်ပြား

## ဆန္ဒင်းမကင်းပေါ်မှ ဝေဖန်ချက်

တစ်ခါလာ ပေါင်တံကို ကားနိုင်သမျှကား ခုန်ပျံနေသော အက၊ ဇာတ်လမ်းကို အကွက်ဆင်ကာ ရှုပ်ထွေးအောင် သယ်ယူလာပြီး နောက်ဆုံး လူသတ်မှုဖြင့် အဆုံးသတ်သော စုံထောက်ခန်း၊ မနာလိုစိတ်ဖြင့်မွှန်ထူကာ သေနတ်ဖြင့် ပစ်သတ်သော ယုတ်ညံ့သော အချစ်ဇာတ်လမ်း စသော အမေရိကန်၏ ဖောက်ပြန်သော ယဉ်ကျေးမှုတို့ တင်ဆောင်ရာ၊ ရာဇဝတ်မှုကို အားပေးရာ၊ စစ်ဖြစ်ရေးကို လှုံ့ဆော်ရာ အမေရိကန် ဟောလိဝုဒ်ကားများကို ငြီးငွေ့စိတ်ပျက်နေခိုက် ဝက်ပါနှင့် မဟာမြိုင်တွင်ပြသော မြန်မာရုပ်ရှင်ကားများကို ကြည့်ခွင့်ရခဲ့ပေသည်။

**နိုင်လွန် ကန့်လန့်ကာထဲမှ အရင်းရှင် အမေရိကန် ရုပ်ရှင်ကားများ၏ စိတ်ပျက်စရာကောင်းသော ဝါဒဖြန့်ချိရေးများကို ရှောင်ဖယ်ကာ အမျိုးသား ရုပ်ရှင်များကိုသာ ကြည်နူး ခံစားချင်နေ၏။**

ဝက်ပါတွင် ရုပ်ရှင်ကားပြပြီးသောအခါ ပြဇာတ်နှင့် ရုပ်ရှင်အမျိုးသား အကြံပေး အဖွဲ့ဝင်များသည် ကော်ဖီနှင့် ဆန္ဒင်းမကင်းကို စားသောက်ရင်း ဝေဖန်ကြ၏။ ရုပ်ရှင် ဒါရိုက်တာနှင့် ဇာတ်ကားထုတ်သူ ကုမ္ပဏီပိုင်ရှင်များကလည်း ဖြေကြားခြင်းပြုကြ၏။ တစ်ခါတစ်ရံ သူတို့မပါ။

အတွင်းရေးမှူး ရွှေညာမောင်က ဖိုင်တွဲကြီးကို ပိုက်ကာ “ကဲ… အခုကြည့်ခဲ့တဲ့ ကားနဲ့ ပတ်သက်ပြီး ပြောစရာရှိတာပြောကြပါ” ဟု ကြေညာ၏။

ဝက်ပါခြံရှိ စိန်ပန်းပင် အရွက်ကြိုအရွက်ကြားမှ ထိုးရိုက်ကာ တရုတ်ကတ်

mgyoe.com

တံခါးမှ ဝင်လာသောနေရောင်သည် စားပွဲပေါ်တွင် ဝက်ပါကွက် ထင်နေ၏။

လေတိုက်သည့်အခါ ပန်းကန်ပြားထက်မှ ဆန္ဒင်းမကင်းတို့သည် ရွေ့လျားနေသည်ဟု ထင်ရ၏။ အမျိုးသမီးများ၏ယဉ်ကျေးမှုဘက်မှ ဣန္ဒြေသိက္ခာနှင့် ပတ်သက်သော အချက်အလက်ကို ဒေါ်ခင်မျိုးဆက်က ပြောတတ်၏။ ဒါရိုက်တာ ဦးဘသင်ကမူ ကား အခန်းထဲဝင်သွားစဉ်က လုံချည်အကွက် ထွက်လာတော့ အစင်း စသော ဇာတ်ညွှန်းမှတ်စုဘက်မှ ထောက်ပြ၏။ မြန်မာ့ရုပ်ရှင် ဦးမောင်မောင်က ကားအကူးအဆက်ကြောင့် ဇာတ်လမ်းတွင် အဘယ်ပုံ အယူအဆဖြစ်လာသည်ဟူသော ညွှန်ကြားပြသမှုကို ဝေဖန်၏၊

ဦးချန်ထွန်းကား စားပွဲထိပ်မှနေ၍ ငြိမ်သက်စွာ နားထောင်နေ၏။ တစ်ခါတစ်ခါ မရှင်းသည့်အခါ "ဘယ်လို...ဘယ်လို" ဟု မေးတတ်၏။ တစ်ယောက်တည်း ဒေါသကြီးနေသော ဦးမောင်မောင်၏ စကားသံသည် ပွဲတင်ဟပ်လျက် ရှိသည်။

ရွှေညာမောင်သည် "ဒီပြင် ဘာပြောစရာရှိပါသေးသလဲ" ဟု ဆိုကာ ကျွန်တော်တို့ဘက်သို့ လှည့်သည်။

ကျွန်တော်ကမူကား ရုပ်ရှင်အနုပညာဘက်မှ အဘယ်မျှသော အဆင့်အတန်းတွင် ရှိနေသလဲဆိုတာကို တွေးနေ၏။ ရုပ်ရှင်လောကကို အနုပညာရပ်က ဖန်တီးနေသလား၊ သို့မဟုတ် ကုန်သည်ဌာနက ခြယ်လှယ်နေသလားဟု စဉ်းစားမိ၏။

ရုပ်ရှင်ကားများသည် အမျိုးသားယဉ်ကျေးမှုကို အဘယ်မျှ စောင့်ထိန်းသည်၊ လူ့လောက၏ သဘာဝကို သရုပ်ဖော်ရာ၌ အဘယ်ပုံ လှပဆန်းသစ်စွာ ဖော်သည်ဟူသော အနုပညာရေးကိုလည်းကောင်း၊ ပြည်သူလူထုအား အကျိုးရှိစေသည်၊ အကျိုးယုတ်စေသည် စသော လူထုအရေးကိုလည်းကောင်း ရှေးရှုကာ ဝေဖန်ကြရပေမည်။ အကြံဉာဏ် ပေးကြရပေမည်။

## ဆရာ

ဒါရိုက်တာ ဦးအောင်ဖေ၏ "ဆရာ" ဇာတ်ကားမှ ဝတ္ထုဇာတ်လမ်းနှင့် ပတ်သက်၍ နှစ်သက်သောအချက်များ တွေ့ရှိရ၏။ ကျွန်တော့်မှာ စာရေးဆရာအသင်း၏ ကိုယ်စားလှယ်၊ စာပေဘက်မှဖြစ်၍ ဝတ္ထုဇာတ်လမ်းနှင့် စပ်လျဉ်းသော အချက်များကိုသာ ပြောခဲ့၏။ ဓာတ်ပုံအယူအဆ၊ ကားအချိတ်အဆက် စသော ရုပ်ရှင်ဖလင် ကော်ပြား၏ ဓာတုဗေဒနှင့် စက်မှုပညာကို မသိပေ။

ရိုးသား၍ အေးစက်စက် ကျောင်းဆရာ၏ အမူအရာကို ဇေယျာက ပြသည်မှာ

mgyme.com